ဘဒ္ဒန္တ တိလောကာသာရ
(ရဝေထွန်း)

မြွတ်မင်္ဂလာ

# ဘာသာရေး ပြဿနာများ

ဘဒ္ဒန္တ တိလောကသာရ
(ရဝေထွန်း)

မြတ်မင်္ဂလာ

# ဘာသာရေး ပြဿနာများ

မင်္ဂလာရောင်ခြည်စာပေဖြန့်ချိရေး
အမှတ်၊ ၁၉၄၊ ၃၃လမ်း၊ ရန်ကုန်မြို့။
ဖုန်း ၇၆၀၂၁

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် ၃၅၀/၉
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၅၈၈/၉၂(၄)

ပုံနှိပ်ခြင်း
ပထမအကြိမ်
၁၉၉၂-ခုနှစ်၊ ဧပြီလ
အုပ်ရေ ............ ၁၅၀၀
တန်ဖိုး ............ ၃၃-ကျပ်

မျက်နှာဖုံးပန်းချီ...........သိန်းရွှေကြည်

၂၉၄.၃၅
တာလ
၂၀၄၇၁
၀၉-၃
ကော်-[illegible]

**ထုတ်ဝေသူ**
ဦးအောင်ကြီး
ရွှေပုရပိုက်စာပေ
၅၊ တင့်ဆန်းလမ်း၊ ဥတ္တလစ်၊ ဗဟန်း၊ ရန်ကုန်။

**ပုံနှိပ်သူ** (အတွင်း+အဖုံး)
ဦးဝင်းမောင်(၀၄၄၄၄)
ဝင်းဝင်းမြတ် အော့ဖ်ဆက်
၈၈၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်း၊ ရန်ကုန်။
ဖုန်း-၅၀၉၂၇

**တစ်**
ရွှေမင်းသမီး ကွန်ပျူတာ
၉(အီး)၊ သလ္လာဝတီလမ်း၊၊ ၇မိုင်၊ ရန်ကုန်။
ဖုန်း- ၆၄၁၆၂။

| မေးခွန်းအမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဆရာတော် ဘဒ္ဒန္တ တိလောကသာရ (ရဝေထွန်း) | ၉ |
| | အမှာစကား | ၁၂ |


## ဘုရားကဏ္ဍ


| | | |
|---|---|---|
| ၅။ | ဗောဓိကိုင်းကို ချိုးမိခြင်း | ၂၁ |
| ၁၉။ | ဘုရားကိုးကွယ်ခြင်း | ၃၉ |
| ၂၀။ | ဘုရားပြစ်မှားသူ မာရ်နတ် မြေမျို မမျို | ၄၀ |
| ၂၇။ | ဘုရားလောင်းနှင့် အဟိတ်တိရစ္ဆာန်ဘဝ | ၅၀ |
| ၃၈။ | လာဘမုန်နှင့် ဝိသုဒ္ဓိ ၇–ပါး | ၆၃ |
| ၅၀။ | ဗောဓိညောင်နှင့် အနေကဇာတင်မှု | ၈၁ |
| ၅၁။ | ဗျာဒိတ်တော်နှင့် ပစ္စေကဗုဒ္ဓါတို့ ပါရမီ | ၈၄ |
| ၅၃။ | သင်းကျစ်တော်များ၏ ဦးခေါင်းတော်ရှိ အချွန်ပုံ | ၈၇ |
| ၅၄။ | မတ်တတ်ရပ်ပွားတော် | ၈၈ |
| ၅၇။ | လက်ဝဲတော်ရတနာ ဌာပနာသွင်းခြင်း | ၉၂ |
| ၅၉။ | ဆံတော်လက်နှစ်သစ် | ၉၅ |
| ၆၅။ | အရိမေတ္တေယျ ဘုရားလောင်း | ၁၀၀ |
| ၇၅။ | ရဟန္တာ နတ်ပြဟ္မာတို့နှင့် ဒုက္ကရစရိယာ | ၁၁၁ |
| ၇၆။ | လေးအသင်္ချေနှင့် ကမ္ဘာဟစ်သိန်း | ၁၁၃ |
| ၈၂။ | ဘုရားနှင့် တံခွန် ကုက္ကား စသည်များ | ၁၂၀ |
| ၁၀၃။ | ဘုရားခန်းနှင့် အောက်ထပ် | ၁၄၂ |
| ၁၀၄။ | အဇာတသတ်နှင့် ပစ္စေကဗုဒ္ဓါဆု | ၁၄၃ |

မေးခွန်းအမှတ်          အကြောင်းအရာ

၁၀၉။ ရှေးဘုရားတို့၏ ဓာတ်တော်များ
၁၁၃။ ရွှေတိဂုံနှင့် ဘုရားလေးဆူ ဓာတ်တော်

**တရားကဏ္ဍ**

၆။ သတ္တဝါနှင့် ခန္ဓာ
၁၃။ အဘိဓမ္မာ(၇)ကျမ်း ဟောရက်များ
၄၆။ ကောင်းမှုကုသိုလ်နှင့် ဆုတောင်း
၆၀။ ဂုဏ်တော်အဆုံး တိ စာလုံး
၈၀။ အမျိုးသမီးများနှင့် နိဗ္ဗာန်တရား
၈၅။ အဓမ္မ ရာဂ စသည်
၈၈။ မန်ကျည်းစေ့ ကမ္မဝါစာ
၈၉။ သရဏဂုံ ကိစ္စ
၉၁။ အသက်၊ သိက္ခာ၊ ဝါကြီးသူတို့အား ရှိခိုးခြင်း
၉၆။ မိကျောင်း လျှာမရှိ
၉၉။ ဈာန် အဘိညာဉ်
၁၀၇။ အိပ်မက်

**သံဃာကဏ္ဍ**

၃။ အကပ်ခံမှု ကိစ္စ
၄။ ရဟန်းတော်များ အိမ်မှာ တည်းခိုမှု
၁၂။ ပါရာဇိက ကျခြင်းဟူသည်
၂၂။ အရှင်အာနန္ဒာ အရှင် ဥပဂုတ်နှင့် ဗုဒ္ဓ၏ခေတ်
၂၆။ အဘိဝံသဘွဲ့
၄၇။ ဘိက္ခုနီ သာသနာ

| မေးခွန်းအမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၅၅။ ယသောဓရာထေရီနှင့် သားတော် ရာဟုလာ မထေရ် ၈၉

၅၆။ သိက္ခာထပ်ခြင်း ၉၀

၆၁။ ဘွဲ့အမည်တော်များ ၉၆

၆၄။ ရွှေစင်တစ်မတ် ငွေငါးကျပ် ၉၉

၆၇။ သုဘဒ္ဒ ပရိဗိုဇ် ၁၀၂

၆၈။ ထန်းလျက် ၁၀၃

၆၉။ ရဟန္တာ ဓာတ်တော် ၁၀၃

၇၂။ ဒုလ္လဘရဟန်း ခံလျှင် ၁၀၇

၇၄။ သံဃိကကျောင်း ရေစက်ချရာ၌ ၁၀၉

၈၁။ ရဟန်းတော်များနှင့် နိဿဂ္ဂိပစ္စည်းအလှူ ၁၁၉

၈၆။ သိမ်မြေတွင်း၌ တန်ဆောင်းဆောက်သင့် မဆောက်သင့် ၁၂၅

၉၄။ ရှင်ရာဟုလာ ၁၃၄

၁၀၀။ အရှင်မောဂ္ဂလိပုတ္တနှင့် အရှင်နာဂသိန် ၁၃၉

၁၀၆။ စံပယ်လေးရုံကဗျာနှင့် သက်န်းပုံစံ ၁၄၆

၁၁၄။ ဗုဒ္ဓပမုခ သံဃိကဒါန ၁၅၃


## သီလရှင်ကဏ္ဍ


၁၀။ ဆရာကြီး ဆရာလေး ၂၇

၁၁။ ဘိက္ခုနီနှင့် သီလရှင် အဝတ်အဆင် ၂၉

၇၉။ သီလရှင်ဝတ်ခြင်း ၁၁၆


## ဒါနကဏ္ဍ


၁။ နဝကမ္မဝတ္ထု ၁၅

၃၆။ အလှူဒါန မှုကိစ္စ ၅၉

| မေးခွန်းအမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၄၃။ | ဆွမ်းလှူဒါန်းမှုကိစ္စ စသည် | ၇၀ |
| ၁၁၁။ | အမျှပေးဝေချိန် | ၁၅၁ |

## သီလကဏ္ဍ

| | | |
|---|---|---|
| ၁၅။ | တစ်ထိုင်ဥပုသ် | ၃၃ |
| ၄၁။ | လူ့ဝတ်ကြောင်နှင့် ဆယ်ပါးသီလ | ၆၇ |
| ၄၂။ | ဥပုသ်သည် ကျင့်ဝတ် | ၆၉ |
| ၄၄။ | ငါးပါးသီလ | ၇၂ |
| ၇၇။ | ဥပုသ်ထွက်ခြင်း | ၁၁၅ |
| ၉၃။ | ငါးပါး သီလနှင့် နေလွဲညစာ စသည် | ၁၃၄ |
| ၁၁၁။ | သီလအကြောင်း | ၁၄၀ |
| ၁၁၀။ | နေလွဲညစာ စားမှုကိစ္စ | ၁၅၀ |

## ဘာဝနာကဏ္ဍ

| | | |
|---|---|---|
| ၇။ | ထွက်ရပ်ပေါက်ပုဂ္ဂိုလ် | ၂၂ |
| ၁၇။ | ဥပုသ်စောင့်နှင့် အလှူပေး၊ ပုတီးစိပ်နှင့် တရားထိုင် | ၃၇ |
| ၃၁။ | ပဋ္ဌာန်းနှင့် ပုတီးစိပ် | ၅၄ |
| ၆၃။ | သရဏဂုံနှင့် အားထုတ်ကြိုးစားခြင်း | ၉၈ |

## ဂါထာပရိတ်ကဏ္ဍ

| | | |
|---|---|---|
| ၂။ | တရဏအချီ | ၁၆ |
| ၁၄။ | "ဥုံ မဏိ ပဒ္မေဟုံ" မည်သည့်အသံ ထွက်ရမည်နည်း | ၃၂ |
| ၁၈။ | ဥဒါန်း ၃-ဂါထာနှင့် သတ္တသတ္တာဟ ဆွမ်းကိစ္စ | ၃၈ |
| ၃၃။ | သမ္ဗုဒ္ဓေဂါထာလာ ဘုရားပေါင်း | ၅၆ |
| ၃၄။ | "အဋ္ဌာနမေတဲ့"ပါဠိတော်မှ | ၅၇ |

| မေးခွန်းအမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၃၇။ သမ္ဗုဒ္ဓေဂါထာနှင့် ပရိတ်တော်များ ၆၁

၄၀။ ကမ္မဝါဖတ်ခြင်းဆိုင်ရာ ၆၆

၇၃။ စကြ္ဍ ၅–ပါးနှင့် ဘုရားပင့် ၁၀၈

၈၃။ မြန်မာ သီဟိုဠ်(သီရိလင်္ကာ)မှ သမ္ဗုဒ္ဓေ နှစ်မျိုး ၁၂၁

၉၀။ ပရိမိတ္တဇာလသုတ် ၁၃၀

၉၅။ "ဇိနံ ဝန္ဒထ" ဂါထာတော် ၁၃၄

၁၀၈။ ဥဏှိသ္သာလုံမွေးရှင်တော် ဂါထာ ၁၄၉


## နတ်ကဏ္ဍ


၈။ ဘုမ္မစိုးနတ် ၂၅

၁၆။ နတ်သိကြားတို့နှင့် အဆင်တန်ဆာ ၃၅

၂၅။ ရက္ခစိုး ၄၇

၃၉။ ဗုဒ္ဓဘာသာနှင့် ရိုးရာနတ် ၆၄

၇၈။ ယမမင်းလက်နက် ၁၁၅

၈၄။ သူရဿတီ တကယ်ရှိ မရှိ ၁၂၂

၁၀၂။ ကိုယ်စောင့်နတ်နှင့် သာဝကဆုရှင်များ ၁၄၀


## လူမှုရေးကဏ္ဍ


၂၃။ လူခြောက် ၄၄

၂၈။ ပဉ္စာနန္တရိယကံနှင့် ဘာသာပြောင်းခြင်း ၅၁

၂၉။ ဆွမ်းတော်ပွဲ စားကောင်း မစားကောင်း ၅၂

၃၀။ မုန့်တစ်ပေါက် စသော ဝေါဟာရ အထူးများ ၅၃

၃၂။ နိဗ္ဗာန်ယာဉ် ၅၄

၃၅။ ကျောင်းပရိဝုဏ်အတွင်း ဖိနပ်စီးကောင်း မစီးကောင်း ၅၈

| မေးခွန်းအမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၈။ | ဘုရားထားရာ ခေါင်းပြုရာ အရပ်မျက်နှာ | ၇၈ |
| ၅၂။ | ကာမေသုမိစ္ဆာစာရနှင့် ဒု သ န သော | ၈၅ |
| ၅၈။ | ပ၀ါတင်ခြင်းနှင့် ဆန်ပန်းပေါက်ပေါက် | ၉၄ |
| ၇၀။ | ကုသိုလ်ဖြစ်ရန် လိမ်လည်လှည့်စားခြင်း | ၁၀၅ |
| ၇၁။ | ဈာန်တရား | ၁၀၇ |
| ၈၇။ | သရဏဂုံကန်တော့ပွဲနှင့် ဆံပင်ဖြန့်ခင်း ပူဇော်ခြင်း | ၁၂၆ |
| ၉၇။ | မနသိကာရပ်တု | ၁၃၆ |
| ၉၈။ | ငရဲနှင့်ဝဋ် | ၁၃၇ |
| ၁၀၅။ | အိပ်စက်ခြင်း | ၁၄၅ |
| ၁၁၂။ | သောတာပန်နှင့် အရက် | ၁၅၂ |
| ၁၁၅။ | ငရဲခန်းစကားနှင့် အနန္တငါးပါး | ၁၅၄ |
| ၁၁၆။ | မာယာ သာဌေယျ ဝဋ္ဋနှာ | ၁၅၅ |

**တမလွန်ကဏ္ဍ**

| | | |
|---|---|---|
| ၂၄။ | ကံ ကမ္မနိမိတ် ဂတိနိမိတ် | ၄၆ |
| ၄၉။ | ဝိညာဉ်လောက ဟူသော အယူ | ၇၉ |
| ၆၂။ | အမျှဝေခြင်း | ၉၇ |
| ၆၆။ | ငရဲပြည်ကို တွေ့မြင်ခြင်း | ၁၀၁ |
| ၉၂။ | တစ္ဆေခြောက်ခြင်း | ၁၃၂ |

**အထွေထွေကဏ္ဍ**

| | | |
|---|---|---|
| ၉။ | သာသနာပြုသည် ဟူသည်မှာ | ၂၆ |
| ၂၁။ | ရွှေပေလွှာ | ၄၂ |
| ၄၅။ | တိရစ္ဆာန်နှင့် လူ့ဘာသာစကား | ၇၃ |



နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်
ဆရာတော် ဘဒ္ဒန္တ တိလောကသာရ (ရဝေထွန်း)
ဝိနိစ္ဆယ ဆုံးဖြတ်ချက် ဖတ်ကြားနေပုံ

## ဆရာတော် ဘဒ္ဒန္တ တိလောကသာရ

ဆရာတော် ဘဒ္ဒန္တ တိလောကသာရသည် ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ ရွာမကြီးရွာ ဇာတိ ဖြစ်သည်။ ခမည်းတော် ဦးစံဖေ၊ မယ်တော် ဒေါ်မေတို့၏ သားရတနာ ဖြစ်သည်။ ၁၂၈၆–ခု၊ ဝါဆိုလဆန်း ၁၂– ရက်၊ (၁၂–၇–၁၉၂၄) စနေနေ့တွင် ဖွားမြင်သည်။ ၄–တန်းအောင်ပြီးနောက် ရှင်သာမဏေ အဖြစ်သို့ ကူးပြောင်းသည်။ ထို့နောက် ရဟန်းပြုသည်။ ဘွဲ့တော်မှာ အရှင် တိလောကသာရ ဖြစ်သည်။

ရွာမကြီးရွာ ရွှေစာရံ ဆရာတော်ထံတွင် အခြေခံစာများကို သင်ကြားပြီးနောက် မင်းလှမြို့ စံကျောင်းတိုက်၊ ရန်ကုန်မြို့ ခြောက်

ထပ်ကြီး ဘုရားကြီး ကျောင်းတိုက်၊ ကြည့်မြင်တိုင် ဗားကရာ ကျောင်းတိုက်၊ တောင်ကြီးမြို့ သိမ်တော်ကျောင်းတိုက် စသည်တို့၌ ပိဋကတ်တော်များကို သင်ယူ၍ အခြေခံ စာမေးပွဲများကို ဖြေကြား အောင်မြင်တော်မူခဲ့သည်။ ထို့နောက် တောင်ကြီးမြို့၊ ရန်ကုန်မြို့ တို့၌ စာသင်သားတို့အား စာပေများ ပို့ချခဲ့သည်။ ၁၃၄၆-ခုတွင် မလှိုင်မြို့၊ မြို့သစ် ကျောင်းတိုက်ကို လက်ခံတော်မူ၍ ရဟန်း သာမဏေများအား စာပေများ ပို့ချ သီတင်းသုံး နေထိုင်ခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသံဂါယနာတင် ပိဋကတ် မြန်မာပြန် ကျမ်းများကို ထုတ်ဝေရာ၌ ပဋိဝိသောဓက တာဝန်၊ ဩဝါဒ သော ဓေယျ ပတ္တာပါဠကတာဝန် စသည့် တာဝန်များကို ထမ်းဆောင်တော် မူခဲ့သည်။ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး ပေါ်လာသောအခါ သမ္မုတိ ကိုယ်စားလှယ် တာဝန်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တာဝန်၊ နိုင်ငံတော် ဝိနည်းဓိုရ် တာဝန် စသည်တို့ကို ထမ်းဆောင် တော် မူခဲ့သည်။ ကျောင်းထိုင် သင်တန်းကျောင်း စည်းမျဉ်း ရေးဆွဲ ရေး ကော်မတီ၊ သီလရှင် အဖွဲ့အစည်း စည်းမျဉ်းရေးဆွဲရေး ကော် မတီ၊ ပရိယတ္တိ သာသနာ့တက္ကသိုလ် မွမ်းမံသင်တန်း ပို့ချရေး အဖွဲ့ ဝင်၊ ပထမကြီးတန်း ပြဋ္ဌာန်းကျမ်းစာ ပြုစုရေး ကော်မတီ စသည်တို့ တွင်လည်း ပါဝင် ဆောင်ရွက်ခဲ့သည်။ မြန်မာစာ ဩဝါဒါစရိယ အဖွဲ့ အကျိုးတော်ဆောင် တာဝန်ကိုလည်း ထမ်းဆောင်တော် မူ လျက် ရှိသည်။

ဆရာတော်သည် မင်္ဂလာ ဗျူဟာအသင်းနှင့် ပိဋက ဗျူဟာ အသင်းတို့၏ ဩဝါဒါစရိယ အဖွဲ့ဝင် ဆရာတော် တစ်ပါးလည်း ဖြစ်သည်။ မြတ်မင်္ဂလာ စာစောင်ကို တည်ထောင် ထုတ်ဝေရာတွင် ပါဝင်၍ နာယကအဖွဲ့ဝင် ဆရာတော် တစ်ပါးအဖြစ်လည်း ဆောင် ရွက်လျက် ရှိသည်။

ဆရာတော်သည် မြန်မာစာပေကို လိုက်စား၍ စာပေများ ရေးသားပြုစုသော စာရေးဆရာလည်း ဖြစ်သည်။ စာပေ ပညာရှင်လည်း ဖြစ်သည်။ ဆရာတော် ရေးသား ထုတ်ဝေခဲ့သော စာအုပ်နှင့် ကျမ်းများမှာ– (၁)မင်္ဂလာညွှန့် (၁၉၅၂)၊ (၂)ဝန်းသိုအာဇာနည် (၁၉၅၃)၊ (၃)လူ့အမြုတေ (၁၉၅၄)၊ (၄)သက္ကတလာပြဇာတ်(သက္ကတ ဘာသာပြန်) (၁၉၅၈)၊ (၅) သမီးချစ် (၁၉၆၃)၊ (၆) သီလရှင်သမိုင်း (၁၉၆၅)၊ (၇)မေ့ပဒဝတ္ထုတော်ကြီး (၁၉၇၅)၊ (၈) ရွှေဟသာ်မင်းပျို့ အဖြေကျမ်း (၁၉၈၃)စသည့် ကျမ်းစာများနှင့် ဘုရားသမိုင်းများစွာ၊ ထေရုပ္ပတ္တိ များစွာတို့ ဖြစ်သည်။ ယင်းတို့တွင် မင်္ဂလာညွှန့်နှင့် ဝန်းသိုအာဇာနည် စာအုပ်တို့မှာ ၁၉၅၃–ခုနှစ်တွင် ကျောင်းသုံး အဖြစ် ပြဋ္ဌာန်းခြင်း ခံရသည်။ သက္ကတ ဘာသာပြန် သကုန္တလာ ပြဇာတ် စာအုပ်မှာ ၁၉၅၈–ခုနှစ်၊ ယူနက်စကို ဘာသာပြန်ဆု ချီးမြှင့်ခြင်း ခံရသည်။ 'သီလရှင် သမိုင်း' စာအုပ်မှာ ၁၉၆၅–ခုနှစ် ဝိုင်အမ်ဘီအေ စာပေဆု ချီးမြှင့်ခြင်း ခံရသည်။

ဆရာတော်သည် ကဗျာ လင်္ကာကိုလည်း ကျွမ်းကျင်တော်မူသည်။ ကဗျာလင်္ကာများစွာ စီကုံးခဲ့သည်။ သက်တော် ၂၄–နှစ် အရွယ်တွင် ၁၉၄၈–ခုနှစ် လွတ်လပ်ရေး ကဗျာပြိုင်ပွဲ၌ ဒုတိယ ရွှေတံဆိပ်ဆု ရရှိခဲ့သည်။ စာပေပရိယတ္တိ ထူးချွန်သော ရဟန်းတော်များအတွက် ဂုဏ်ပြု ရတုပိုဒ်စုံ၊ ၈၀–ပေါ်တေးထပ် စသည်တို့ကို နှစ်စဉ် အပုဒ်ပေါင်းများစွာ ရေးသားတော် မူလေ့ရှိသည်။ ရဝေထွန်း ကလောင်အမည်ဖြင့် ဘာသာရေးနှင့် စာပေမဂ္ဂဇင်းများ၌ ဆောင်းပါး အမျိုးမျိုး ရေးသားလျက် ရှိသည်။

**မင်းယုဝေ**
**အယ်ဒီတာချုပ်**
**မြတ်မင်္ဂလာစာစောင်**

## အမှာစကား

မြတ်မင်္ဂလာ စာစောင်တွင် 'ဘာသာရေး ပြဿနာများ'ဟူ၍ အခန်းကဏ္ဍ တစ်ရပ်ကို ဖွင့်လှစ်ကာ ဗုဒ္ဓသာသနာ ဘာသာရေး သိမှတ်စရာ ပြဿနာ ဖြေဆိုချက်များကို ဖော်ပြခဲ့ပါသည်။ စာဖတ် ပရိသတ်တို့ နှစ်သက် လိုလား၍ များစွာ အားပေး ဖတ်ရှုခဲ့ကြ ကြောင်း သိရပါသည်။ အစပိုင်းကမူ သိမှတ်ဖွယ်ရာ စာကောင်း ပေမွန်တို့မှ အထူးသိသင့် သိထိုက်သည့် ပြဿနာ– ဖြေဆိုချက်များ ကိုသာ တင်ပြခဲ့ပါသည်။ နောက်ပိုင်းတွင်မူ အနယ်နယ်၊ အရပ်ရပ် မှ စာဖတ်ပရိသတ်တို့က မိမိတို့ သိလိုသော ဗုဒ္ဓဝါဒဆိုင်ရာ အမေး ပုစ္ဆာပြဿနာတို့ကို ပေးပို့မေးမြန်း လာကြပါသည်။ ဤတွင် စာအုပ် စာတမ်းလာ ပုစ္ဆာပြဿနာ အမေးအဖြေစာတို့ကို ရပ်နား၍၊ စာဖတ် ပရိသတ်များ၏ အမေးပုစ္ဆာ ဘာသာရေး ပြဿနာတို့ကို ဗုဒ္ဓဘာသာ ရေးရာ၌ ကျွမ်းကျင်သော မြတ်မင်္ဂလာစာစောင်၏ နာယကဆရာတော် ဘဒ္ဒန္တ တိလောကသာရ (ရဝေထွန်း) (မြန်မာစာ ဩဝါဒါစရိယ အဖွဲ့ အကျိုးဆောင်)ထံ ဖြေဆိုပေးပါရန် တောင်းပန် လျှောက်ထား ပေးပို့ခဲ့ရပါသည်။

ဆရာတော်ကလည်း ရောက်လာသမျှ အမေးပုစ္ဆာ ပြဿနာ တို့ကို စေ့စေ့ငုငု ဖတ်ရှုသုံးသပ်၍ ဖြေသင့်ဖြေထိုက်သည် ထင်သမျှ တို့ကို ရွေးနုတ်ဖြေဆို၍ စာစောင်၌ တည့်သွင်း ဖော်ပြရန် ပေးပို့ ခဲ့ပါသည်။ ဤဘာသာရေး ပြဿနာများ ကဏ္ဍကို စာဖတ်ပရိသတ် များ အလွန်စိတ်ပါ ဝင်စားကြသည့်အလျောက် တစ်လလျှင် အမေး ပုစ္ဆာပေါင်း ပျမ်းမျှ ငါးဆယ်ကျော်ခန့် ရောက်ရှိခဲ့ပါသည်။ ဖြေဆို တော်မူသော နာယက ဆရာတော်ဘုရား ကလည်း ၎င်းရောက်ရှိသမျှ ပြဿနာများမှ–

(၁) ဗုဒ္ဓဘာသာရေးဆိုင်ရာ ပြဿနာ ဖြစ်ခြင်း၊

(၂) စာဖတ်ပရိသတ်အားလုံး အကျိုးရှိမှတ်သားဖွယ် ဖြစ်ခြင်း၊
(၃) အခြားတစ်ပါးကို ထိပါးပုတ်ခတ်မှု ကင်းခြင်း၊
(၄) ပြဿနာ ဖြေဆိုချက်နှင့် ပတ်သက်၍ အငြင်းပွားဖွယ် မရှိခြင်း၊
(၅) ကျယ်ကျယ်ဝန်းဝန်း ဖြေဆိုရသော ပြဿနာမျိုး မဟုတ်ခြင်း

စသော အင်္ဂါရပ်များနှင့် ပြည့်စုံသည့် ဖြေသင့် ဖြေထိုက်သော ပုစ္ဆာပြဿနာများကိုသာ ဖြေဆိုပါသည်။

အချို့ ပြဿနာရှင်များက တစ်ကြိမ်တည်းနှင့် ပုစ္ဆာပြဿနာ ပေါင်း မြောက်မြားစွာ မေးတတ်ပါသည်။ ထိုအခါတွင်လည်း အားလုံးကို မဖြေဆိုနိုင်ပါ။ အသင့်လျော်ဆုံး နှစ်ပုဒ် သုံးပုဒ်ခန့်သာ ဖြေဆိုပေးပါသည်။ အချို့ကလည်း မည်သည့်ဂါထာမန္တန်ကို ဖော်ပြပေးပါ၊ မည်သည့် ပရိတ်သုတ်ကို ဖော်ပြပေးပါ စသည်များကို မေးမြန်းတောင်းဆိုတတ်ကြပါသေးသည်။ ထိုအမေးမျိုးများကိုလည်း စာစောင်၏ စာမျက်နှာကိုငဲ့၍ ဖြေကြားခြင်း မပြုနိုင်ခဲ့ပါ။ စာစောင်တွင် ဤအခန်းအတွက် ပေးနိုင်သော စာမျက်နှာမှာ နည်းပါးလှပေရာ တစ်ပုဒ်တည်း၊ ပြဿနာ တစ်ခုတည်းနှင့် ပေးထားသော စာမျက်နှာကို အသုံးမပြုနိုင်ပါ။ ထို့ကြောင့် အဖြေကိုလည်း အကျဉ်းချုံးနိုင်သမျှ ချုံး၍ ဖြေဆိုပေးတော်မူရန် ဆရာတော်အား လျှောက်ထားရပါသည်။

ထို့ပြင် တစ်လ တစ်လလျှင် ရောက်လာသော မေးခွန်းပုစ္ဆာ ပြဿနာများမှာ များလွန်း၍ ဆရာတော်က ဖြေသင့် ဖြေထိုက်သမျှ ဖြေကြား ပေးထားသော်လည်း စာစောင်၏ ထည့်သွင်း ပေးနိုင်သော အင်အားထက် ပိုလွန်နေပြန်ပါသည်။ အချို့သော အဖြေလွှာများမှာ လပေါင်းများစွာ ကြာမှ စာစောင်တွင်ပါရှိနိုင်ပါသည်။ သို့သော်လည်း မည်မျှပင် ကြာသော်လည်း အနှစ်သာရရှိသောအမေးပုစ္ဆာ အဖြေလွှာများဖြစ်၍ စာစောင်တွင် ထည့်သွင်းခဲ့ပါသည်။ ယခုလည်း စာစောင်တွင် မထည့်သွင်းရသေးသော အမေးအဖြေ များစွာပင် ကျန်ရှိနေပါ

သေးသည်။ ဤမြတ်မင်္ဂလာ စာစောင်၌ လစဉ်ဖော်ပြခဲ့သော ပြဿနာများမှာ မေးမြန်းသူ ပြဿနာရှင်သာမက စာစောင်ကို ဖတ်ရှုကြရသော ဗုဒ္ဓဘာသာဝင်တိုင်း အထူးစိတ်ဝင်စားကြ၍ မပြတ်ဖတ်ရှု မှတ်သားနိုင်ရန်၊ ဤပြဿနာ အဖြေစာတို့ကို စာအုပ်ထုတ်ဝေပေးရန် မြတ်မင်္ဂလာသို့ စာရေး၍ အကြံပြုကြပါသည်။ မြတ်မင်္ဂလာ အယ်ဒီတာအဖွဲ့ဝင်တို့ကလည်း မြတ်မင်္ဂလာ၌ ပါဝင်သော အခန်းကဏ္ဍ အသီးသီးတို့ကို ဘူရာဘူရာပေါင်း၍ အကြောင်းအားလျော်စွာ စာအုပ်ထုတ်နေကျအတိုင်း ဤဘာသာရေး ပြဿနာခန်းကိုလည်း စာအုပ်ထုတ်ဝေရန် စီစဉ် စိတ်ကူးထားပြီးပင် ဖြစ်သည်။

သို့ဖြစ်၍ မိမိတို့ စိတ်ကူးရှိရင်းတွင် စာဖတ် ပရိသတ်တို့ထံမှ တိုက်တွန်းစာများကိုလည်း မပြတ်မလပ် ရရှိနေသဖြင့် ယခုကဲ့သို့ စာတစ်အုပ်စာ ရှိလာပြီ ဖြစ်သော မြတ်မင်္ဂလာ အဖြေလွှာတို့ကို ပထမအုပ် အနေဖြင့် စုပေါင်းထုတ်ဝေလိုက်ပါသည်။ နောင်တွင်လည်း အကြောင်းအားလျော်စွာ ဒုတိယအုပ် စသည် ဆက်လက်ထွက်ပေါ်လာဦးမည် ဖြစ်ပါသည်။ ဤဘာသာရေး ပြဿနာ ပထမအုပ်မှာ ထွက်ပေါ်ပြီးသော မြတ်မင်္ဂလာ စာစောင် အတွဲ(၅) အမှတ်(၆) မှ စ၍ ပါဝင်သော ပြဿနာတို့ကို ပြန်လည်ရိုက်နှိပ် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဤမှနောက် အဆက်မပြတ် ထုတ်ခဲ့သမျှ စာစောင်တို့မှ ဆိုင်ရာဆိုင်ရာ ပြဿနာနှင့် အဖြေလွှာတို့ကိုလည်း ဆက်ကာ ဆက်ကာ ထုတ်ဝေသွားမည်ဖြစ်ရာ ဗုဒ္ဓဘာသာ ခက်ဆစ်ခက်ရာ အဖြာဖြာတို့၌ ကောင်းစွာ စိတ်ဝင်စားတော်မူကြကုန်သော ရဟန်း ရှင် လူ စာဖတ်သူတိုင်း မျှော်လင့် စောင့်စား၍ ဖတ်ရှုကြပါရန် ဆန္ဒပြုလိုက် ပါသည်။

အယ်ဒီတာအဖွဲ့
မြတ်မင်္ဂလာစာစောင်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဘာသာရေး ပြဿနာများ

ဘဒ္ဒန္တတိလောကသာရ



## ၁။ နဝကမ္မ ဝတ္ထု

မေး ။ ။ "နဝကမ္မဝတ္ထု" ဆိုသော စကား၏ အဓိပ္ပါယ်ကို ရှင်းပြ၍ နဝကမ္မ အလှူအကြောင်း ဖြေကြား စေလိုပါသည်။ ထို့ပြင် ရဟန်းတော်များကို ဝတ္ထုငွေလှူရာ၌ "နဝကမ္မ" အတွက်ဟု လျှောက်၍လှူမှ သုံးစွဲ နိုင်ပါသလား။ နဝကမ္မဟု မလျှောက်ဘဲ သာမန်အလှူငွေကို မသုံးစွဲသင့်ဟု သတ်မှတ်နိုင်ပါသလား သိလိုပါသည်ဘုရား။

ဦးဖိုးနီ

(မန္တလေး)

ဖြေ။ ။ "နဝကမ္မ" ဟူသည်မှာ အမှုသစ်ဟု ဆိုလိုပါသည်။ သံဃာတော်များ အလိုဆန္ဒအရပြုလိုသော အမှု၊ပြုလုပ်မည့် အမှုဖြစ်ရာ သံဃာတော်တို့၏ ပစ္စည်းလေးပါး ဖြစ်သော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး တို့ကို ဖြစ်ပေါ်လာအောင် ဖန်တီးခြင်းပင် ဖြစ်၏။ ဥပမာ–သင်္ကန်းလို၍ သင်္ကန်းအသစ် ဖန်တီးပြုလုပ်လျှင် ထိုသင်္ကန်းသည်ပင် အမှုသစ် ဖြစ်သည်။ လှူဒါန်းသော ဝတ္ထုငွေသည် ထိုသင်္ကန်းတည်းဟူသော အမှုသစ်အတွက် ဖြစ်သည်။ သင်္ကန်း အမှုသစ်ကို လှူဒါန်းခြင်းပင်တည်း။ ထို့ကြောင့် ငွေကို လှူဒါန်းသူက ငွေကို

သံဃာတော်အား လှူဒါန်းသည် မဟုတ်။ သံဃာတော် လုပ်ဆောင်လတ္တံ့သော အမှုသစ်ကို "နဝကမ္မဿ ဒေမ=အမှုသစ်အား လှူဒါန်းပါ၏"ဟု ဆို၍ လှူဒါန်းရသည်။ သံဃာတော်အား၊ အရှင်ဘုရားအားဟု ဆို၍ လှူလျှင် အလှူမခံကောင်း။ အမှုသစ်အားဟု ဆို၍ လှူမှ အလှူခံအပ်သည်။ အလှူခံသော ရဟန်းကလည်း အပ်စပ်အောင် မိမိကိုယ်တိုင် အလှူမခံဘဲ ကပ္ပိယအား ပြော၍ သက်န်းစီရင် စေရသည်။ ထို့ကြောင့် လှူဒါန်းသူက "ဤဝတ္ထုငွေ အသပြာကို အရှင်ဘုရား၏ နဝကမ္မ(အမှုသစ်)အား ကပ္ပိယကာရက (အပ်စပ်အောင် ပြုတတ်သူ) ထံ အပ်နှံ၍ လှူဒါန်းပါ၏။ အရှင်ဘုရား အလိုရှိသောအခါ ကပ္ပိယကာရကထံမှ အပ်စပ်သော ဝတ္ထုဖြင့် လဲလှယ်၍ သုံးဆောင်တော်မူပါဘုရား"ဟုဆိုကာ ရဟန်းညွှန်ကြားသော ကပ္ပိယလက်သို့ထည့်၍ လှူဒါန်းရလေသည်။ လှူသူက မဆိုတတ်လျှင် ရဟန်းတော်က ရှေ့က တိုင်ပေးလိမ့်မည်။

ကျောင်းသို့သွား၍ လှူဒါန်း ရာတွင်လည်း ကပ္ပိယကာရက အသင့်မရှိလျှင် "ဤဝတ္ထုကို အရှင်ဘုရား၏ နဝကမ္မအား လှူဒါန်းပါ၏။ လုံခြုံရာနေရာကို ပြတော်မူပါ" ဟုဆိုလျှင် ရဟန်းတော်က ထားခဲ့ရမည့် နေရာကို ညွှန်ပြနိုင်ပါသည်။ လှူဒါန်းသူ ထားခဲ့သော နေရာမှ သုံးစွဲ ရမည့်အခါ ဆိုင်ရာပုဂ္ဂိုလ်ကို ညွှန်ပြ ထုတ်ယူစေ၍ အပ်စပ်အောင် သုံးနိုင်ပေသည်။

✍ ✍ ✍

## ၂။ ဓာရဏာ အချီ

**မေး။ ။ ယေ်စဉ်မှစ၍ ဓာရဏာ ပရိတ်တော်ကို ရွတ်ဆို ရရှိခဲ့သည်မှာ**

**(၁) ဗုဒ္ဓါနံ့ နီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။**

(၂) ဗုဒ္ဓါနံ့ သဗ္ဗညုတဉာဏဿ န သက္ကာ ကောနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၃) ဗုဒ္ဓါနံ့ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကောနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၄) ဗုဒ္ဓါနံ့ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကောနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

အတီကံသေ ဗုဒ္ဓဿ ဘဂဝတော စသည် ရရှိ ရွတ်ဆိုခဲ့ပါသည်။ ယခု ပိဋကတ် ပြန့်ပွားရေးအသင်း (ကမ္ဘာအေး)က ထုတ်ဝေသော မင်္ဂလာ ပရိတ် ပေါ့ကဲ် စာအုပ်နှင့် အခြား စာအုပ်များတွင် အမှတ်(၁) တစ်ပိုဒ်သာ တွေ့ရ၍ (၂၊ ၃၊ ၄) ပိုဒ်များ မပါရှိပါ။ ထိုအပိုဒ်များ ဘာကြောင့် မပါပါသနည်း။

ဒေါ်အေါနိုင်
၁၁၁–လမ်း၊ကန်တော်ကလေး
ရန်ကုန်မြို့။

ဖြေ။ ။ ဓာရဏပရိတ် ဟူ၍ ဆိုကာ ယခုခေတ်၌ အသုံးပြုနေသည်မှာ"ဗုဒ္ဓါနံ့ ဇီဝိတဿ" စသည်မှ အစပြုကြသည်။ သို့သော် ယင်း ဗုဒ္ဓါနံ့ ဇီဝိတဿ စသည်မှာ ဓာရဏပရိတ် မဟုတ်သေး။ ထိုမျှမက "အတီတံသေ ဗုဒ္ဓဿ ဘဂဝတော" စသည်ပင် ဓာရဏပရိတ် မဟုတ်သေးပေ။ ဓာရဏပရိတ်ဟု ယခုလူတို့ ရွတ်ဆိုနေကြသော ဓာရဏပရိတ်၏ အစကား "နတ္ထိ တထာဂတဿ ကာယ ဒုစ္စရိတံ"ဖြစ်ပေသည်။

"ဗုဒ္ဓါနံ့ ဇီဝိတဿ စသည်မှ တထာ မေ ဟောတု"အဆုံး စာပိုဒ်မှာ ဓာရဏပရိတ် မရွတ်ဆိုမီ အာသီသပြုခြင်း စကားရပ် ဖြစ်သည်။

"အတီတံသေ ဗုဒ္ဓဿ ဘဂဝတောမှ နမော သတ္တန္နံ ဗုဒ္ဓါနံ" အဆုံးအထိ စကားရပ်မှာ ဓာရဏပရိတ် မရွတ်ဆိုမီ ခုနစ်ဆူသော

ဘုရားရှင်တို့အား ရှိခိုးခြင်းသာ ဖြစ်သည်။ ယင်းတို့မှာ ဘုရားရှင်တို့၏ အဌာရသ ဗုဒ္ဓမ္မေ ဟူသော တစ်ဆယ့်ရှစ်ပါးသော အာဝေဏိက (ဘုရားတို့သာ ရနိုင်သည့် သီးခြား) ဂုဏ်တော်တို့ကို ဖော်ထုတ်ရှိခိုးခြင်းဖြစ်သည်။

"ဗုဒ္ဓါနံ ဇိဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ မြတ်စွာဘုရားတို့၏ အသက်အန္တရာယ်ကို မည်သူ တစ်ဦး တစ်ယောက်မျှ မပြုလုပ်နိုင်ကုန်"ဟု အချို့စာအုပ်တို့တွင် တစ်ပိုဒ်တည်းသာ ရှိသည်။ သို့သော်လည်း လေးပိုဒ် ရှိခဲ့သည်မှာ မူမှန်ပင် ဖြစ်သည်။ ယင်းလေးပိုဒ်၏ မူလဘူတမှာ ပါရာဇိကဏ် အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ အဖွင့် (ဝိ၊ဋ္ဌ၊၁။၁၄၇)ဖြစ်သည်။ မြတ်စွာဘုရားတို့အား ရည်ညွှန်းအပ်သော ပစ္စည်းလေးပါး၊ မြတ်စွာဘုရားတို့၏ အသက်၊ မြတ်စွာဘုရားတို့၏ အသီတိအနုဗျဉ္ဇန ခေါ် လက္ခဏာတော်ငယ် (၈၀)နှင့် မြတ်စွာဘုရားတို့၏ သဗ္ဗညုတ ဉာဏ်တော်တို့ကို မည်သူမျှ အန္တရာယ် မပြုနိုင်ကြောင်း လာရှိပေသည်။

ဤဓာရဏာပရိတ်တွင် ဓာရဏာပရိတ်ကို ရွတ်ဆိုသူအား သက်တမ်းမစေ့ဘဲ သေခြင်း၊ ဥပစ္ဆေဒက အန္တရာယ် ငြိတွယ်မှု မရှိခြင်းဟူသော အဆိုနှင့် ညီအောင် ရှေးဆရာတို့က "ဗုဒ္ဓါနံ ဇိဝိတဿ" စသော အပိုဒ်ကို ထည့်၍ (လယ်တီဆရာတော် ထည့်ပေးထားသည်ဟု ဆိုသည်) "တထာမေ ဟောတု ၊ အကျွန်ုပ်အား ထိုအတိုင်းဖြစ်ပါစေ"ဟု အာသီသပြုပေးထားခြင်း ဖြစ်သည်။ ယိုနောက် ဆရာတော်များက (ဝိသုဒ္ဓါရုံ ဆရာတော်ဟု ဆိုသည်) ဖော်ပြပါ ပါရာဇိကဏ် အဋ္ဌကထာလာ အန္တရာယ် မပြုနိုင်သော အချက်လေးချက်လုံး စုံအောင် ထည့်သွင်းပေးခြင်းဖြစ်သည်။ ဤသို့ ဆရာသမားများ အမိန့်ရှိသည်ကို မှတ်သားထားရဖူးသည်။ စာရေးသူတို့ ယခုတိုင်

ရရှိရွတ်ဆိုနေသည်မှာ "ဗုဒ္ဓါနံ ဇီဝိတသ္သ နသက္ကာ ကေနစိ အန္တရာယော ကာတုံ"စသည့်လေးပါးလုံးဆိုပြီးနောက်တွင်"ဣမေသံစတုန္နံ န သက္ကာကေနစိ အန္တရာယော ကာတုံ"ဟုဆိုပြီးမှ "တထာ မေ ဟောတု" ဟူသော ဆုတောင်းကို ဆိုသည်။ ထို့နောက်မှ အတီတသေ စသည်ကို ဆက်၍ ဆိုရလေသည်။

✍ ✍ ✍

## ၃။ အကပ်ခံမှုကိစ္စ

**မေး။ ။ ဘုန်းကြီး ရဟန်းများကို ဆွမ်းကပ်ပြီးနောက် ဆွမ်းခွက် ဟင်းခွက် စသည်တို့ကို ထိမိ၊ ကိုင်မိလျှင် ထပ်မံ၍ ကပ်ရပါသလား ဘုရား။ ကပ်ပြီးလျှင် လက်ဖြင့် ထိကောင်းပါသလား ဘုရား။**

**မလှကြော့**

**လိပ်ပြာကန်၊ ပဲခူးမြို့။**

ဖြေ။ ။ ဆွမ်း စသည်ကို သံဃာတော်အား ဆက်ကပ်ပြီးနောက် သံဃာတော်များက ပြန်မစွန့်မချင်း အကပ်ခံ မပျက်ပါ။ ဆက်ကပ်ပြီး နောက် မကိုင်ကောင်းဟု အယူရှိနေသည်မှာ မိမိလက်၌ အခြား အာမိသပစ္စည်း (လက်၌ ပေကျံနေခြင်း) တစ်ခုခု ရှိလျက်ဖြင့် ထပ်မံကိုင်မိလျှင် အကပ်ပျက်သောကြောင့် ဖြစ်သည်။ ပစ္စည်း မပါသော်လည်း လက်တွင်မြူ၊ဖုန် စသည် ပေကျံနေလျှင် ထိုလက်ဖြင့် ကိုင်မိက အကပ်ပျက်ပါသည်။ သန့်ရှင်း စင်ကြယ်သော လက်ဖြင့် ကိုင်မိလျှင် ဟင်းခွက် စသည်ကို ရွှေ့ပေးလျှင် အကပ်ခံ မပျက်ပါ။ ပိုမို၍ များများဘုဉ်းပေး သုံးဆောင်စေလိုသော စိတ်ဖြင့် ဆွမ်းပွဲမှ ဇွန်းဖြင့် ဟင်းဖတ် စသည်ကို သံဃာတော်များ၏ ဆွမ်းပန်းကန်ထဲသို့ ကော်ယူခပ်ထည့်ပေးခြင်းသည်ပင် အကပ်ခံ မပျက်ပါ။

(အာမိသပစ္စည်း ဆိုသည်မှာ ဤနေရာ၌ သားးစိမ်း၊ အစာ၊ ထမင်း၊ ခဲဖွယ် စသည် လက်၌ ပေကျံ ကပ်ငြိနေမှုတို့ ဖြစ်သည်။)

## ၄။ ရဟန်းတော်များ အိမ်မှာတည်းခိုမှု

**မေး။ ။ ရဟန်းတော်များသည် လူဒါယကာ၊ ဒါယိကာမတို့ အိမ်တွင် အကြောင်း ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ တည်းခို ကျိန်းစက် နိုင်ပါသလား။**

**ဦးဟန်ကြည်**
**သီရိမင်္ဂလာ ရပ်ကွက်၊ မြောင်းမြမြို့။**

ဖြေ။ ။ မိဘဆွေမျိုးဉာတိနှင့် ဖိတ်ကြားထားသော အိမ်များ၊ ကျောင်းကန် မနီးစပ်သော အရပ်ဒေသများ၌ တစ်ရံတစ်ခါ ရဟန်းတော်များ တည်းခို ကျိန်းစက် ကောင်းပါသည်။ သို့သော် သဟာသေယျ သိက္ခာပုဒ်အရ လူဒါယကာများနှင့် သုံးညဥ့် အထိသာ တစ်မိုးတစ်ရံ တည်းရှိသော နေရာ၌ အိပ်စက်ကောင်းပါသည်။

မာတုဂါမ (ဒါယိကာမ) များနှင့် သော်မူ ယင်းတစ်မိုးတစ်ရံ တည်းဖြစ်သော အိမ်၌ တစ်ညတာလေမျှပင် အတူ မအိပ်စက်ကောင်းပါ။ အိပ်စက်လျှင် ခေါင်းချသည်နှင့် တစ်ပြိုင်နက် ရဟန်းတော်များမှာ ပါစိတ်အာပတ်သင့်တော့သည်။ အိမ်၌ ရဟန်းတော်များ ဟာရောက် တည်းခို ကျိန်းစက်လျှင် မာတုဂါမများက တစ်မိုး တစ်ရံ လွတ် သောနေရာသို့ ရှောင်ရှား အိပ်စက်ကြရပါမည်။ နှစ်ထပ်အိမ်၌ အပြင်ဘက်က လှေကားတပ်ဆင်ထားလျှင် ရဟန်းက အပေါ်ထပ်က ကျိန်းစက်၍ အောက်ထပ်က မာတုဂါမ အိပ်စက်သော် တစ်မိုးတည်း ဖြစ်သော်လည်း တစ်ရံတည်း (အကာတစ်ခုပ်တည်း) မဟုတ်တော့၍ အပြစ်လွတ်ပါသည်။

✍ ✍ ✍

## ၅။ ဗောဓိကိုင်းကို ချိုးမိခြင်း

မေး။ ။ ဗေဒင်ဆရာ တစ်ဦးက ညောင်ကိုင်းကို နင်း၍ ယတြာလုပ်ပါဟု ပြော၍ ညောင်ကိုင်းကို ဗောဓိညောင်ပင်ဟု မသိသဖြင့် ချိုးယူ နင်းနယ်မိပါသည်။ နောက်မှ ဗောဓိပင်မှန်းသိ၍ ဆရာတစ်ဦး အကြံပေးသည့် အတိုင်း ဗောဓိပင်ရင်း၌ ဆန် ၃–ဆုပ်ကို ကြဲပက်၍ တောင်းပန် ခဲ့ပါသည်။ ဗောဓိကိုင်းကို ချိုးဖဲ့ဖျက်ဆီးလျှင် လောဟိတုပ္ပါဒက အနန္တရိယကံ (ဘုရားရှင် ကို သွေးစိမ်းတည်အောင် ပြုသောကံ)နှင့် အလားတူ၍ အဝီစိသို့ ကျနိုင်သည် ဟု ဖတ်ဖူးပါသည်။ မသိ၍ လုပ်မိသဖြင့် အပြစ်မရှိဟု ယုံကြည်ပါသည်။ အမှန်ကို ဖြေဆိုပေးပါ ဘုရား။

ဦးတင့်ဆွေ
တိုက် ၉၊ အခန်း ၁၆၊ စံပြဖဆပလ၊
မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖြေ။ ။ ဗောဓိပင်မှန်း မသိ၍ ချိုးယူမိသဖြင့် အပြစ်ရှိသည်ဟု မဆိုနိုင်ပါ။ သို့သော် ဗောဓိပင်မှန်း သိသော အချိန်တွင် တောင်းပန် ကန်တော့ရ ပါမည်။ တောင်းပန် ကန်တော့ရာ၌ ဆန် ၃–ဆုပ် ကြဲပက်ခြင်းထက် ပန်းဖြင့် ပူဇော် ခြင်း၊ ညောင်ရေလောင်း၍ ကန်တော့ခြင်းမျိုး ပြုသင့်ပါသည်။ မသိ၍ လုပ်မိသဖြင့် လုပ်စဉ်က အပြစ်မရှိပါ။ သို့သော်လည်း သိလျှင် မိမိ၏ အမှားကို တောင်းပန် ဝန်ချမှသာ အပြစ်ကင်းစေနိုင်ပါသည်။ ။

## ၆။ သတ္တဝါနှင့် ခန္ဓာ

မေး။ ။ သတ္တဝါတိုင်းသည် ခန္ဓာငါးပါးနှင့် တည်နေရသည်ဟု ဆိုသည်။ ခန္ဓာတစ်ပါးနှင့် တည်နေနိုင်ပါသလား။ ခန္ဓာလေးပါးနှင့်လည်း တည်နေနိုင်ပါသလား ဘုရား။

နန်းညွန့်ဆွေ
ရန်ကင်း။

ဖြေ။ ။အဘိဓမ္မာအရသတ္တဝါတို့၏ ဖြစ်ရာဘုံသည် ပဉ္စဝေါကာရဘုံ၊ စတုဝေါကာရဘုံနှင့် ဧကဝေါကာရဘုံဟု သုံးမျိုး ရှိပါသည်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ ဟူသော ခန္ဓာငါးပါး အပြည့်အစုံရှိသော ဘုံကို ပဉ္စဝေါကာရဘုံဟု ဆိုပါသည်။ ကာမ ၁၁-ဘုံနှင့် အသညသတ်ကြဉ်သော ရူပ ၁၅- ဘုံ ဖြစ်ပါသည်။ ထို ၂၆-ဘုံ၌ ဖြစ်ကြသော သတ္တဝါတိုင်းပင် ခန္ဓာငါးပါး အပြည့် အစုံ ရှိကြ၍ ပဉ္စဝေါကာရဘုံသားများဟု ခေါ်ဆိုရပါသည်။ ရုပ်ခန္ဓာ မရှိ၊ နာမ်ခန္ဓာ ၄-ပါးသာ ရှိသော အရူပလေးဘုံရှိ သတ္တဝါများကို စတုဝေါကာရ ဘုံသားများဟု ခေါ်သည်။ ၎င်းတို့မှာ အရူပဟု ဆိုသည့် အတိုင်း ရုပ်ခန္ဓာ မရှိကြပေ။ ရူပဘုံ၌ ပါဝင်သော အသညသတ် ဘုံသားများကား နာမ်ခန္ဓာ မရှိ၊ နာမ်ခန္ဓာကို ဘာဝနာဖြင့် ပယ်ခဲ့၍ အသညသတ်ဘုံတွင် ရုပ်တုံးရုပ်ခဲ ဖြစ်၍သာ တည်နေကြရသည်။ ဤသို့ ရုပ်သက်သက်သာ ရှိသောကြောင့် ၎င်းတို့ကို ဧကဝေါကာရ ဘုံသား များဟု ဆိုရသည်။ ထို့ကြောင့် သတ္တလောကတွင် ခန္ဓာငါးပါးနှင့် ပြည့်စုံတည်နေသော သတ္တဝါများ ရှိသလို ခန္ဓာလေးပါးနှင့် လည်းကောင်း၊ ခန္ဓာတစ်ပါးနှင့် လည်းကောင်း၊ တည်နေသော သတ္တဝါများ လည်း ရှိကြောင်း သိမှတ်ရာပေသည်။

✍ ✍ ✍

## ၇။ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်

မေး။ ။(က) ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များသည် မည်သည့် ကျင့်စဉ်များကို ကျင့်ရပါသနည်း။

(ခ) ဝိပဿနာကို ကျင့်ကြံအားထုတ်ပြီး ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဖြစ်နိုင်ပါသလား။

(ဂ) ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ၏ ဆုတောင်းမှာ မည်သည့် ဆုတောင်းမျိုး ဖြစ်ပါသလဲ။

(ဃ) လူဝတ်ဖြင့် ရဟန္တာ ဖြစ်နိုင်ပါသလား။

(င) မိမိတောင်းထားသည့် ဆုတောင်းကို ပြင်နိုင်ပါသလား။ မတောင်းသင့်သော ဆုများလည်း ရှိပါသလား။

ဒေါ်ခင်မျိုးဆင့်

ကမ်းနားဟိုတယ်။

ဖြေ။ ။မေးခွန်းမှာ ငါးခု ဖြစ်သော်လည်း တစ်ပေါင်းတည်း အကျဉ်းချုပ်၍ ဆိုပါမည်။ ထွက်ရပ်ပေါက် ပုဂ္ဂိုလ် ဟူသည်မှာ လောကုတ္တရာ နယ်ပယ်မှ မဟုတ်။ လောကီ ဆေး၊ အင်း၊ မန္တန် နယ်ပယ်မှ ဖြစ်၍ ကျင့်စဉ်ဟု ဖော်ပြစရာ မရှိပါ။ ဆိုင်ရာ လောကီ ဆရာများထံ၌ ဆေးဝါးစားသောက်ခြင်း၊ ဓာတ်၊ အင်း၊ မန္တန် စီရင်ခြင်း စသည်တို့ဖြင့် ပေါက်ရောက်နိုင်ပါသည်။ ဗုဒ္ဓစာပေတွင် ဂန္ဓာရီ အတတ်ဟု ဆိုပါသည်။ ရှေးဂန္ဓာရတိုင်း ရသေ့များက အစပြုခဲ့သော အတတ်များဖြစ်၍ ဂန္ဓာရီဆိုသည်။ ယင်းအတတ်ဖြင့် ဆေးဝါးမန္တန်တို့ကို စီရင်ကျူးရင့်၍ ကောင်းကင်၌ ပျံနိုင်ခြင်း၊ မြေအတွင်း ရေအတွင်း၌ အငြိအတွယ်မရှိ သွားနိုင်ခြင်း၊ ဆင်သဏ္ဌာန်၊ မြင်းသဏ္ဌာန် တို့ကို ဖန်ဆင်းနိုင်ခြင်း စသည်တို့ကို ပြုနိုင်ကြောင်း အဆိုရှိသည်။ လောကီ ဣဒ္ဓိ(တန်ခိုး)များတွင် ဝိဇ္ဇာမယိဒ္ဓိ (အတတ်ပညာတန်ခိုး) ဟု မှတ်သားသင့်ပါ၏။

(ထွက်ရပ်ပေါက်ပြီးသူသည် အသက် တစ်ကမ္ဘာ ရှည်သဖြင့် နောက်ပွင့်လတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့နိုင်သည်ဟု ပြောကြဆိုကြသည်ကို ကြားဖူးသည်။ အထောက်အထား မရှိပါ။ မသေချာပါ။ သထုံရာဇဝင်တွင် ဇော်ဂျီ သေကောင်တွေ့ရ၍ ဖုတ်ကင်စားကြောင်း ဖတ်ရှုရသဖြင့် ၎င်းတို့ ဤခေတ်အတွင်းမှာပင် သေကြောင်း သိနိုင်ပါသည်။)ထွက်ရပ်ပေါက်ဖြစ်ရန် ဝိပဿနာနှင့်

လုံး၀ မဆိုင်ပါ။ သမထ ဆိုင်ရာ ကမ္မဋ္ဌာန်း လေးဆယ်တွင်လည်း ထွက်ရပ်ပေါက် ဂန္ဓာရီဆိုင်ရာ ကမ္မဋ္ဌာန်း မရှိပါ။ ထွက်ရပ်ပေါက်ရန် အတွက်လည်း ဆုတောင်း ဆုယူပြုဖွယ်ရာမလို၊ ဖော်ပြပါအတိုင်း တတ်ကျွမ်းသော ဆရာသမားများထံ နည်းခံရန်သာ လိုပါသည်။

ဝိပဿနာကို အားထုတ်၍ လူ၀တ်ဖြင့် ဖြစ်စေ၊ သင်္ကန်း၀တ် ဖြင့် ဖြစ်စေ၊ ပါရမီပြည့်စုံက ရဟန္တာဖြစ်နိုင်ပါသည်။ မြတ်စွာဘုရား လက်ထက်က ခေမာ မိ ဖုရားကြီး၊ ဘုရား ခမည်းတော် သုဒ္ဓေါဒန မင်းကြီးနှင့် သန္တတိ အမတ်ကြီးတို့သည် လူ၀တ်နှင့်ပင် ရဟန္တာဖြစ်ခဲ့ ကြပါသည်။ လူ၀တ်လူစားသည် မြတ်သော အရဟတ္တဖိုလ်၏ အရှိန်အ၀ါကို မခံနိုင်။ သို့ဖြစ်၍ ရဟန္တာ ဖြစ်သောနေ့မှာပင် ပရိ နိဗ္ဗာန် ပြုရပေသည်။ သုဒ္ဓေါဒနမင်းကြီး၊ သန္တတိ အမတ်ကြီးတို့သည် လူ၀တ်နှင့်ပင် ပရိနိဗ္ဗာန် ပြုကြရသည်။ ခေမာ မိ ဖုရားကြီးသည် ရဟန္တာဖြစ်သော နေ့တွင်ပင် ဘိက္ခုနီပြုလုပ်၍ လက်ယာတော်ရံ ပညာတေဒဂ်ရ ခေမာထေရီဟု ထင်ရှားရပေသည်။ သောတာပန် သကဒါဂါမ်နှင့် အနာဂါမ် ပုဂ္ဂိုလ်တို့ကား လူ၀တ်နှင့်ပင် သက်တမ်း ကုန်အောင် နေသွားကြပါသည်။

ဆုတောင်းနှင့် ပတ်သက်၍ကား၊ မိမိဆုတောင်းကို ပြင်လိုက ပြင် တောင်းနိုင်ပါသည်။ သို့သော် မိမိ ရလိုသော ဆုဥ္ဇ စွဲမြဲသော စိတ်ဓာတ်မရှိ၊ အမှန်တကယ် ရလိုသော ဆန္ဒ မထက်သန်သဖြင့် နောက်ထပ်ပြောင်းရွှေ့ ဆုတောင်းသော်လည်း စိတ်ချရမည် မဟုတ်ပါ။ သို့ဖြစ်၍ နှစ်နှစ်ကာကာ ရလိုရာ ဗောဓိဆု တစ်ခုခုကိုသာ ပိုင်ပိုင် နိုင်နိုင် တောင်းဆိုသင့် ပါသည်။ လောကီစည်းစိမ် ချမ်းသာများနှင့် ဖော်ပြပါ ဝိဇ္ဇာ ဇော်ဂျီ ဂန္ဓာရီ စသည့် ဆုများကိုကား တောင်းဆိုခြင်း မပြုအပ်ကြောင်း သိစေလိုပါသည်။

✍ ✍ ✍

## ၈။ ဘုမ္မစိုးနတ်

**မေး။ ။ ဆူးလေဘိုးဘိုးကြီး စသော နတ်၊ အတွင်း ၃၇-မင်း စသော နတ်တို့သည် ဘုမ္မစိုး စသော နတ်မျိုးတို့တွင် မည်သည့် နတ်မျိုး၌ အကျုံးဝင်ပါ သနည်း။**

**အရှင်ဣန္ဒောဘာသ**

**သထုံမြို့၊ သာသနာ့ရိပ်သာ။**

ဖြေ။ ။ နတ်တို့သည် သာမညအားဖြင့် ဘုမ္မဋ္ဌ ဒေဝ၊ အာကာသဋ္ဌ ဒေဝဟူ၍ နှစ်မျိုး ရှိပါသည်။ မြေ၌ တည်သော နတ်၊ ကောင်းကင်၌ တည်သောနတ် ဟူ၍ ဖြစ်ပါသည်။ လူ့ပြည်၌ ဖြစ်သော ရုက္ခစိုး၊ ဘုမ္မစိုး စသော အသင့်အတင့် တန်ခိုးကြီးသော နတ်များနှင့် မြင်းမိုရ်တောင်ကို အမှီပြု၍ ဖြစ်ကြသော စတုမဟာရာဇ်၊ တာဝတိံသာ နတ်များသည် ဘုမ္မဋ္ဌဒေဝမျိုး ဖြစ်ကြသည်။ သို့သော် စတုမဟာရာဇ် နတ်တို့မှာလည်း မြင်းမိုရ်တောင်ထက်ဝယ် ယုဂန္ဓိုရ်တောင်နှင့်အမျှ မြေ၌ တည်ရုံမျှမက ယင်းနှင့်တစ်ပြင်တည်း စကြဝဠာတောင်အထိ ကောင်းကင်၌လည်း တည်၍ အာကာသဋ္ဌ ဒေဝမျိုး ရှိသေးကြောင်း၊ ထို့အတူတာဝတိံသာနတ်တို့သည်လည်း မြင်းမိုရ်တောင်ထိပ် ရွှေမြေ အပြင် ယူဇနာတစ်သောင်း ကျယ်ဝန်းသော တာဝတိံသာနတ်ပြည်နှင့်တစ်ပြင်တည်းအရပ်လေးမျက်နှာ စကြဝဠာတောင်အထိ ကောင်းကင်၌တည်သော အာကာသဋ္ဌ နတ်မျိုးလည်း ရှိသေးကြောင်း မှတ်ရမည်။ တာဝတိံသာမှအထက် ယာမာ စသော နတ်တို့ကား ကောင်းကင်၌သာ တည်ကြသော အာကာသဋ္ဌ နတ်မျိုး များ ဖြစ်ကြ၏။

ယင်းနှစ်မျိုးတွင် ဘုမ္မဋ္ဌ နတ်မျိုးတွင် ပါဝင်၍ လူ့ပြည်မြေကမ္ဘာတွင် အမှီပြု၍ နေကြသော နတ်မျိုးကို ဘုမ္မစိုးနတ်ဟု ဝေါဟာရ ပြုသည်။ (ဘုမ္မဇိဝ-ဘုမ္မစိုး)။ ၎င်းတို့မှ ခွဲ၍ သစ်ပင်၌ ဗိမာန်ပြု၍

နေသောနတ်မျိုးကို ရက္ခစိုးဟု ခေါ်ပြန်၏။ အမှန်အားဖြင့် ဘုမ္မစိုးနတ်မျိုးပင် ဖြစ်သည်။ ဘုမ္မစိုးနတ်တို့သည် စတုမဟာရာဇ်နတ်မျိုး၌ ပါဝင်၍ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့၏ အခိုင်းအစေခံမျိုးပင်ဖြစ်သည်။ ဆူးလေဘိုးဘိုးကြီး၊ ကျိုက်ထီးရိုးဘိုးဘိုးကြီး စသောနတ်များမှာ စတုမဟာရာဇ် နတ်မင်းကြီးများက ဤနေရာ၌ ဤစေတီတော်တို့ကို စောင့်ရှောက်ရန် တာဝန် ပေးအပ်ထားခြင်း ခံရသော ဘုမ္မစိုးနတ်ကြီးများပင် ဖြစ်၏။ ၃၇မင်း စသော နတ်မျိုးများကား ၎င်းနတ်ကြီးများလောက် တန်ခိုးကြီးသော ဘုမ္မစိုးနတ်များ မဟုတ်ကြ။ ဘုမ္မစိုးနတ်တို့၏ လက်ပါး စေ ဝေမာနိက နတ်ပြိတ္တာများ ဖြစ်ကြလေသည်။

✍ ✍ ✍

## ၉။ သာသနာပြု ဟူသည်မှာ

**မေး။ ။ "သာသနာ ပြုရပါလို၏" ဟူသော ဆုတောင်းသံများကို လည်းကောင်း၊ "သာသနာပြုနေပါတယ်"ဟူသော ပြောဆိုသံများကိုလည်းကောင်း မကြာခဏ ကြားရပါသည်။ ထို့ကြောင့် သာသနာပြုခြင်း၏ အနက်အဓိပ္ပါယ် သဘောကို ရှင်းလင်းဖြေဆို ပေးပါရန်။**

**ဦးတင့်ဆွေ**
**စမ်းကြီးဝရပ်ကွက်၊**
**မင်္ဂလာဒုံ။**

ဖြေ။ ။ သာသနာ ဟူသည်မှာ ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ အဆုံးအမတော်ကိုပင် ဆိုလိုပါသည်။ လူပုဂ္ဂိုလ် ဖြစ်သော ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့်ဆိုသော် ရတနာ သုံးရပ်ကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာ ဖြစ်ရာဖြစ်ကြောင်း တရားကောင်းတို့ကို လိုက်နာကျင့်သုံးနေလျှင် မိမိအဖို့ သာသနာတည်သည်ဟု ဆိုရပါမည်။ ၎င်းတရားတို့မှာ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို အခြေခံလျက်

ဒုစရိုက်(မကောင်းသော အကျင့်)၊ ဒုရာဇီဝ (မကောင်းသော အသက်မွေးခြင်း) တို့မှ ကင်းရှင်းပြီးလျှင် ပုညကိရိယာ–တရား ဆယ်ပါး၊ မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး၊ သိင်္ဂါလောဝါဒလာ ကျင့်ဝတ် စသည်များနှင့် ပြည့်စုံရန်ပင် ဖြစ်ပါသည်။ ထိုတရားများ မိမိမှာ တည်ရုံနှင့် အားမရဘဲ မိမိနည်းတူ မိမိမယား၊ သားသမီးနှင့် အိမ်သူအိမ်သားများ၊ အိမ်နီးချင်းများ၊ မိမိ ရပ်ကွက်၊ မြို့ရွာ နယ်ပယ်ရှိ လူများအား တည်စေရန် ဟောပြောခြင်း၊ နည်းပေးခြင်း၊ ရှေ့ဆောင်ရှေ့ရွက်ပြုခြင်း စသည်တို့သည် သာသနာပြုခြင်းပင် ဖြစ်ပါသည်။

အချို့က ဘုရားတစ်ဆူ ဦးဆောင်၍ တည်ခြင်းကို သာသနာပြုသည်ဟု ယူဆနေပါသည်။ ဘုရားတည်ခြင်းထက် တစ်ဦး တစ်ယောက်၏ သန္တာန်၌ သရဏဂုံ သီလ တည်အောင်ပြုခြင်းသာ "သာသနာပြု" မည်ကြောင်း သတိပြုရမည်။ ဘုရားစေတီများ ပေါများ နေသော်လည်း သရဏဂုံ သီလ တည်သူမျှ မရှိသော အရပ်ကို သာသနာထွန်းသည်ဟု မဆိုနိုင်ပါ။ မျက်မှောက်ခေတ် အိန္ဒိယပြည်၊ အဂ္ဂန္တာ၊ ဆံချီ စသော နေရာများနှင့် အာဖဂန်နစ္စတန်၊ ဂျားဗား စသော နေရာများ၌ ကြီးကျယ်သော ရုပ်ပွားစေတီများ များပြားစွာ ရှိနေသော်လည်း ဗုဒ္ဓသာသနာ မထွန်းတော့သည်ကို ဆင်ခြင်နိုင်ပါသည်။

## ၁၀။ ဆရာကြီး၊ ဆရာလေး

**မေး။ ။ သီလရှင်များသည် အမျိုးသမီးများ ဖြစ်ပါလျက် အဘယ်ကြောင့် ဆရာမကြီး၊ ဆရာမလေးဟု မခေါ်ဘဲ ဆရာကြီး ဆရာလေးဟု ခေါ်ကြရပါသနည်း။ ထို့ပြင် သီလရှင်များနှင့် ပြောဆိုဆက်ဆံရာတွင် လူပုဂ္ဂိုလ်များက ကျွန်တော် ကျွန်မဟူ၍ သုံးနှုန်းနိုင်ပါ သလား။ ရဟန်းတော်များနှင့် ဆက်ဆံ ပြောဆိုသလို တပည့်တော်၊ တပည့်တော်မဟူ၍ သုံးနှုန်း**

**ရမည်လား။ ထို့ပြင် အသက်ကြီးသော ယောကျ်ားများက အသက်ငယ်ရွယ်သော သီလရှင်များကို ရှိခိုးထိုက်ပါသလား။ ရှင်းလင်း ဖြေကြားပါ ဘုရား။**

**ဝင့်ဝါသိန်း**

**(သာကေတ)**

ဖြေ။ ။ သီလရှင် သမိုင်း အစမှာ အလွန်ရှေးကျ၍ အင်းဝခေတ်တွင် **'သီတင်းသုံး သီလသည်'** စသည်ဖြင့် ခေါ်ခဲ့ပါသည်။ ကုန်းဘောင် ခေတ်ဦးတွင်မှ သီလရှင်ဟု စတင်သုံးနှုန်း ခေါ်ဝေါ်ခဲ့ပါသည်။ အထူးအားဖြင့် ရတနာပုံခေတ် မင်းတုန်းမင်း လက်ထက်တွင် ကသည်းမဏိပူရဇာတိ၊ သီလရှင်ဘွဲ့မည်–ဒေါ်ခေမာ၊ မြန်မာအခေါ် မယ်ကင်း(ဆရာကင်း)လက်ထက်တွင် သီလရှင်ခေတ် အထွန်းကားဆုံး ဟု ဆိုရပါမည်။ သီလရှင် ဆရာကင်းသည် ပရိယတ် စာပေ လွန်စွာတတ်ကျွမ်းသည်နှင့် အမျိုးသမီးဘဝနှင့်ပင် ဘုရားဆုကို ပန်နိုင်သည်ဟုဆိုကာ ဘုရားဆု ပန်ခဲ့ပါသည်။ (သောတတ္တကီကျမ်းတွင် ဂေါတမ ဘုရားအလောင်းသည် မင်းသမီးဘဝဖြင့် ဘုရားဆု ပန်ခဲ့ကြောင်း အထောက်အထား ရှိသည်။) ထို့ကြောင့် သီလရှင် မယ်ကင်းသည် မိန်းမဘဝ ဖြစ်သော်လည်း သီလရှင်ဖြစ်၍ ဣတ္ထိလိင် (မိန်းမ) အသုံးဖြစ်သော မယ်ကင်း၊ ဒေါ်ကင်း၊ ဆရာမကြီး၊ ဆရာမလေး စသော–အသုံးတို့ကို မသုံးစေဘဲ ဆရာကင်း၊ ဆရာကြီး၊ ဆရာလေး စသော အသုံးတို့ကို သုံးနှုန်းခေါ်ဝေါ် စေခဲ့ကြောင်း သိရပါသည်။ ထိုအခါမှစ၍ သီလရှင် လောက၌ ဆရာကြီး၊ဆရာလေး အသုံးတွင်ခဲ့ပါသည်။

လောကတွင် ကြီးမြတ်မှု ဟူသော ဝုဍ္ဎိမှာ ဂုဏဝုဍ္ဎိ၊ ဝယဝုဍ္ဎိ၊ ဇာတိဝုဍ္ဎိဟူ၍ ၃–မျိုးရှိရာ သီလစသော ဂုဏ်ကြီးမြတ်မှု ဂုဏဝုဍ္ဎိသည် ပထမ၊ အသက်ကြီးမှု ဝယဝုဍ္ဎိသည် ဒုတိယ ဖြစ်၍ အမျိုးမြတ်မှု ဇာတိဝုဍ္ဎိမှာ တတိယ ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ

သာသနာတော် အလိုအားဖြင့် ဂုဏဝုဓ်ရှိသူကို အသက်ကြီးသူ အမျိုးမြတ်သူတို့က ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ အရိုအသေပြုခြင်းတို့ကို ပြုထိုက်ပါသည်။ သီလ ရှိသူသည် ကျား မ မဟူ မြတ်ပါသည်။ သီလရှင်များသည် အဋ္ဌင်္ဂသီလခေါ် ရှစ်ပါးသီလကို အမြဲတမ်း ဆောက်တည်ကြသူများ ဖြစ်သည်။ ငါးပါးသီလသာ တည်သူ လူပုဂ္ဂိုလ်တို့က ရှိခိုးခြင်း၊ ပူဇော်ခြင်းတို့ကို ပြုထိုက်ပါသည်။ မဟောသဓာဇာတ်တွင် ဘုရားလောင်း မဟောသဓာ ပညာရှိသည် ဘေရိပရိဗိုဇ်မအား ရှိခိုးခြင်းကို သာဓက ပြသင့်ပေသည်။ ဘုရားတပည့်တော် တပည့်တော်မ အသုံးအနှုန်းကို သုံးနှုန်း ပြောဆိုခြင်းနှင့်စပ်၍ကား အထူး ဆိုစရာ မလိုတော့ပြီ။

✍ ✍ ✍

## ၁၁။ ဘိက္ခုနီနှင့် သီလရှင် အဝတ်အဆင်

**မေး။ ။ တစ်ခါက ရန်ကုန်မြို့သို့ ဘုရားဖူးရောက်ရာ ကမ္ဘာအေး သိမ်တော်ကြီး အတွင်း၌ ဘိက္ခုနီ ရဟန္တာမ ရုပ်တုများကို ဖူးတွေ့ရပါသည်။ ၎င်းတို့မှာ ရဟန္တာ ရုပ်တုများနှင့် အတူတူပင် ဖြစ်နေပါသည်။ တစ်ဖန် ကံဘဲ့ မိုးကောင်းဘုရားသို့ ရောက်၍ ဘိက္ခုနီ ရဟန္တာမ ရုပ်တုများကို ဖူးတွေ့ရပြန်သည်။ ၎င်းတို့ကတော့ ယနေ့ခေတ် သီလရှင်များ အတိုင်းပင် ဖြစ်ပါသည်။ ဘိက္ခုနီ ရဟန္တာမချင်း တူပါလျက် ကွဲပြားနေရာ တစ်နေရာရာကတော့ မှားနေပြီ ထင်ပါသည်။ ဘယ်ဟာ အမှန်ဖြစ်ကြောင်း ဖြေကြားပေးပါ ဘုရား။**

**ဒေါ်သန်းသန်းမြ၊**
**ပေါင်းတလည်မြို့။**

ဖြေ။ ။ ဘုရား လက်ထက်က ဘိက္ခုနီ ရဟန္တာမတို့သည် ရဟန်းတို့ ကဲ့သို့ပင် တိစီဝရိတ် သင်္ကန်းသုံးထည် ဝတ်ဆင်ရပြီး သပိတ်ဖြင့် ဆွမ်းခံစားကြရသည်။ ပရိက္ခရာ ရှစ်ပါးပင် ဆောင်ရပါသည်။ အမျိုး

သမီးဖြစ်၍ (သံကစ္စိက)ခေါ် ရင်စည်း(ရင်လွှမ်းတဘက် ဟု ဆရာတော် ဦးဖုမ် အနက်ပေး) တန်ဆာ တစ်မျိုးသာ ပိုပါသည်။ ပါတိမောက် သိက္ခာပုဒ် အချို့တွင် ရဟန်းနှင့် ဘိက္ခုနီ သင်္ကန်းချင်း လဲလှယ်၍ ဝတ်ရုံကြောင်းများ ပါသဖြင့် အဝတ်အဆင် ရဟန်းနှင့် ဘိက္ခုနီ မထူးခြားဟုဆိုရပါမည်။ အတွင်းခံ ရင်စည်းမှ တစ်ပါး သီလရှင်များ ကဲ့သို့ အတွင်းအင်္ကျီ၊ ချွေးခံ၊ ဂိုက်တို၊ ဂိုက်ရှည်များ မပါရှိခဲ့ပေ။ ထို့ကြောင့် ဒေါ်သန်းသန်းမြ ဖူးတွေ့ခဲ့ရသော ကမ္ဘာအေး သိမ်တော်ကြီး အတွင်းက ဘိက္ခုနီပုံတော်များက အမှန်ဖြစ်ပါသည်။ သီလရှင်နှင့်အတူ ထုလုပ်ထားသော မိုးကောင်းဘုရားမှ ပုံတော်များမှာ ထုလုပ်သူ ပန်းပုဆရာ၏ အယူအဆ အာဘောဂ အတိုင်းပင် ဖြစ်သည်ဟုသာ ယူဆဖွယ် ရှိပါသည်။

✍ ✍ ✍

## ၁၂။ ပါရာဇိကကျခြင်း ဟူသည်

**မေး။ ။ ပါရာဇိက ဟူသော စကား၏ အနက်အဓိပ္ပာယ်ကို သိလိုပါ၍ ရှင်းပြစေလိုပါသည်။ မည်သည့် အခါမျိုးကို ကျူးလွန်လျှင် ရဟန်းများ ပါရာဇိက ကျပါသနည်း။ ပါရာဇိက ကျပြီးလျှင် ရဟန်း အဖြစ်ဖြင့် နေထိုင်၍ ရပါသလား။ ဖြေကြား ပေးပါ ဘုရား။**

**ဦးဘရှင်**
**ပုသိမ်မြို့။**

ဖြေ။ ။ ပါရာဇိက ဟူသည်မှာ သာသနာတော်မှ ဆုံးရှုံးခြင်း ဟု အနက်အဓိပ္ပာယ် ရပါသည်။ ပါရာဇိက ကျသော ရဟန်းသည် သာသနာတော်၌ မည်သည့် အခါမှာမျှ ရဟန်းပြန်၍ ဖြစ်ခွင့်မရှိတော့ပါ။ ရဟန်းသည်(၁)မာတုဂါမ(လူနတ် တိရစ္ဆာန် မည်သည့် အမသတ္တဝါမျိုးမဆို)နှင့် မေထုန်အမှုကို ကျူးလွန်လျှင် သို့မဟုတ် (၂)ပါဒခေါ်တစ်မတ်(ရွှေစင်တစ်မတ်)ကိုဖြစ်စေ၊ တစ်မတ်တန် ပစ္စည်း

ကို ဖြစ်စေ၊ ယင်းထက် ပိုသော ဥစ္စာကို ဖြစ်စေ ခိုးယူလျှင်၊ သို့မဟုတ်(၃)လူဇာတ်ရှိသောသတ္တဝါကို သတ်လျှင်(အယုတ်ဆုံး ကိုယ်ဝန်ကျဆေးကျွေး၍ ကိုယ်ဝန်ဖျက်လျှင်)၊ သို့မဟုတ် (၄)မိမိ၌ မရှိသော ဈာန်–မဂ် ဖိုလ် တရားကို ရှိသည်ဟု ဝါကြွား ပြောဆိုလျှင် ပါရာဇိက ကျပါသည်။ ဤသို့ ပါရာဇိက လေးမျိုးရှိရာ တစ်မျိုးမျိုးကို ကျူးလွန်၍ ပါရာဇိက ကျလျှင် ရဟန်းဘဝတွင် နေခွင့်မရဘဲ လူထွက်၍ ဖြစ်စေ၊ သာမဏေ အဖြစ်ဖြင့် ဖြစ်စေ နေရပါသည်။ သာမဏေ အဖြစ်ဖြင့် နေလိုလျှင်လည်း ရေးဦးစွာ လူထွက်၍ သရဏဂုံ သီလခံယူပြီးမှ သာမဏေ ပြုရပါသည်။ (အကျဉ်းသိသာရုံ ဖြေဆိုခြင်းဖြစ်၍ အကျယ်သိလိုလျှင် မိမိနှင့် နီးစပ်ရာ ဆရာတော် သံဃာတော်များနှင့် ဆွေးနွေးကြရန် ဖြစ်ပါသည်။)

✍ ✍ ✍

## ၁၃။ အဘိဓမ္မာ (၇)ကျမ်း ဟောရက်များ

**မေး။ ။ မြတ်စွာဘုရားသည် ခုနစ်ဝါမြောက်၌ တာဝတိံသာတွင်ဝါဆို၍ ဝါတွင်း၃–လ ပတ်လုံး အဘိဓမ္မာ တရားတော်ကို ဟောတော်မူသည်ဟု ဆိုပါသည်။ အဘိဓမ္မာ၇–ကျမ်းရှိရာ မည်သည့်ကျမ်းကို ရက်ဘယ်မျှ ဟောတော်မူကြောင်း သိလိုပါသည် ဘုရား။**

**စောမိုးမြင့်**

**ကံပေါက်၊ ရေဖြူမြို့နယ်။**

ဖြေ။ ။ မြတ်စွာဘုရားသည် အဘိဓမ္မာ၇–ကျမ်းကို ဝါတွင်း ၃–လပတ်လုံး ဟောတော်မူရာ၌–

(၁)ဓမ္မသင်္ဂဏီ ၁၂–ရက်၊ (၂)ဝိဘင်္ဂ ၁၂–ရက်၊ (၃)ဓါတုကထာ ၆–ရက်၊ (၄)ပုဂ္ဂလပညတ် ၇–ရက်၊ (၅)ကထာဝတ္ထု ၈–ရက်၊ (၆)ယမိုက် ၂၀–ရက်၊ (၇)ပဋ္ဌာန်း ၂၅–ရက် ပေါင်း၉၀–ရက် ဟောတော် မူပါသည်။

**ဆောင်ပုဒ်လေးဆစ်ချိုး**

မြွှသင် ဝိဘင်၊ ဒွါဒသ ရက်စိ ။ ခြောက်ရက်ကြာ ကျမ်းတောတတ်ရယ်နှင့်၊ ပုဂ္ဂလာ ခုနစ်ရက်၊ ဟောမြွက် တစ်လီ။ ။ ကထာဝတ် ရှစ်ရက်ညီ၊ ဝိသာပယမက။ ပဋ္ဌဝိ မြတ်ပဋ္ဌာန်း၊ မှတ် တမ်း ကိုးဆယ်ရက်၊ ဟောမြွက်ကာလ။ ။

## ၁၄။ "ဥုံ မဏိ ပဒ္မေဟုံ" မည်သည့် အသံထွက်ရ မည်နည်း

**မေး။ ။ ကျွန်တော်သည် ဓမ္မမိတ်ဆွေ တစ်ဦးထံမှ "ဥုံ မဏိပဒ္မေဟုံ" ဟူ သော ဂါထာ မန္တန်ကို ရပါသည်။ ၎င်းကို ရွတ်ဆို၍ ပုတီးတစ်လုံး ချရမည်ဟု ထိုမိတ်ဆွေက ညွှန်ပါသည်။ ထိုဂါထာမန္တန်ကို ရွတ်ဖတ်ရာ၌ အချို့က "မဏိ ပဒ် မေဟုံ"ဟု အသံထွက်ရမည် ဆိုပါသည်။ အချို့က "မဏိပဒမေဟုံ"ဟု အသံထွက်ရမည် ဆိုပါသည်။ ဘယ်ဟာ အမှန်ဖြစ် ကြောင်း ဖြေကြားပါ ဘုရား။**

ဦးသန်းညွန့်
ပန်းဒါလေးဆောက်ဆိုင်။

ဖြေ။ ။ ဤ"ဥုံ မဏိ ပဒ္မေဟုံ"ဟူသော မန္တန်မှာ မြောက်ပိုင်းဗုဒ္ဓ ဘာသာ (မဟာယာနဂိုဏ်း)ဆိုင်ရာ မန္တန် ဖြစ်သည်။ ဦးသန်းညွန့်စာတွင် ပါသကဲ့သို့ အဆင့် ဓလုံးမှာ "ဒနှင့်မ" မဟုတ်၊ "ဒနှင့်မ"ဆင့်ထားခြင်း ဖြစ်သည်။ သက္ကတဘာသာ ဖြစ်၍ ပါဠိသံ နှင့် ဆိုက "ပဒုမ"ဖြစ်သည်။ အတို "ပဒ္မ"ဟု ဒနှင့်မ ဆင့်ရပါသည်။ အသံထွက်ဖတ်လျှင် ပဒ် မေ ဟုံ ဟု လည်းကောင်း၊ ပဒ မေ ဟုံ ဟု လည်းကောင်း မဖတ်ရပါ။ ဒသံကို သရကင်းသော ဒဖြစ်၍ ဒသံ ထက်ဝက်မျှသာ ထွက်ပြီး မဏိ ပဒ်မေ (ပါဠိ ပဒုမေကို အာရုံပြု၍) ဒသံထက်ဝက်ဖြင့် မေကို တစ်ဆက်တည်း ဆိုပါ။ "ပဒုမာ ကြာ

တိုက်၌ ကိန်းဝပ်တော်မူသော အဝလောကိတေသွရ အရှင်ကို ရှိခိုးပါ၏”ဟု ဆိုလိုပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာ ဆိုင်ရာ မဟုတ်သဖြင့် ဤမန္တန်ကို အသုံးမပြုသည်သာ ကောင်းပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင် အနေဖြင့် ထေရဝါဒ မဟာနမက္ကာရ “နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”ကိုသာ အရာခပ်သိမ်း အသုံးပြုသင့်ကြောင်း တိုက်တွန်းလိုပါသည်။

## ၁၅။ တစ်ထိုင်ဥပုသ်

**မေး။ ။ ဥပုသ်သီလ ဆောက်တည်ရာတွင် ကိုယ် မဆောက်တည်နိုင်ဘဲ လိုက်ဆိုသောအခါ ရဲကြီးပါ သလား။ တစ်ထိုင်ဥပုသ် ရှိသည် ဆိုသည်မှာ တကယ်ပါလား။ ကျမ်းကိုးများနှင့် ဖော်ပြဖြေကြား ပေးစေလိုပါသည် ဘုရား။**

**မာမာ**

**၄၊ စံရိပ်ငြိမ်**

**ကမာရွတ်။**

ဖြေ။ ။ ဥပုသ် ဆောက်တည်ရာ၌ ၈-ပါးသီလ၊ ၁၀-ပါးသီလ ဟူ၍ ရှိပါသည်။ ရှစ်ပါးသီလတွင် မေတ္တာထည့်၍ ကိုးပါးသီလ ဟူ၍လည်း ရှိပါသည်။ နှစ်သက်ရာကို ဆောက်တည်နိုင်ပါ၏။ ဥပုသ်သီလ၌ အနည်းဆုံး ၈-ပါးသီလ ဖြစ်ရာ ၎င်း၈-ပါးသော သိက္ခာပုဒ်တို့တွင် အချို့ကို မဆောက်တည်နိုင်၍ ၇-ပါးသာ ဆောက်တည်မည်၊ ၆-ပါးသာ ဆောက်တည်မည်ဟု ချွင်းချန်၍ မဖြစ်ပါ။ ၈-ပါးသီလတွင် ပဓာန ဖြစ်သော“အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ”ဟူသော ဗြဟ္မစရိယ သိက္ခာပုဒ်တော်
5 ကြီး ခိုင်မာတည်တံ့နိုင်ရန် အတွက် ညစာစားမှု ဝိကာလ ဘောဇန

သိက္ခာပုဒ်၊ နစ္စ ဂီတ စသော ကိုင္ဒန မဏ္ဍန မစတနာ ခြူးဝှူး သာယာ တန်ဆာဆင်ခြင်း ဟူသော ရာဂပြဋ္ဌာန်းမှုဆိုင်ရာ သိက္ခာပုဒ်နှင့် ဥစ္စာသယန မဟာသယန စသော ရာဂအားပေး ထွေးနွေးညှံ့နူး အထူးထူး ကောင်းမွန်သော အိပ်ရာနေရာတို့၌ အိပ်စက်မှုတို့ကို ရှောင်ရှားရခြင်း ဖြစ်သည်။ ယင်းတို့မှ တစ်ပါးပါးကို ချန်ထား၍ ဥပုသ်စောင့်ခြင်းမျိုး ဟူ၍ မရှိပါ။ ကိုယ် မဆောက်တည်နိုင်၍ လိုက်မဆိုဘဲ နေရမည်ဟူ၍လည်း မဖြစ်သင့်ပါချေ။ ဥပုသ်သီလ သည် မစောင့်ဘဲနေ၍ အပြစ် မရှိသော်လည်း စောင့်ပြီးမှ ပျက်လျှင် ကား အပြစ်ရှိပါသည်။ ထို့ကြောင့် အားလုံး မကျင့်သုံးနိုင်လျှင် မစောင့်ဘဲ နေခြင်းကသာ ကောင်းပါသည်။

တစ်ထိုင်ဥပုသ် ဟူသော ဝေါဟာရ အနေဖြင့် စာပေတွင် မလာမရှိသော်လည်း "ကာလပရိယန္တ ဥပုသ်" ဟူ၍ကား ထင်ထင်ရှား ရှား လာရှိပါသည်။ ကာလပရိယန္တ ဥပုသ် ဟူသည်မှာ ဆိုခဲ့သော ၈-ပါးသီလကိုပင် ခံယူခါနီးတွင် "ငါသည် ဤဥပုသ်သီလကို ဤ ကျောင်းတိုက်အတွင်း၌ ရှိစဉ် ဆောက်တည် ပါမည်။ နံနက်၉- နာရီမှ ၁၂-နာရီ အတွင်း၌သာ ဆောက်တည် ပါမည်။ ဤနေ့ နေဝင်ချိန်အထိ ဆောက်တည်ပါမည်" စသဖြင့် ဆောက်တည်နိုင် မည့် အခါကာလကို သတ်မှတ်၍ ခံယူနိုင်ပါသည်။ ဤနည်းဖြင့် မဆောက်တည်နိုင်၍ လိုက်မဆိုခြင်း စသည် မလိုအပ်တော့ဘဲ မိမိ တတ်နိုင်သည့် အခါကာလကိုသာ ကြိုတင်သတ်မှတ် အဓိဋ္ဌာန်ပြုထား ရန် လိုအပ်ပေတော့သည်။ ကျမ်းကိုးလိုပါက ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပထမစာအုပ် ၁၁-၁၂-၌ သော်လည်းကောင်း၊ မဟာဗုဒ္ဓဝင် ပထမတွဲ အနုဒီပနီ(ဏ)၌ သော်လည်းကောင်း ယူနိုင်ပါသည်။ ဤတွင် ပါဠိ များကို မဖော်ပြတော့ပါ။

## ၁၆။ နတ်သိကြားတို့နှင့် အဆင်တန်ဆာ

**မေး။** ။ နတ်သိကြား ဗြဟ္မာတို့၏ အရောင်အသွေး သဏ္ဌာန် အဆင် တန်ဆာတို့သည် မည်သို့ ခြားနားသည်၊ မခြားနားသည်ကို သိလိုပါသည် ဘုရား။ (ငင်းပြင် မကာရှု စသော နတ်မင်းကြီး လေးပါး၏ ပုံသဏ္ဌာန်များ ကို မည်သို့ ခွဲခြားထုလုပ် ရပါမည်နည်း။)

**အရှင်စန္ဒောဘာသ**

**သထုံမြို့၊ သာသနာ့ရိပ်သာ။**

ဖြေ။ ။ နတ်သိကြား ဗြဟ္မာတို့တွင် ရိုးရိုးနတ်တို့မှာပင် အရောင် အသွေး အသွင်သဏ္ဌာန် အဆင်တန်ဆာတို့သည် ကုသိုလ် ကံ အကြီးအသေးအရ ကွာခြားမှု ရှိကုန်၏။ စတုမဟာရာဇ် နတ် အချင်းချင်း လည်းကောင်း၊ တာဝတိံသာ နတ်အချင်းချင်း လည်း ကောင်း တူညီမှု မရှိကြ။ အရောင်အသွေး စသည်သာမက ဥယျာဉ် ဗိမာန် စသည် စည်းစိမ်ချမ်းသာချင်းလည်း ကွာခြားမှု ရှိကြသည်။ မြတ်ဗုဒ္ဓဘုရား လက်ထက်က ရဟန်းအဖြစ်မှ တာဝတိံသာနတ် ဖြစ်သွားသော အနေကဝဏ္ဏနတ်သား စသည်တို့သည် ရဟန်းတရား အား ထုတ်ခဲ့သော အရှိန်ကြောင့် အခြားနတ်တို့ထက် အရောင်အသွေး အသွင်သဏ္ဌာန် အဆင်တန်ဆာ သာမက စည်းစိမ်ချမ်းသာတို့ပါ သာလွန်ကြောင်း၊ ၎င်းနတ်သားများ အခြံအရံဖြင့် ထွက်လာလျှင် အခြားနတ်များက ရောင်မှိန်နေရကြောင်း၊ အနေကဝဏ္ဏနတ်သား ဒသာရထနတ်သားတို့၏ စည်းစိမ်သည် သိကြားမင်းထက်ပင် သာလွန်ကြောင်း ဆိုပေသည်။

ဤတွင် နတ်တို့၏ အဆင်တန်ဆာ ဆိုသည်မှာ မြန်မာပန်းချီ ရုပ်တုတို့၌ တွေ့ရသော မကိုဋ်၊ စလွယ်၊ ခါးတောင် စသည်တို့ဖြင့် ကော့ပျံနေသော အဝတ်တန်ဆာများအတိုင်း ဖြစ်သည်ဟု ပုံသေ မမှတ်အပ်ပါ။ မြန်မာပန်းချီ ရုပ်တုတို့ကား မြန်မာ့ယဉ်ကျေးမှု၊

မြန်မာ့ဓလေ့အတိုင်း အနုပညာဖြင့် ဖန်တီးထားကြခြင်း ဖြစ်သည်။ အမှန်အားဖြင့် မြန်မာ့နန်းတွင်း အဝတ်တန်ဆာ၊ မြန်မာမင်းဝတ်တန်ဆာတို့ကို ဆင်ယင်ပေးထားခြင်း ဖြစ်သည်။ နတ်ဟူသည်မှာ ဘဝအထူးအမြတ်ဖြစ်၍ ယင်းတို့၏ တန်ဆာများကိုလည်း မိမိလူမျိုး ယဉ်ကျေးမှု၏ အထွတ်အမြတ် ဖြစ်သော မင်းဝတ် တန်ဆာတို့ကို ဆင်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် မြန်မာနတ်ပုံသဏ္ဌာန်တို့မှာ မြန်မာနန်းတွင်းဘုရင်တို့၏ အဘိသေကမင်္ဂလာ အဝတ်တန်ဆာများနှင့် ဖြစ်နေရပေသည်။

ထိုနည်းအတူပင် အိန္ဒိယနတ်တို့သည် အိန္ဒိယ နန်းတွင်း ဝတ်စားတန်ဆာများဖြင့် လည်းကောင်း၊ တရုတ်၊ ဂျပန်နတ်တို့သည် တရုတ်၊ ဂျပန် နန်းတွင်း ဝတ်စားတန်ဆာများဖြင့် လည်းကောင်း ရှိနေကြသည်ကို ဆိုင်ရာပန်းချီကားများတွင် တွေ့မြင်နိုင်ပေသည်။ အမှန်အားဖြင့် လူမျိုးဓလေ့အရ အကောင်းဆုံး၊ အမြတ်ဆုံး ဝတ်စားတန်ဆာများသည်ပင် နတ်ဝတ်တန်ဆာများ ဖြစ်ကြောင်း မှတ်သားသင့်ပေ၏။ နတ်တို့သည် မိမိပြုခဲ့သော ကုသိုလ်ကံအရ တစ်ဦးထက် တစ်ဦး ထူးခြားမှု ရှိကြပြီးလျှင် နတ်တို့ထက် ဗြဟ္မာတို့က ပိုမိုကြီးကျယ်နိုင်ကြောင်း တွေးခေါ် ယူဆနိုင်ပါ၏။

ကျမ်းဂန်တို့တွင် နတ်ဗြဟ္မာတို့သည် မနောပကာယ် (စိတ်အလိုရှိသမျှ ကိုယ်ခန္ဓာ လုပ်နိုင်သူများ) ဖြစ်ကြ၍ ရေးကံအရ မိမိ ဖြစ်လိုသော ရုပ်အဆင်း အဆင်တန်ဆာ စည်းစိမ်ချမ်းသာများကို ဖြစ်စေနိုင်ကြောင်း၊ မိမိ ဖြစ်လိုသော အရောင်အသွေးကို ဖန်တီးနိုင်ကြကြောင်း ဆိုပေသည်။ "ကမ္မဝိပါကော အစိန္တိယော" ဖြစ်၍ ကြံစည်တွေးဆ၍ မနေသင့်တော့ပေ။

ဝေဟရဠ္ဍ စသော နတ်မင်းကြီးတို့၏ ပုံသဏ္ဌာန် စသည်တို့ကိုလည်း ပန်းချီရုပ်တုသမားတို့၏ စိတ်ကူးအရပင် ပြုကြသည်။ အလားတူပင် နဂါးတို့ကို အစိုးရသော ဝိရူပက္ခ နတ်မင်းကြီး ရုပ်တုတွင် နဂါးခေါင်းတပ်ခြင်း၊ ဘီလူးတို့ကို အုပ်စိုး၍ ကုဝေရနတ်မင်းကြီး ရုပ်တုတွင် ဘီလူးခေါင်းတပ်ခြင်း စသည် ပြုလုပ်ကြခြင်း ဖြစ်သည်။ ကျမ်းဂန် စာပေအရ ညွှန်ပြစရာလည်း မရှိပေ။ မိမိတို့၏ စိတ်ကူးသည်ပင် ပုံသဏ္ဌာန်တို့၏ စံဖြစ်လိမ့်မည်ဟု ထင်မြင်မိပေသည်။

✍ ✍ ✍

## ၁၇။ ဥပုသ်စောင့်နှင့် အလှူပေး ပုတီးစိပ်နှင့် တရားထိုင်

**မေး။ ။ (၁) ဥပုသ်စောင့်ခြင်းနှင့် အလှူပေးခြင်းတွင် မည်သည့် အရာက ပို၍ မြင့်မြတ်ပါသလဲ ဘုရား။**

**(၂) ပုတီးစိပ်ခြင်းနှင့် တရားထိုင်ခြင်းသည် မည်သည့် အရာက ပိုကောင်းပါသလဲ။**

**(၃) သက်သတ်လွတ် စားခြင်းနှင့် မီးလွတ်စားခြင်းသည် မည်သို့သော အကျိုးကျေးဇူးများ ကွာခြားပါသလဲ။**

**မောင်အောင်သန်း**

**အလယ်ကုန်းရပ်ကွက်၊ သုံးဆယ်မြို့။**

ဖြေ။ ။ (၁) ဥပုသ်စောင့်ခြင်းသည် သီလဖြစ်၍ အလှူပေးခြင်း ဒါနထက် ပို၍ မြင့်မြတ်ပါသည်။ (၂) ပုတီးစိပ်ခြင်းမှာ သမထဘာဝနာမျိုးသာ ဖြစ်၍ တရားထိုင်ခြင်း ဝိပဿနာ ဘာဝနာလောက် အဆင့်မမြင့်ပါ။ သမထထက် ဝိပဿနာက ပိုမို ကောင်းမွန်ပါသည်။ (၃) သက်သတ်လွတ်စားခြင်း ဟူသည်မှာ သတ္တဝါတို့၏ အသားကို မစားမသောက်ခြင်း ဖြစ်သည်။ မီးလွတ်စားခြင်း ဟူသည်မှာ ချက်ပြုတ်ဖုတ်ကင်သော အရာဝတ္ထုဟူသမျှကို မစားဘဲ သစ်သီး

သစ်ရွက် စသည်တို့ကို စားခြင်းဖြစ်သည်။ နှစ်မျိုးလုံးပင် အလိုနည်းမှု၊ ရောင့်ရဲလွယ်မှု အခြင်းအရာများပင် ဖြစ်ပါသည်။

ယင်းတို့တွင် သက်သတ်လွတ်ထက် မီးလွတ်ကပင် ပိုမို၍ အလိုနည်းမှု ရောင့်ရဲလွယ်မှု ရှိပါသည်။ သတ္တဝါတို့၌ မေတ္တာထားခြင်း၊ ရသတဏှာကို ဖိနှိပ်ခြင်းများဖြစ်၍ နှစ်မျိုးလုံးပင် အကျိုးရှိပါသည်။ သို့သော် ဤသို့ စားသုံးနေထိုင်သည်ဟု ထင်ရှားစေခြင်း၊ ပလွားခြင်းမျိုး ဖြစ်လျှင်ကား အကျိုးထက် အပြစ်ပိုလာနိုင်စရာပင် ရှိပါသည်။ မြတ်စွာဘုရား၏ အလိုတော်မှာမူ မည်သည့်အစာကိုပင် စားစား ရသတဏှာ မပွားစေဘဲ တရားသဘော နှလုံးသွင်းနိုင်ရေးသာ ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

## ၁၈။ ဥဒါန်း ၃-ဂါထာနှင့် သတ္တသတ္တာဟ ဆွမ်းကိစ္စ

**မေး။ ။ ဘုရားဖြစ်တော်မူစ ယဒါဟဝေ စသော ဥဒါန်း ၃-ဂါထာ ကျူးရင့်တော်မူကြောင်း သိရပါသည်။ ထိုဥဒါန်း ဂါထာတော်များကို ကျက်မှတ်နိုင်ရန် ဖော်ထုတ်ပေးပါရန် ပန်ကြားပါသည်။ ထို့ပြင် ဘုရားဖြစ်တော်မူပြီး ကဆုန်လပြည့်ကျော် ၁-ရက်နေ့မှစ၍ သတ္တာဟ (၇)ကြိမ် စံတော်မူစဉ် မည်သည့် ဆွမ်းဘောဇဉ်များကို မည်သူများမှ ဆက်ကပ်ပူဇော်ကြောင်း သတ္တာဟ တစ်ခုစီအလိုက် ဖော်ပြပေးပါဘုရား။**

**ဦးသန်းလွင်**
**အမှတ် ၁၈၂၊ ၄၅ လမ်း**
**ဗိုလ်တထောင်။**

ဖြေ။ ။ ဥဒါန်း ၃-ဂါထာကို နောက်တွင် ဖော်ပြပါအံ့။ သတ္တာဟ (၇)ကြိမ် ဆွမ်းကိစ္စနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ဗုဒ္ဓဝင် ထုတ်နှုတ်ချက်ဖြင့် သိသာနိုင်ပါသည်။ “ထိုသို့ လေးဆယ့်ကိုး လုတ်ပြု၍ဘုဉ်းပေးအပ်သော နို့ဃနာသည်ပင် ဘုရားဖြစ်ပြီးနောက်

သတ္တသတ္တာဟ (၄၉)ရက်ပတ်လုံး ဗောဓိပင်အနီး၌ သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာဘုရားအတွက် လေးဆယ့်ကိုးရက်စာ အာဟာရဖြစ်လေသည်။" (မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ -၂၇၇၊၂၇၈)

ပထမ ဗုဒ္ဓဝစန ဥဒါန်းဂါထာသည် စိတ်ဖြင့် ကျူးရင့်သော မနသာဥဒါန်း၊ နှုတ်တော်ဖြင့် ကျူးရင့်သော ဝစသာဥဒါန်း ဟူ၍ ၂-ပါးရှိသည်။ ယခုဦးသန်းလွင် သိလို ကျက်မှတ်လို သော ယဒါဟဝေ ၃-ဂါထာမှာ ဝစသာ ဥဒါန်းတော် ဖြစ်ပါသည်။

(၁) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

(၂) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

(၃) ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။

✍ ✍ ✍

## ၁၉။ ဘုရား ကိုးကွယ်ခြင်း

**မေး။ ။ (၁) ဘုရားနှစ်ဆူ ကိုးကွယ်ကောင်းပါသလားဘုရား။**
**(၂) ဘုရားပန်းအိုး ၂-လုံးထား တင်ကောင်းပါ သလား။ (သို့**

မဟုတ်) ဘုရားပန်းအိုးကို မည်မျှလောက် ထားသင့်ပါသလဲ
ဘုရား။

မောင်းဝင်းမြင့်
လမ်းမတော်မြို့နယ်။

ဖြေ။ ။ မိမိအိမ် ဘုရားစင်၌ ဘုရားပုံတော် မည်မျှပင် ထားသည် ဖြစ်စေ၊ မိမိတို့ ရည်မှန်းကိုးကွယ်ရာ ဖြစ်သော ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား တစ်ဆူတည်းပင် ဖြစ်ပါသည်။ မိမိစိတ်က ဘုရား တစ်ဆူနှစ်ဆူပါ သဘောမထားဘဲ ပုံတော် အမျိုးအစား ကွဲပြားခြားနား သည့် တစ်ဆူတည်းသော ဘုရားသာ ဖြစ်ကြောင်း စိတ်က ထားရှိ ကြည်ညိုရန်သာ လိုပါသည်။ အချို့ ပုဂ္ဂိုလ်များမှာ ဘုရားပုံတော်မုဒြာ (လက်တော်ထားပုံ အစုံအလင်) ပုံတော်စုံ ထားရှိကိုးကွယ်ကြသည် ကိုပင် တွေ့ဖူးပါသည်။ ဘုရားပန်းအိုး ထားရှိရာ၌လည်း မိမိတို့ စိတ်ကြည်ညိုသလောက် လှပပြည့်စုံစွာ ထားရှိ ပူဇော်သင့်သဖြင့် မည်မျှထားရှိသင့်သည်ဟု ကန့်သတ်ချက် မရှိပါ။

## ၂၀။ ဘုရားပြစ်မှားသူ မာရ်နတ် မြေမျို–မမျို

**မေး။ ။ မြတ်စွာဘုရား၏ အသက်ကို လုပ်ကြံသူ ဒေဝဒတ် မြေမျို၍ အဝီစိကျရ၏။ လူ့ပုံလယ်၌ မြတ်စွာဘုရားကို အရှက်ခွဲသည့် စိဉ္စမာနလည်း မြေမျို၍ အဝီစိသို့ကျရ၏။ သို့ရာတွင် လက်ရုံးတစ်ထောင် ဖြင့် မြတ်စွာဘုရားအား စစ်တိုက်၍ အစဉ်နှောင့်ယှက်နေသူ မာရ်နတ်မှာ အဘယ်အကြောင်းကြောင့် မြေမျို၍ ငရဲကို မကျပါသလဲ အရှင်ဘုရား၊ ဖြေ ကြားပေးတော်မူပါဘုရား။**

**ကိုဟန်ဝင်း**
**င–၅၇၄၊ လှိုင်သဇင်လမ်း**
**၁၂–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။**

ဖြေ။ ။မာရ်နတ်သည် နတ်ပြည်ခြောက်ထပ် အထက်ဆုံး ဝသဝတ္တီနတ်ဘုံမှ ဖြစ်၍ တန်ခိုးလည်း ကြီးမားသည်။ ထိုတန်ခိုးကြီးသော အထက်နတ်ဘုံသားတို့သည် မိမိတို့ နတ်ဘုံမှအပ အခြား လူ့ပြည် စသည်တို့၌ စုတေ(သေလွန်)ရသော ထုံးစံမရှိ၊ မိမိနတ်ဘုံ မှာသာ စုတေရမြဲဖြစ်သည်။ ထို့ကြောင့် မာရ်နတ်သည် မြတ်စွာဘုရားအား ပြစ်မှားသော်လည်း မြေမျိုခြင်း စသော လူ့ဘုံ၌ဖြစ်သည့် ဘေး ဒုက္ခနှင့် စုတေ ကွယ်လွန်ရခြင်းမျိုး မဖြစ်ဟု မှတ်ရာ၏။ သို့သော် ယင်းအကုသိုလ်ကံများကြောင့် ၎င်းဆိုင်ရာ ဝသဝတ္တီ နတ်ပြည်သို့ ပြန်၍ သက်တမ်းမကုန်မီဖြစ်စေ၊ အသက်တမ်းကုန်၍ ဖြစ်စေ၊ ကွယ်လွန်၍ အဝီစိငရဲသို့ ဖြစ်စေ၊ အဝီစိနှင့် အလားတူသော ငရဲသို့ဖြစ်စေ ကျရောက် ရပေလိမ့်မည်။

သာဓကမှာ ဒူသီ မည်သော မာရ်နတ်သည် ဤကမ္ဘာ၌ အစဦးဆုံး ပွင့်တော်မူသော ကကုသန် မြတ်စွာဘုရား၏ လက်ယာတော်ရံ အရှင်ဝိဓုရအား ဦးခေါင်းကွဲအောင် နှိပ်စက်၍ ကကုသန်မြတ်စွာဘုရားက "ဤဒူသီမာရ်နတ်သည် မိမိ၏အတိုင်းအရှည်ကို မသိစွတကား" ဟု မိန့်တော်မူ၏။ ထိုမာရ်နတ်သည် မိမိအား မြတ်စွာဘုရား သိတော်မူပြီဟု ဝသဝတ္တီ နတ်ပြည်သို့ ပြန်သွား၏။ နတ်ပြည်ရောက်၍ မကြာမီပင် နတ်သက်ကြွေကာ ဆဖဿာယတနိက ငရဲကြီး ဟူ၍လည်းကောင်း၊ သင်္ကုသမာဟတ ဟူ၍လည်းကောင်း၊ ပစ္စတ္တဝေဒနီယ ဟူ၍လည်းကောင်း သုံးမည်ရသော (အဝီစိတမျှ ဒုက္ခခံစားရမှု ပြင်းထန်ဆိုးဝါးလှသည့်) ငရဲ၌ ဖြစ်ရလေသည်။ (အကျယ် မူလ ပဏ္ဏာသ၊ မာရတဇ္ဇနီယသုတ်၊ မဟာဗုဒ္ဓဝင်–တတိယ–၆၆၆)

## ၂၁။ ရွှေပေလွှာ

မေး။ ။ ဆရာတော်ဘုရား မည်သည့်ဆရာတော်ကြီး အိပ်မက်၊ မည်သည့် ရသေ့ကြီး အိပ်မက် စသည်ဖြင့် တံဆိပ်ခေါင်း ကပ်၍ မည်သို့ လုပ်ပါ။ ဤစာကို မိတ္တူကူး၍ အစောင်–၂၀ ဝေငှပါ။ မဝေ၍ မည်သူမည်သို့ ဒုက္ခရောက်သွားပြီး၊ ဝေ၍ မည်သူမည်သို့ အကျိုးဖြစ်သည် စသော ခြောက်လုံး မြှောက်လုံးများဖြင့် စာများ စာတိုက်မှ လူပေါင်းများစွာထံ ရောက်လာတတ် ပါသည်။ လောလောဆယ် တပည့်တော်ထံ ရောက်နေပါသည်။ အလုပ်ရှုပ်၍ အလွန် စိတ်ညစ်စရာ ကောင်းလှပါသည်။ မည်သို့လုပ်ရမည် မသိပါ။ သူ့ အတိုင်း လိုက်နာသင့်၊ မသင့် ဖြေကြားတော်မူပါဘုရား။

ကိုအောင်ဇော်ဝင်း
၆၃ (အေ) နတ်မောက်လမ်းသွယ်၊
ရန်ကုန်မြို့။

ဖြေ။ ။ ဤကဲ့သို့ ရှုပ်နှောက် ခြောက်လှန့်မှုမျိုးများမှာ ရှေးရှေး ကပင် ရှိခဲ့ဟန် တူပါသည်။ ဘိုးတော်မင်းတရားကြီး လက်ထက် သိကြားမင်းချသော ရွှေပေလွှာဟူ၍ ရဖူးသည်။ မင်း တရားကြီးက အမတ်ကြီး ဦးပေါ်ဦးအားပြ၍ ဦးပေါ်ဦးက "အလွန် တော်ပါပေသည်။ ချီးမွမ်းဖွယ် ကောင်းပါပေသည်" ဟု ဆိုသည်။ ဘုရင်က "ဟဲ့– ပေါ်ဦးရဲ့ သိကြားမင်း ရွှေပေလွှာပဲ သည်လောက် ချီးမွမ်းစရာ မလိုပါဘူး" ဟု ဆို၍ "မှန်ပါ–သိကြားမင်းကို ချီးမွမ်းသည် မဟုတ်ပါ။ တာဝတိံသာရောက်အောင်သွားပြီး မိုင်းကိုင်စက္ကူရောင်း သူကို ချီးမွမ်းခြင်းပါဘုရား" ဟု လျှောက်ထားလေသည် ဟူ၏။

အမှန်မှာ ဤရွှေပေလွှာ ဆိုသော စာနှောက်စာပြောင်မျိုးများကို ရေးယူမှုထား စိတ်များ ညစ်ညူး၍ မနေသင့်။ သူ့ကို ကူးယူဝေငှ၍ လည်း အကျိုးမရ။ မဝေငှ၍လည်း အပြစ်မရှိနိုင်ပါ။ သတ္တဝါတို့မှာ "ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရ

ဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမိ"ဟူသော မြတ်စွာဘုရား ဟောတော်မူသည့် အဘိဏှသုတ် ပါဠိတော်အတိုင်း ကံအကြောင်းတရားအရ ကောင်းသော ကုသိုလ်အမှုကို ပြုလျှင် ကောင်းသော အကျိုးတရားကို ခံစားရမည်။ မကောင်းသော အကုသိုလ်အမှုကို ပြုလျှင် မကောင်းသောအပြစ်များကို ခံစာရမည်သာ ဖြစ်ပေသည်။ ငင်းရွှေပေလွှာကို ဝေငှခြင်း၊ မဝေငှခြင်းမှာ ကုသိုလ် အကုသိုလ် မဟုတ်ပေ။ အလုပ်ရှုပ် ရုံသာမက အခြားသူများအား ဒုက္ခပေးသော စာဖြစ်သဖြင့် လျစ်လျူရှုထားခြင်းသာ အမှန်တရား ဖြစ်ကြောင်း ဖြေကြားလိုက်ပါသည်။

✍ ✍ ✍

## ၂၂။ အရှင်အာနန္ဒာ အရှင်ဥပဂုတ်နှင့် ဗုဒ္ဓ၏ခေတ်

**မေး။** ။ (၁) အရှင်အာနန္ဒာနှင့် အရှင်နန္ဒမထေရ် ၂-ပါးတွင် မည်သည့်မထေရ်သည် မြတ်စွာဘုရား၏ ညီတော် ဖြစ်ပါသနည်း။ (အချို့စာအုပ်များတွင် ညီတော်အာနန္ဒာဟု ရေးထားသဖြင့် မေးခြင်း ဖြစ်ပါသည် ဘုရား။)

(၂) ရဟန္တာ ရှင်ဥပဂုတ်သည် ဘုရား သာသနာတော်တွင် မည်သည့်ခေတ် မည်သည့်ရာစု အချိန်တွင် ပေါ်ထွန်းခဲ့ပါသနည်း။

(၃) သမိုင်း သုတေသီများသည် မြတ်စွာဘုရား၏ မွေးဖွားချိန်ကို ဘီစီ ၆၂၃-ဟု လည်းကောင်း၊ ၅၆၃-ဟု လည်းကောင်း တင်ပြကြပါသည်။ မည်သည်က မှန်ကန်တိကျ ပါသလဲ ဘုရား။

စိုးနောင်နောင်
ငန်းတေးရွာ၊
မော်လမြိုင်မြို့။

ဖြေ။ ။ (၁) အရှင်အာနန္ဒာသည် ဘုရားခမည်းတော် သုဒ္ဓေါဒန မင်းကြီး၏ ညီတော် အမိတ္တောဒန သာကီဝင်မင်း၏ သားဖြစ်၍ မြတ်စွာဘုရား၏ ညီတော် တစ်ဝမ်းကွဲ (ဖွားဖက်တော်လည်း) ဖြစ်ပါသည်။ အရှင်နန္ဒသည် သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော် ဂေါတမီတို့၏ သားဖြစ်၍ မြတ်စွာဘုရား၏ ညီတော်ရင်း (ဖတူ မိကွဲ) ဖြစ်ပါသည်။

(၂) ရှင်ဥပဂုတ် ရဟန္တာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာ ၂၁၈–၌ နန်းတက်၍ ၂၃၅ တွင် တတိယ သင်္ဂါယနာ တင်ခဲ့သော အသောကမင်းကြီး လက်ထက်တွင် ပေါ်ထွန်းခဲ့သည်။ ဘီစီ(ခရစ်မဖွားမီ) ၂၇၄–၂၃၂ ခန့်တွင် ဖြစ်ပါသည်။ ရာစုနှင့်ဆိုက ဘီစီ ၃–ရာစုအတွင်း၌ ပေါ်ထွန်းခဲ့သည်ဟု ဆိုနိုင်ပါသည်။

(၃) မြတ်စွာဘုရား၏ ဖွားတော်မူချိန်ကို သမိုင်းသုတေသီတို့က မဂဓတိုင်း မင်းများ၏ နန်းတက်နှစ်များနှင့် ချိန်၍ ဘီစီ ၅၆၃–ဟု ဆိုသော်လည်း လက်ရှိ (မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသည့်နှစ်မှစ၍ ရေတွက်သော) သာသနာနှစ်နှင့် တွက်လျှင် ဘီစီ ၆၂၃–ဟူသော အဆိုက မှန်ကန်တိကျပါသည်။ လက်ရှိယခု ရောက်ဆဲ သာသနာနှစ် ၂၅၃၃–တွင် ခရစ်နှစ် ၁၉၉၀–ကို နှုတ်က ၅၄၃–ဖြစ်ပါမည်။ ယင်း၌ မြတ်စွာဘုရား၏ သက်တော် ၈၀–ကို ထည့်က ၆၂၃–ဖြစ်၍ ဘီစီ ၆၂၃–အဆိုမှန်ကြောင်း တွက်ချက်သိရှိရပါသည်။

## ၂၃။ လူခြောက်

**မေး။ ။ ဤလောက၌ လူခြောက်ကလေးများ မွေးဖွားလာပြီး အသက်ရှိနေသည်ကို ကြားဖူးပါသည်။ ၎င်းတို့သည် ရုပ်လည်းရှိ၍ နာမ်**

**လည်းရှိကာ ရုပ်နာမ် မတွဲဘဲ တခြားစီ ဖြစ်နေရာ၊ ၎င်းတို့ကို မည်သည့်ဘုံသို့ သွင်းရပါမည်နည်း။ ၎င်းတို့ မည်သည့်အာဟာရကို မှီဝဲ၍ အသက်ရှင်နေကြပြီး မည်သို့ ကျင်လည်လှုပ်ရှားနေကြောင်း သိလိုပါသည်ဘုရား။**

**ဦးကျော်ဝင်း (ကျောင်းဆရာ)**

**တောင်ကချင်ရပ်၊ မိုးကုတ်မြို့။**

ဖြေ။ ။ လူခြောက် ဟူသည် ဘုံဘဝတစ်မျိုးမှ သတ္တဝါ မဟုတ်ပါ။

ခန္ဓာငါးပါးရှိသည့် လူ့ဘဝ၌ပင် ပဋိသန္ဓေ နေကြသူများ ဖြစ်ပါသည်။ ဗုဒ္ဓစာပေအရ ဆိုရသော် "ပထမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ"စသော သံယုတ် ပါဠိတော်လာအတိုင်း အမိဝမ်းတွင် ကလလရည်ကြည် တစ်သတ္တာဟ (ခုနစ်ရက် တစ်ပတ်)၊ အမြှုပ် တစ်သတ္တာဟ၊ သားတစ် တစ်သတ္တာဟ၊အခဲတစ်သတ္တာဟ၊ ၎င်းနောက် ဦးခေါင်းခြေလက် ခက်မငါးဖြာ တစ်သတ္တာဟဖြစ်၍ ၎င်းငါးသတ္တာဟ (ခုနစ်ရက် ငါးလီ)အလွန် သတ္တာဟ အနည်းငယ်မျှ ရင့်မာခဲ့ပြီး အမိဝမ်းတွင် ကွယ်လွန်ခဲ့ပါသည်။ ၎င်း၏ အသက်ဝိညာဉ်သည် ပဋိသန္ဓေအစ ကလလရည်ကြည် တည်စဉ်ကပင် ဖြစ်ခဲ့သော်လည်း ဖော်ပြပါ ငါးသတ္တာဟအလွန် ၁၀၊ ၁၂-သတ္တာဟအတွင်း သေဆုံး၍ သန္ဓေ ၂-လကျော် ၃-လနီးပါးအရွယ် လူသားလောင်း ရုပ်ကြွင်းသာ အမိဝမ်းတွင်ကျန်ခဲ့ပြီး ကံအားလျော်စွာ ပေတဘဝ (ဂန္ဓဗ္ဗပေမာနိက ပြိတ္တာ) မျိုးတွင် ဖြစ်လေသည်။

အသက်ဝိညာဉ်မဲ့သော သန္ဓေသားမှာ ပျက်ကျရမည် ဖြစ်သော်လည်း တစ်စုံတစ်ခုသော အကြောင်း(ဥပမာ-တဆေးဝါးလွန်ကဲမှု) ကြောင့် ပျက်ကျမသွားဘဲ တဖြည်းဖြည်း ခြောက်သွားရပါသည်။ ၎င်းခြောက်သွားသည်နှင့် ၂-လ ၃-လအရွယ်ကြီးနေသောအမိဝမ်းသည်လည်း ပြန်လည်ပိန်ကျုံ၍ သွားကာ နေ့စေ့ချိန် (လေးဆယ့်နှစ်သတ္တာဟခန့်)တွင် ဖွားမြင်သည်။ ထိုအခါ မရင့်မာမီ အမိဝမ်းတွင်းမှာပင်

သေဆုံး ခြောက်ကပ်သွားရ၍ မကြီးပြင်းနိုင်ဘဲ ခက်မငါးဖြာ မျက်စိ နှား နှာ အရာပါရုံမျှ ရှိသည့် လူသားလောင်း အခြောက်ကလေး (၄-လက်မအရွယ်) မျှသာ မွေးဖွားလာခဲ့ရသည်။

ထိုအခါ၌ ၎င်းလူသားလောင်းကလေးမှ ဘဝပြောင်း၍ ဖြစ်နေသော ဂန္ဓဗ္ဗ၊ သို့မဟုတ် ဝေမာနိကပြိတ္တာမှာ လေချွန်နတ် သူငယ်တို့ကဲ့သို့ အသင့်အတင့် တန်ခိုးရှိသဖြင့် ၎င်း၏ရုပ်ကြွင်း လူခြောက်ကလေးကို တွယ်တာ စွဲဝင်၍ နေလာလေသည်။ ထို့ကြောင့် ဆိုင်ရာမိဘ စသည်တို့အား အိပ်မက်ပေးခြင်း၊ အရိပ်အရောင်ပြခြင်း စသည် ပြုလုပ်နိုင်လေသည်။ အထက်ပါတို့ကို ထောက်၍ လူခြောက်သည် အသက်ရှင်ခြင်း၊ အာဟာရမှီဝဲခြင်း၊ ကျင်လည်လှုပ်ရှားခြင်း မရှိ။ ၎င်းအား မှီတွယ် စွဲဝင်နေသော ဝေမာနိကပေတ၊ ဂန္ဓဗ္ဗ၏ သဘောသဘာဝ အတိုင်းသာလျှင် ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။ (အမိဝမ်းတွင်းတွင် သေဆုံးပြီး ဝေမာနိကပေတ ဂန္ဓဗ္ဗမဖြစ်၊ သို့မဟုတ် မှီတွယ်စွဲကပ်မှုမရှိ၍ မထူးမခြား အသေအတိုင်းမွေး၍ စွန့်ပစ်ရသော လူခြောက်များလည်း ရှိသေးကြောင်း သိရပါသည်။ ၎င်းလူခြောက်ပြဿနာကို ဆေးပညာရှုထောင့်မှလည်း လေ့လာသင့်သေးသည်။)

✍ ✍ ✍

## ၂၄။ ကံ ကမ္မနိမိတ် ဂတိနိမိတ်

မေး။ ။ လူသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် နိမိတ်သုံးမျိုး ထင်ပြီးမှ သေသည်ဟု ကြားဖူးပါသည်။ အကယ်၍ အိပ်ပျော်ရင်း သေဆုံးသွားသူ ရုတ်တရက် သေဆုံးသွားသူတို့အဖို့ နိမိတ်သုံးမျိုး ထင်မည် မဟုတ်ဟု ယူဆမိပါသည်။ ဖြေကြားပါရန်။

ဦးတင့်ဆွေ
စံပြ ဖဆပလ။

ဖြေ။ ။ လူသာမဟုတ်၊ မည်သည့် သတ္တဝါမဆို နိမိတ်သုံးပါး ထင်ပြီးမှ သေဆုံးရပါသည်။ ရုတ်တရက် သေဆုံးရသည့် တိုင်အောင် နိမိတ်သုံးပါး ထင်ရပါသည်။ စိတ်အဖြစ်၊ အချုပ်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်အတွင်းမှာပင် ကုဋေတစ်သိန်း မက ဖြစ်နေ၊ ချုပ်နေ၍ သေခါနီး နိမိတ်များ ဖြစ်နိုင်ကြောင်း ထင်ရှားပါသည်။ ကျမ်းဂန်လာ ဥပမာ တစ်ခုမှာ လက်သမား တစ်ဦးသည် သစ်တုံးတွင် ဆောက်ဖြင့် ရိုက်နှက်ဖောက်ထွင်းနေသည်။ ယင်ကောင်ငယ် တစ်ကောင်သည် ဆောက်ရိုးထိပ်၌ လာရောက် နားလိုက်စဉ် ဆောက်ရိုးထိပ်ကို တူထုမိ၍ ယင်ကောင်ငယ် ရုတ်တရက် သေဆုံးသွားလေသည်။ ထိုယင်ကောင်ငယ်သည်ပင် သေခါနီး၌ ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါး ထင်သွားရလေသည် ဟူ၏။

✍ ✍ ✍

## ၂၅။ ရက္ခစိုး

**မေး။ ။ (၁) သစ်ပင်ကြီးတိုင်းတွင် ရက္ခစိုး ရှိပါသလား။ သစ်ပင်ကို မတောင်းပန်ဘဲ လှဲပါက အန္တရာယ်ပေးသည်ဟု ကြားသိရာ ရက္ခစိုးသည် အန္တရာယ်ပေးတတ်ပါသလား။ ပူဇော်လျှင် မစခြင်းကို ပြုနိုင်ပါ သလား ဘုရား။**

**(၂) မည်သည့် ပုဂ္ဂိုလ်မျိုး-ကွယ်လွန်လျှင် သို့မဟုတ် မည်သည့် ကောင်းမှုမျိုး ပြုလျှင် ရက္ခစိုး ဖြစ်နိုင်ပါသနည်း။ ရက္ခစိုး၏ သက်တမ်း မည်မျှ ရှည်နိုင်ပါသနည်း။ ရက္ခစိုးသည် ရက္ခစိုးဘဝဖြင့် မဂ်ဖိုလ် အကျင့်ကို ကျင့်နိုင်ပါသလား။**

**ဖိုးနီ(မဟာဝိဇ္ဇာ)**
**ကမ္ဘာအေးဘုရားလမ်း**
**ရန်ကုန်။**

ဖြေ။ ။ ရက္ခစိုးဟူ၍ အခေါ်သာရှိသော်လည်း ၎င်းမှာ ဘုမ္မဒေဝ ခေါ် ဘုမ္မစိုးနတ်မျိုးအဝင် ဖြစ်ပါသည်။ သစ်ပင်ကို စွဲ၍ ဗိမာန်ပြုကာ နေသဖြင့် ရက္ခစိုးဟု ခေါ်ပါသည်။ သစ်ပင်ပေါ်၌ နေသည်မဟုတ်၊ သစ်ပင်ကိုစွဲ၍ ကံအားလျော်စွာ ဖြစ်သော ဗိမာန် သီးခြားရှိသည်။ သို့သော် သစ်ပင်လှဲလျှင်၊ သေလျှင်၊ ခုတ်ဖြတ် ဖျက်ဆီးခံရလျှင် ဗိမာန်လည်း ပျက်တော့၏။ သစ်ပင်ကြီးငယ်တိုင်းတွင် ရှိသော်လည်း ယင်းနတ်တို့၏ တန်ခိုးကြီး မကြီးပေါ်မှာ မူတည်၍ အန္တရာယ် ပေး နိုင်မှု၊ မပေးနိုင်မှု သတ္တိ ကွာခြားပါသည်။ ၎င်းတို့ကို ပူဇော်ရာ၌လည်း ထို့အတူပင် ကွာခြားမှု ရှိလေသည်။

ဘုမ္မစိုး၊ရက္ခစိုး ဟူသည် စတုမဟာရာဇ် အဝင်အပါ အောက် နတ်မျိုး ဖြစ်သည်။ အချို့နတ်များတွင် ပြောလောက်အောင် တန်ခိုး မရှိသော်လည်း အချို့အလွန်တန်ခိုးကြီး၍ အသက်လည်း ရှည်သည်။ သက်တမ်း အတိအကျမရှိ၊ အချို့သော ရက္ခစိုးနတ်တို့သည် အထက် နတ်များထက်ပင် အသက်ရှည်၍ တစ်ကမ္ဘာ ကုန်ဆုံးသည်အထိ အသက်ရှည်သည်။ ထို့ကြောင့် အချို့ကျမ်းပြု ဆရာတော်ကြီးများ သည် ဘုမ္မစိုးရက္ခစိုး ဘဝတစ်ခုတည်းနှင့် အရိမေတ္တေယျ မြတ်စွာဘုရား ကိုဖူး၍ တရားဦးကို နာကြားပြီး တရားထူးရနိုင်ရန် "ဤဘဝမှ ကွယ်လွန်လျှင် မဇ္ဈိမဒေသ ဗောဓိမဏ္ဍိုင်အနီး သစ်ပင်ကြီးတစ်ပင် ကို စွဲ၍ ရက္ခစိုးနတ်ကြီး ဖြစ်ရပါလို၏"ဟု ဆုတောင်းကြသည်ပင် ရှိသည်။ ဘဝပဋိသန္ဓေ များများ မနေလိုသော ဆန္ဒပင် ဖြစ်ဟန် တူပါသည်။

ရက္ခစိုးသည် တရားထူးကိုလည်း နာနိုင်သည်။ အားထုတ်နိုင် သည်။ အကယ်၍ ၎င်းဘဝဖြင့် အရဟတ္တဖိုလ်ရောက်ကာ ရဟန္တာ ဖြစ်နေသည့်တိုင်အောင် သက်တမ်း ကုန်ဆုံးသည်အထိ နေသွားနိုင်

သည့်သတ္တိ ရှိသည်။ လူတို့သည် လူ့ဘဝဖြင့် ရဟန္တာဖြစ်လျှင် ချက်ချင်းသက်န်းဝတ် ရဟန်းခံမှ သက်တမ်း ကုန်အောင် နေရသည်။ လူဝတ်သည် အရဟတ္တဖိုလ် တရားမြတ်၏ အရှိန်ကို မခံယူနိုင်။ ဘုမ္မစိုး၊ ရက္ခစိုးတို့ကား ရဟန်းတော်များကဲ့သို့ပင် ရဟန္တာ အဖြစ်ဖြင့် နေနိုင်စွမ်းရှိသဖြင့် ထူးခြားလေသည်။ ထို့ကြောင့်ပင် သီလဝန္တ သိက္ခာကာမ ဆရာတော်ဘုရားကြီးများကပင် ၎င်းဘဝကို နှစ်သက်တော်မူကြပါပေသည်။

၎င်းဘဝအတွက် အထူးကုသိုလ်ပြုရသည် မဟုတ်။ ပြုလုပ်ပြီး ဒါနသီလမှုနှင့် ၎င်းဘဝကို စိတ်ညွတ်မှုသာ ပဓာန ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

## ၂၆။ အဘိဝံသဘွဲ့

**မေး။ ။ အချို့သော ဆရာတော်များ၏ ဘွဲ့တော်တွင် ဘိဝံသဟု ဆက်တွဲပါရှိတတ်သည်ကို တွေ့ရပါသည်။ ၎င်းဘွဲ့မှာ ပထမကြီး၊ ဓမ္မာစရိယဘွဲ့တို့နှင့် နှိုင်းယှဉ်လျှင် မည်မျှအဆင့် ရှိသည်ကို သိလိုပါသည် ဘုရား။**

**ဒေါ်ကျင်ပြေ**
**ထားဝယ်မြို့။**

ဖြေ။ ။ မန္တလေးမြို့၊ သကျသီဟ ပရိယတ္တိ သာသနဟိတနှင့် ရန်ကုန်မြို့၊ စေတိယင်္ဂဏ ပရိယတ္တိ အသင်း စသည်တို့က ကျင်းပသော စာသင်တန်းနှင့် ဓမ္မာစရိယ စာချတန်း စာမေးပွဲကြီးတို့တွင် အောင်မြင်လျှင် မူလဘွဲ့မည်တော်တွင် အဘိဝံသဘွဲ့ ဆက်တွဲ၍ ဂုဏ်ပြုပါသည်။ ထိုစာမေးပွဲများ အောင်မြင်ပါက ရဟန်းတော်အရှင်မြတ်များ၏ဘွဲ့တွင် အဘိဝံသ ပါရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ဥပမာ–အရှင်ပဏ္ဍိတသည် ထိုစာမေးပွဲ အောင်မြင်ပါက အရှင်ပဏ္ဍိတာ

ဘိဝံသ ဟူ၍ ဖြစ်လာပါသည်။ ပထမကြီး၊ ဓမ္မာစရိယတို့မှာ အစိုးရ ပေးသောဘွဲ့များဖြစ်ပြီး ဤအဘိဝံသဘွဲ့မှာ အမျိုးသား ပရိယတ္တိ အသင်းများမှ ပေးသောဘွဲ့ ဖြစ်ပါသည်။

✍ ✍ ✍

## ၂၇။ ဘုရားလောင်းနှင့် အပါယ်တိရစ္ဆာန် ဘဝ

**မေး။ ။ ဂေါတမ မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကျော် ကာလ၊ သုမေဓာ ရှင်ရသေ့ဘဝက ဒီပင်္ကရာ မြတ်စွာဘုရား အထံတော်တွင် နိယတဗျာဒိတ်ရခဲ့ပြီး ဖြစ်ပါလျက် အဘယ်ကြောင့် အပါယ် တိရစ္ဆာန်ဘဝများသို့ ရောက်ရပါသလဲ ဘုရား။**

**မောင်ဟန်မောင်**

**ပြည်တော်သာရပ်၊ ပဲနွယ်ကုန်း။**

ဖြေ။ ။ နိယတဗျာဒိတ် ရပြီးသော ဘုရားအလောင်းတော်များ မရောက်အပ်သော အရပ် ၁၈–ပါးသာ ရှိပါသည်။ ၎င်းမှာ (၁)အမိဝမ်းမှ ကန်းသောသူ မဖြစ်၊ (၂) အမိဝမ်းမှ နားပင်းသောသူ မဖြစ်၊ (၃) ရူးသောသူ မဖြစ်၊ (၄) အ,သောသူ မဖြစ်၊ (၅) ဆွံ့. သောသူ မဖြစ်၊ (၆) တောဖျားတောင်ခြေနေသော မိလက္ခု အမျိုး၌ မဖြစ်၊ (၇) ကျွန်မ ဝမ်း၌ မဖြစ်၊ (၈) နိယတ မိစ္ဆာဒိဋ္ဌိ မဖြစ်၊ (၉)ပုရိသအဖြစ်မှ မပြောင်း၊ (၁၀) ပဉ္စာနန္တရိယကံ မပြု၊ (၁၁) နူ သောသူ မဖြစ်၊ (၁၂) တိရစ္ဆာန်ငှက်မျိုး၌ ငုံးအောက် ငယ်သော၊ ဆင်ထက်ကြီးသော တိရစ္ဆာန်မျိုးတို့၌ မဖြစ်၊ (၁၃) ခုပ္ပိပါသိကပြိတ္တာ၊ ကာလကဉ္ဇိက အသုရာမျိုးတို့၌ မဖြစ်၊ (၁၄) အဝီစိငရဲ လောကန္တရိက် ငရဲ၌ မဖြစ်၊ (၁၅) ကာမဘုံ၌ မာရ်နတ် မဖြစ်၊ (၁၆) ရူပဘုံတို့တွင် အသညသတ် သုဒ္ဓါဝါသ ငါးဘုံတို့၌ မဖြစ်၊ (၁၇) အရူပဘုံ၌ မဖြစ်၊ (၁၈) အခြားစကြဝဠာတို့၌ မဖြစ်။

ဤ ၁၈-ပါးတို့မှ လွဲလျှင် ဖြစ်နိုင်ပါသည်။ ဗျာဒိတ်ရပြီးသော ဘုရားလောင်းတော်တို့သည် ပဉ္စာနန္တရိယကံမှ လွဲ၍ သတ်ခြင်းစသော အကုသိုလ် ဒုစရိုက်များကို ပြုမိသေးသည်။ ထို့ကြောင့် ငုံးနှင့် ၎င်း ထက်ကြီးသော တိရစ္ဆာန်ငှက်မျိုး၊ ဆင်နှင့် ၎င်းအောက် ငယ်သော ခြေလေးချောင်းတိရစ္ဆာန်မျိုး စသည်တို့နှင့် အပါယ်ငရဲတို့၌ ဖြစ်နိုင် ပါသေးသည်။ တိရစ္ဆာန် ဘဝသို့ ရောက်ရသော်ငြားလည်း အခြား ရဟန်းဘဝ၊ ဗျာန်ရ ရသေ့ဘဝ စသည်တို့၌ မဟာဝဇိရဉာဏ် အဘိ ညာဉ်များပင် ရခဲ့ဖူး၍ ထူးခြားသော အသိဉာဏ်များရှိပြီး ယင်းတိရစ္ဆာန် အဖြစ်မှာပင် တရားဟောနိုင်ခြင်း၊ ရှေ့ဆောင်လမ်းညွှန် ပြုနိုင်ခြင်း များ ဖြစ်ရပါသည်။ တစ်နည်းအားဖြင့်သော် ဘုရားလောင်း တိရစ္ဆာန် ဘဝ၌ ဖြစ်ရခြင်းသည် အမျိုးတူဖြစ်သော တိရစ္ဆာန်များကို အကျိုးပြုရန် ဖြစ်လာရခြင်းပင် ဖြစ်ကြောင်း သသပဏ္ဍိတဇာတ်၌ ဆိုသည်။

✍ ✍ ✍

## ၂၈။ ပဉ္စာနန္တရိယကံနှင့် ဘာသာပြောင်းခြင်း

**မေး။ ။ (၁) ပဉ္စာနန္တရိယကံထိုက်က အဘယ်ကဲ့သို့ အပြစ်ကို ခံရပါ သနည်း။**

**(၂) ဗုဒ္ဓဘာသာဝင် တစ်ဦး အခြားဘာသာသို့ ကူးပြောင်းသွား ပါက အဘယ်ကဲ့သို့ အပြစ်ရှိပါသနည်း။**

**မောင်ကြီးမြင့်**

**ရုံးဟောင်းလမ်း၊ လှည်းကူးမြို့။**

ဖြေ။ ။ (၁) ပဉ္စာနန္တရိယကံသည် ဂရုကံ (အလွန် ကြီးလေးသော အကုသိုလ်ကံ)မျိုး ဖြစ်သည်။ သေသည်မှ နောက်၌ မုချ ငရဲသို့ ကျရောက်ရသည်။ မည်သည့် ကုသိုလ်ကံနှင့်မျှ မတားနိုင်ပါ။

(၂) ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ ကူးပြောင်းခြင်းသည် သရဏဂုံပျက်ခြင်း ဖြစ်၍ အပါယ်လေးပါး၌ ဖြစ်ရန် အခွင့် အလမ်း ဖြောင့်တန်းနေပါသည်။

"သရဏာဂုံ၊ ခံယူတုံလျက်၊ သေပျက်ပြောင်းပျက်၊ ဤနှစ်ချက် ကြောင့်၊ ပျက်ရသောခါ၊ သေပျက်မှာက၊ ပြစ်ဆာမရှိ၊ ပြောင်းပျက်ဘိမူ ရှိ၏အပြစ်၊ ပါယ်ဝယ်နှစ်၏။"

✍ ✍ ✍

## ၂၉။ ဆွမ်းတော်ပွဲ စားကောင်း မစားကောင်း

**မေး။ ။ မြတ်စွာဘုရားကို တရိုတသေ ကပ်ထားသော ဆွမ်းတော်ပွဲကို လူအများစွန့်၍ စားသောက်ကြသည်ကို မြင်ရပါသည်။ ဤကဲ့သို့ ဆွမ်းတော်ပွဲကို စွန့်၍ စားကောင်း၊ မစားကောင်း စားလျှင် မည်သို့ အပြစ် ရှိ၊ မရှိ သိလိုပါသည် ဘုရား။**

**မောင်ဇင်မင်း**

**အေးစေတီရပ်၊ ချောက်မြို့။**

ဖြေ။ ။ မြတ်စွာဘုရားအား တရိုတသေကပ်ထားသော ဆွမ်းတော် ပွဲကို မစွန့်ဘဲ နှိုက်ယူစားသောက်ခြင်းမျိုးသာ အပြစ်ရှိပါ သည်။ စွန့်၍ စားသောက်ခြင်းမှာ မစားမီဖြစ်စေ၊ စားပြီးမှဖြစ်စေ ဘုရားဝေယျာဝစ္စကို ပြုသူအဖို့ စားသောက်ကောင်းပါသည်။ ဘုရား ဝေယျာဝစ္စပြုရန် လာရောက်သူသည် မောပန်းနေ၍ ဝေယျာဝစ္စကို မပြုနိုင်သေးဘဲ ဆွမ်းတော်တင်ကို စွန့်၍ စားသောက်ပြီးမှ ဝေယျာ ဝစ္စပြုသင့်ကြောင်း အဆိုရှိပါသည်။ ရာဇဝင်တွင် မနူဟာဘုရင်အား ဘုန်းတန်ခိုးညှိုးစေရန် အနော်ရထာမင်းက ဆွမ်းတော်တင်ကို ကျွေး ကြောင်းပါရှိသည်။ ၎င်းမှာ သန့်ရှင်းသော ဆွမ်းတော်တင် မဟုတ်။ ဆွမ်းတော်တင်၍ သင်ပုတ်စင် (ဆွမ်းတော်တင်စွန့်ရာ အုတ်ပလ္လင်) ပေါ်သို့ စွန့်ပြီးမှ မနောလင်ပန်း၌ ထည့်၍ ကျွေးခြင်း ဖြစ်ကြောင်း ကြားသိရဖူးသည်။ ဘုရားလက်ထက်တော်က သောဏာသူဌေးသား၏ ဆွမ်းကို မြတ်စွာဘုရားဘုဉ်းပေးနေစဉ် ဗိမ္ဗိသာရမင်းကြီး ရောက်လာ သည်။ ဆွမ်း၏ မွှေးကြိုင်သော ရနံ့ကြောင့် မင်းကြီး စားလိုသော

ဆန္ဒ ဖြစ်ပေါ်နေသည်။ ထိုအခါ မြတ်စွာဘုရားက သိ၍ အနည်းငယ် ချွင်းချန်၍ ပေးကြောင်း၊ မင်းကြီးမြိန်ယှက်စွာ စားသောက်ကြောင်း အဆိုရှိပေသည်။

✍ ✍ ✍

## ၃၀။ မုန့်တစ်ပေါက် စသော ဝေါဟာရ အထူးများ

**မေး။ ။ ဘုရားများတွင် သံဃာတော်များအား မုန့်စသည် လောင်းလှူရာတွင် မုန့်တစ်ပေါက်၊ ဝက်သားတစ်ပေါက် ဟူ၍ လည်းကောင်း၊ နာရေးကိစ္စများ၌ ဆွမ်းသွတ်သည်၊ဆွမ်းစဉ်သည် ဟူ၍ လည်းကောင်း သုံးစွဲခေါ်ဆိုကြပါသည်။ အဘယ့်ကြောင့် ထိုကဲ့သို့ ခေါ်ဆိုသည်ကို ရှင်းပြတော်မူပါဘုရား။**

**မောင်ဘအေး**
**တိုးတက်ရေး စာကြည့်သင်း**
**ရွာထောင်ရွာ၊ မုံရွာမြို့နယ်။**

ဖြေ။ ။ အချို့အရပ်များတွင် မုန့်ဖုတ်သည်၊ မုန့်လုပ်သည်ကို မုန့်ဖောက်သည်ဟု ခေါ်၍ လုပ်ပြီးသော မုန့်တစ်အိုးလုံးကို မုန့်တစ်ဖောက် (မုန့်တစ်ဘောက်)၊ ထိုအတူ ဝက်သား တစ်အိုးကို ဝက်သားတစ်ဖောက် (ဝက်သား တစ်ဘောက်)ဟုခေါ်ရာမှ ဤဝေါဟာရများ ဖြစ်လာရန် အကြောင်း ရှိပါသည်။ နာရေးကိစ္စ၊ ရက်လည် စသည်တို့၌ ဆွမ်းကို သံဃာတော်တို့၏ သပိတ်အတွင်း သွတ်သွင်းလှူဒါန်းသည်ကို သပိတ်သွတ်သည်ဟူ၍လည်းကောင်း၊ သံဃာငါးပါး၊ ဆယ်ပါး စသည် အစဉ်အတိုင်း ဆွမ်းများ စဉ်တန်း လှူဒါန်းခြင်းကို ဆွမ်းစဉ်သည် ဟူ၍ လည်းကောင်း ခေါ်ပါသည်။ ဒေသအခေါ်အဝေါ်များမှာ တစ်နေရာနှင့် တစ်နေရာ မတူကြပါ။ သင်ပုတ်လှူ၊ ဂေါ်ဆွမ်း၊ ဘုံဆွမ်း၊ တန်းဆွမ်း၊ ဆွမ်းလုံးချ စသည့် ဝေါဟာရများမှာလည်း ဒေသအားလျော်စွာ ရှိကြသဖြင့် လေ့လာဖွယ်၊ မှတ်သားဖွယ်များပင် ဖြစ်ပါသည်။

## ၃၁။ ပဋ္ဌာန်းနှင့် ပုတီးစိပ်

**မေး။ ။ ဓမ္မစာအုပ် အမျိုးမျိုးတွင် ပုတီးစိပ်နည်း အမျိုးမျိုးပါရှိရာ ပဋ္ဌာန်း ၂၄–ပစ္စည်း စိပ်နည်း မတွေ့ရပါ။ ၎င်းပဋ္ဌာန်း ၂၄–ပစ္စည်းကို အနုလုံ၊ ပဋိလုံ ပုတီးစိပ်၍ အကျိုး ရှိ၊ မရှိ သိလိုပါသည် အရှင်ဘုရား။**

**မောင်ခိုင်မြင့်၊ တောင်ငူ။**

ဖြေ။ ။ ဗုဒ္ဓါနုဿတိ–ဘုရားရှင်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊ ဓမ္မာနုဿတိ-တရားတော်၏ ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့ခြင်း၊ သံဃာနုဿတိ–သံဃာတော်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း ဟူ၍ ပုတီးစိပ်ရာ၌ အနုဿတိ သုံးမျိုးတွင် တစ်မျိုးမျိုးကို အသုံးပြုကြသည်။ ဤတွင် ပဋ္ဌာန်း ၂၄–ပစ္စည်းကို အနုလုံဖြစ်စေ ပဋိလုံဖြစ်စေ ပုတီးစိပ် လျှင် ဓမ္မာနုဿတိဘာဝနာ ဖြစ်နိုင်သဖြင့် လွန်စွာ အကျိုးရှိပါသည်။ ဤသို့ ဓမ္မာနုဿတိ အနေဖြင့် တရားတော်ကို အထပ်ထပ် ပွားများခြင်း၊ပုတီးစိပ်ခြင်း တို့ကြောင့် ဤဘဝမှာပင် မဂ်တရား၊ ဖိုလ်တရားများကို မျက်မှောက်ပြုနိုင်ကြောင်း၊ အကယ်၍ မျက်မှောက် မပြုရသည့် တိုင်အောင် လူ့ဘုံ နတ်ရပ် မြတ်သော သုဂတိဘဝသို့ လားရခြင်း အကျိုးများကို ရနိုင်ကြောင်း ဝိသုဒ္ဓိမဂ်တွင် ဆိုထားသည်ကို တွေ့ရပါသည်။

## ၃၂။ နိဗ္ဗာန်ယာဉ်

**မေး။ ။ အသုဘယာဉ်ကို နိဗ္ဗာန်ယာဉ်ဟု အဘယ်ကြောင့် ခေါ်ပါသနည်း။ ယင်းသို့ ခေါ်ခြင်းကြောင့် ဘာသာမတူသူများက နိဗ္ဗာန်ဆုတောင်းသည်ကို တစ်မျိုးထင်နေကြ ပါသည်။ နိဗ္ဗာန်ယာဉ် ဟူသော အမည်အစား အသုဘယာဉ်ဟု ပြင်ဆင်သင့်၊မသင့် ဖြေကြားပေးတော်မူပါ ဘုရား။**

**မောင်စိုးမြင့်**

**လမ်းမတော်မြို့နယ်။**

ဖြေ။ ။ ရှေးဆရာမြတ်များက "သေခြင်းတစ်ပါး၊ဤတရားကား၊ များပြား လူ့ဘောင်၊အကျိုးဆောင်သည်၊ အိုအောင် အောက်မေ့ စီးဖြန်းကြ"ဟု မိန့်တော်မူသည်။ သေခြင်းတရား မရဏာဿတိကို အခါခပ်သိမ်း ဆင်ခြင်ပွားများနေလျှင် နိဗ္ဗာန်မဂ်ဖိုလ်ကို အမြန်ဆုံး မျက်မှောက် ပြုနိုင်ကြောင်း ဟောကြပါသည်။ အလွန်မာန်မာနကြီးသော ခေမာမိ ဖုရားကြီး စသည်တို့ကို သေခြင်းတရား ပြ၍ တရားထူးကို ရစေပါသည်။ သားသေ၍ သောကများနေသော ကိသာဂေါတမီအားလည်း သေခြင်းတရားကို မြင်အောင်ပြ၍ မြတ်စွာဘုရား တရားဟောပါသည်။ ယသ သူဌေးသားနှင့် အဖော်ငါးဆယ့်ငါးဦးတို့သည် ဇရပ်တွင်အလိုလိုသေ၍ ပုပ်နေသော အသုဘ အလောင်းကောင်ကို ဆောင်ယူ သင်္ဂြိုဟ်ခဲ့ ဖူးပါသည်။ ထို့ကြောင့် ယသသူဌေးသား ဘဝတွင် သူငယ်ချင်းတစ်စု မဂ်ဖိုလ်နိဗ္ဗာန်တရားကို လွယ်လွယ်နှင့် ရနိုင်ခဲ့ပါသည်။ ထို့ကြောင့် မိမိတို့ အနီးတွင် တစ်ဦးဦး သေလွန်၍ အသုဘကြုံလျှင် သေခြင်းတရားကို ပွားများခြင်း၊ ရှု ဆင်ခြင်ခြင်းနှင့် အသုဘကို ဝိုင်းဝန်းပို့ဆောင် သင်္ဂြိုဟ်ပေးခြင်းဖြင့် နိဗ္ဗာန်တရားကို ဤမျက်မှောက်ဘဝတွင် မြင်သိစေနိုင်အောင်၊သို့မဟုတ် နောက်နောင် ဘဝတို့တွင် လွယ်လွယ်ကူကူ မြင်သိနိုင်အောင်၊ ပါရမီဖြစ်အောင် အားထုတ်နိုင်ရန်အတွက် လူသေ အသုဘတင်ယာဉ်ကို နိဗ္ဗာန်ယာဉ်၊ ကျန်ရစ်သူများ နိဗ္ဗာန်ရရေး အားပေးဖြစ်ပေါ်စေသော ယာဉ်ဟု ရှေးက ဝေါဟာရ ပြုခဲ့ဟန် တူပါသည်။ ရှေးက အခမဲ့ ကုသိုလ်ဖြစ် အသုဘပို့သောယာဉ်ကို နိဗ္ဗာန်ယာဉ်ဟု ခေါ်ခြင်း ဖြစ်သော်လည်း တစ်ဆက်တည်းပင် အငှားပို့သော ယာဉ်များကိုလည်း ယင်းဝေါဟာရအတိုင်း ခေါ်ဝေါ်နေခြင်းပင် ဖြစ်ပေသည်။ သို့သော် ယခုခေတ်တွင် အသုဘယာဉ်ဟုလည်း ခေါ်ဝေါ်နေကြပါသည်။နိဗ္ဗာန်

ယာဉ်ဟူသော ဝေါဟာရမှာ ဖော်ပြပါအတိုင်း နက်နဲသော သဘော ကို ဆောင်သော်လည်း ဗုဒ္ဓဘာသာတို့အဖို့ တွေးတော စဉ်းစား၊ သံဝေဂယူနိုင်သဖြင့် အကျိုးရှိသော ဝေါဟာရ ဖြစ်ပါသည်။

✍ ✍ ✍

## ၃၃။ သမ္ဗုဒ္ဓေဂါထာလာ ဘုရားပေါင်း

**မေး။ ။ သမ္ဗုဒ္ဓေဂါထာတွင် ဂေါတမမြတ်စွာဘုရားအလောင်း ကမ္ဘာသင်္ချေ နှစ်ဆယ်အတွင်း တွေ့ကြုံဆုပန်ရသော ဘုရားပေါင်း ငါးသိန်း တစ်သောင်းနှစ်ထောင်နှင့် နှစ်ကျိပ်ရှစ်ဆူဟု ဆိုပါသည်။ ယသောဓရာထေရီ အပဒါန်တွင် ဘုရားကုဋေရာပေါင်း ထောင်ပေါင်းများစွာ၌ ဆုပန်ခဲ့ကြောင်း ဆိုထား၍ ဘုရားလောင်းထက်ပင် ပိုနေပါသေးသည်။ ပါဠိတော် ဖြစ်သော ထေရီဂါထာကို ထောက်၍ နောက်မှရေးသော သမ္ဗုဒ္ဓေဂါထာက မှန်ကန်နိုင် ဖွယ် မရှိဟု အချို့ အချို့သော ရှေးဆရာတော်ကြီးများက သမ္ဗုဒ္ဓေဂါထာကို မယုံကြည်၊ အလေးမပြုဟု ကြားဖူးပါသည်။ ထိုပြဿနာကို ရှင်းလင်းတော် မူပါ ဘုရား။**

**မဂ္ဂဇာစရိယ ဦးသန်းထွန်း**
**မော်လမြိုင်မြို့။**

ဖြေ။ ။ ယသောဓရာထေရီ အပဒါန်တွင် သဋ္ဌိကောဋိသဟဿ စသည်ဖြင့် ကောဋိသဟဿ ပါဌ်များစွာဖြင့် ပါရှိပါသည်။ ထေရီအပဒါန်မှာ အဋ္ဌကထာဟူ၍ မရှိသဖြင့် မည်သို့ ဖွင့်ဆိုမည် မသိရသော်လည်း အင်္ဂုတ္တရအဋ္ဌကထာ(အံ၊ဋ္ဌ၊၃။၂၇၀) ဝေလာမသုတ် အဖွင့်တွင် ကောဋိသဒ္ဒါကို ဒသ(တစ်ကုဋေကိုတစ်ဆယ်)ဖြင့် အဓိပ္ပါယ် ယူရကြောင်း "ဝတ္ထကောဋိသဟဿာနိ" အဖွင့်တွင် 'ဣဓ ပန ဒသ သာဋကာ တိ ဝုတ္တံ'ဟု ဖွင့်ပြထားပါသည်။ ထိုအဖွင့် အဋ္ဌ ကထာ စကားအရ ထေရီအပဒါန်လာ ကောဋိတစ်ခုကို တစ်ဆယ် ယူပါလျှင် သမ္ဗုဒ္ဓေလာ ဘုရား အရေအတွက်နှင့် ကိုက်ညီလာနိုင်

ပါသည်။ ဓမ္မာစရိယ ဆရာဦးသန်းထွန်း အနေဖြင့် ထေရီဂါထာလာ ကောဋိသဟာသများကိုအင်္ဂုတ္တရ အဋ္ဌကထာ အဖွင့်နှင့် တိုက်ဆိုင် လေ့လာ တွက်ချက်ကြည့်ပြီး သံသယ ရှင်းလင်းစေလို ပါသည်။ (ဤစကားနှင့်စပ်သော အခြားရှင်းလင်းချက် တစ်မျိုးကိုလည်း ဇိနတ္ထ ပကာသနီကျမ်းဦး စသည်၌ ကြည့်ရှုဆင်ခြင်၍ သဘောကျစေလို ပါသည်။)

✍ ✍ ✍

## ၃၄။ အဋ္ဌာနမေတံ ပါဠိတော်မှု

**မေး။ ။ 'အဋ္ဌာနမေတံ ဘိက္ခဝေ' ပါဠိမှာ ဘုရားနှုတ်တော်ထွက် အစစ် ဖြစ်ပါသလား ဘုရား။ 'အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ'ပုဒ်ပါ ဘုရားဟောတော်မူခဲ့ပါသလား ဘုရား။**

**ဦးမြင့်ထူး**

**အမှတ်၈၊ ဦးဘိုးခင်လမ်း**

**သုဓွေးကုန်း၊ ကြည့်မြင်တိုင်။**

ဖြေ။ ။ ၎င်းပါဠိ အစအဆုံးမှာ "အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ"ဟူ၍ ဖြစ်ပါသည်။ မူရင်းမှာ ဝိနည်းစူဠဝါ ပါဠိတော်(နှာ-၃၅၅) လောဟိတုပ္ပါဒက အခန်းတွင် လည်းကောင်း၊ ယင်း(နှာ-၃၅၇) နာဠာဂီရိပေသနခန်း တွင် လည်းကောင်း ပါရှိပါသည်။ အနက်မြန်မာပြန် မှာ "ဘိက္ခဝေ၊ ရဟန်းတို့။ ပရူပက္ကမေန၊ သူတစ်ပါးတို့၏ လုံလ ပယောဂဖြင့်။ တထာဂတံ၊ မြတ်စွာဘုရားကို။ ယံ၊ အကြင် အကြောင်းကြောင့်။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေယျ၊ ချရာ၏။ ဧတံ၊ ဤသို့ ချနိုင်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အခွင့် မဟုတ်၊(ထုံးစံမရှိ)။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတာ၊ မြတ်စွာ

ဘုရားတို့သည်။ အနုပက္ကမေန၊ သူတစ်ပါးတို့၏ လုံ့လပယောဂ ကင်းသဖြင့်။ ဝါ၊ အလိုလိုသာ။ ပရိနိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန်ဝင်စံတော်မူကြကုန်၏" ဟူ၍ ဖြစ်ပါသည်။ အနုပက္ကမေနဘိက္ခဝေ စသော နောက်ပိုဒ်ပါမှသာ ဘုရားဟောတော်မူရင်း ပြည့်စုံပါသည်။

✍ ✍ ✍

## ၃၅။ ကျောင်းပရိဝုဏ်အတွင်း ဖိနပ်စီးကောင်း မစီးကောင်း

**မေး။** ။ (၁) ကျောင်းပရိဝုဏ်အတွင်း လူများ ဖိနပ်စီးကောင်း၊ မစီးကောင်း သိလိုပါသည်ဘုရား ။

(၂) ကျောင်းတိုက်ပိုင် ဆရာတော်က ဖိနပ်စီးခွင့် ပြုနိုင်၊ မပြုနိုင်လည်း သိလိုပါသည်ဘုရား ။

ရှင်ပုည
အရိယဝံသကျောင်းတိုက်၊ ဘားအံမြို့။

**ဖြေ။** ။ ကျောင်းပရိဝုဏ်အတွင်း လူများ ဖိနပ်စီးကောင်း၊ မစီးကောင်း နှင့် ပတ်သက်၍ ကိုးကား ဖော်ပြကြရသော အထောက် အထားမှာ "ရာဇာကိရပုဗ္ဗေစေတိယင်္ဂဏေ သဥပါဟနော အဂမာသိ၊ နိသဇ္ဇနဋ္ဌာယ ပညတ္တကဋ္ဌသာရကဋ္ဌ အဓောတောဟိ ပါဒေဟိ အက္ကမိ" (ဒီ၊ဋ္ဌ၊၁။၁၂၆)ပါဌ် ဖြစ်သည်။ ဗိမ္ဗိသာရမင်းကြီး ခြေဖဝါးဓားခွဲ ခံရပြီး နတ်ရွာစံရသည်မှာ ရှေးရှေးဘဝက စေတီရင်ပြင်တော်၌ ဖိနပ် စီး၍ သွားခဲ့ဖူးခြင်းနှင့် ရဟန်းသံဃာတို့ ထိုင်ရန် ခင်းထားသော အခင်း(ဖျာ)ပေါ်ကို ခြေမဆေးဘဲ (ပေကျံသောခြေဖြင့်) နင်းသွားဖူး သောကြောင့် ဖြစ်ရသည်ဟု အဓိပ္ပါယ်ရသည်။ စေတီရင်ပြင်ဟုသာ ဆို၍ ကျောင်းပရိဝုဏ်ဟုကား မဆိုပါ။ ကျောင်းနှင့် စပ်၍ကား သံဃာများ နေထိုင်ရန် ခင်းထားသော ဖျာ စသည့် အခင်းပေါ်၌ ခြေမဆေးဘဲ ပေပေကျံကျံ ခြေဖြင့် နင်းသွားခြင်းကို ဆိုပေသည်။

ဤဖိနပ်ကိစ္စမှာ အမျိုးသား ယဉ်ကျေးမှုနှင့်လည်း ဆက်စပ်နေဟန် ဟူပါသည်။ မြန်မာ့ ယဉ်ကျေးမှုအရ လေးစားအပ်သော ပုဂ္ဂိုလ်တို့ရှေ့သို့ ဖိနပ်ချွတ်၍ သွားရသည့် ထုံးစံ ရှိပေသည်။ ယင်းမြန်မာ့ယဉ်ကျေးမှုမှာလည်း ဗုဒ္ဓဘာသာမူရင်းမှ သက်ဆင်းရာ အိန္ဒိယ ယဉ်ကျေးမှုနှင့်လည်း ဆက်စပ်လာပုံရပါသည်။ ဘာသာရေး အဆောက်အအုံများသို့ ဝင်တိုင်းပင် အိန္ဒိယနိုင်ငံတွင်လည်း ဖိနပ်ချွတ် အလေ့ရှိနေပေသည်။ အိန္ဒိယနည်းတူပင် သီရိလင်္ကာ၊ နီပေါ စသည့် နိုင်ငံများမှာလည်း ဤအတူ ဖိနပ်ချွတ်မလေ့ ရှိသည်။ အရှေ့ဘက်နိုင်ငံများ၌ကား ဤဓလေ့ မရှိကြပါ။ အထူးတလည် ရှိသေလေးစားမှု ဂါရဝနိဝါတ တရားအရ၊ မြန်မာ့ရှေးထုံးစဉ်လာ ဖြစ်နေသဖြင့် ဘုရားကျောင်းကန်တို့မှာသာမက မိမိတို့ အိမ်ပေါ်တိုက်ခန်းတို့မှာပင် ဖိနပ်ချွတ်ခြင်းမှာ ယဉ်ကျေးသော အမူအရာများဖြစ်၍ လက်ခံထိုက်သော ကိစ္စပင် ဖြစ်ပါ၏။ အထူးမှာ သံဃာတော်များ ထိုင်ရန် ခင်းထားသော ဖျာအခင်းတို့တွင် ပေကျံသောခြေတို့ဖြင့် မနင်းမိရန်နှင့် ကျောင်းပေါ်တက်ရာ၌ ခြေကို စင်ကြယ်အောင် သုတ်သင်ရန် အရေးကြီးကြောင်းကိုပါ သတိပြုကြရန်ပင်။ ယဉ်ကျေးမှုနှင့် စပ်လျဉ်း၍ ဖိနပ်ချွတ်ခြင်းဖြစ်၍ ကျောင်းဆရာတော်တို့၏ ခွင့်ပြုမှု၊ မပြုမှုတို့ကို ဤတွင် ထည့်သွင်း စဉ်းစားရန် လိုတော့မည် မထင်ပါ။

✍ ✍ ✍

## ၃၆။ အလှူဒါနမှုကိစ္စ

**မေး။ ။ (၁) အလှူဒါန ပြုရာတွင် ဆုတောင်းမှ ရပါသလား ဘုရား။ မည်ကဲ့သို့ ဆုမျိုး တောင်းရပါသနည်း။**

**(၂) အလှူဒါန စုပေါင်း ပြုလုပ်ရာတွင် ရေစက်ချသူ (ရေစက်ခွက်ကိုင်သူ)နှင့် မကိုင်သူ မည်သူပို၍ ကုသိုလ်ရပါသနည်း။**

(၃) အမြတ်ဆုံး အလှူသည် မည်သည့်အလှူ ဖြစ်ပါသနည်း။ ဖြေကြားတော်မူပါဘုရား။

ဦးမြင့်မောင်(ကျေး/ဂျာ)
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊
ကန့်ဘလူမြို့။

ဖြေ။ ။ (၁)"လှူမိုက်အလှူ၊ ပေးပါမူလည်း၊ ရွယ်ချူဖိုလ်မင်္ဂ၊ မပန်နက်တည့်" ဟု အရှင်မဟာသီလဝံသက စပ်ဆိုပါသည်။ အလှူဒါန ပြုလုပ်ကြရာတွင် မဂ်ဖိုလ်နိဗ္ဗာန်ဆုကို မတောင်းဆိုလျှင် လှူမိုက်ပင်ဖြစ်သည်ဟု ဆိုလိုပါသည်။ ဒါနပြုမှု၊ သီလဆောက်တည်မှု ပြုလုပ်တိုင်းပင် ဆရာတော်များက 'ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု'ဟူသော ဆုတောင်းကို တိုင်ပေးလေ့ ရှိပါသည်။ ဤကဲ့သို့နိဗ္ဗာန်ဆုကို တောင်းမှလည်း မိမိပြုသော ဒါနမှု၊သီလမှုများမှာ ပါရမီဒါန၊ ပါရမီသီလဖြစ်၍ နိဗ္ဗာန်မျက်မှောက် ပြုသည်အထိ အကျိုးပေးပါလိမ့်မည်။ ဆုမတောင်းဘဲ ပြုသောဒါနမှု စသည်များမှာ လူ့စည်းစိမ်၊ နတ်စည်းစိမ်ဖြစ်သည့် ဝဋ်အတွင်းမှာသာ အကျိုးပေးပေလိမ့်မည်။ ထို့ကြောင့် နိဗ္ဗာန်ဆုကို တောင်းဖြစ်အောင် တောင်းသင့်ပါသည်။

(၂) စုပေါင်း၍ အလှူဒါနပြုရာတွင် ဦးဆောင်ပုဂ္ဂိုလ် တစ်ဦးဦးကသာ ရေစက်ခွက်ကို ကိုင်၍ ရေစက်ချလေ့ ရှိပါသည်။ အိမ်တစ်အိမ်မှအလှူလုပ်ရာတွင်လည်း အိမ်၏ ဦးဆောင်ပုဂ္ဂိုလ်၊ ပဓာနပုဂ္ဂိုလ်များက ရေစက်ချလေ့ ရှိပါသည်။ လူစေ့လက်စေ့ ရေစက်ခွက်မကိုင်သော်လည်း စေတနာအတူတူ ထားကြသူများဖြစ်က အတူတူပင်ကုသိုလ်ရပါသည်။

(၃)"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟု မြတ်စွာဘုရား သံယုတ်ပါဠိတော်၌ ဟောတော် မူသည့်အတိုင်း အလှူဒါန ဟူသမျှတွင်

ဓမ္မဒါနက မြတ်သည်ဟု ဆိုရပါမည်။ ဓမ္မဒါန ဟူသည်မှာ တရားဟောခြင်း၊ ပါဠိအဋ္ဌကထာ ကျမ်းဂန်များကို ပို့ချခြင်း၊ ပြဿနာကို ဖြေဆိုခြင်း၊ ကမ္မဋ္ဌာန်းတရားကို ညွှန်ကြားခြင်း စသည်များနှင့် ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော်များကို ချီးမြှောက်သော ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ ပိဋကတ်စာပေများကို လှူဒါန်းခြင်းနှင့် ကထိန်ခင်း လှူဒါန်းခြင်း စသည်များပင် ဖြစ်ပါသည်။

✍ ✍ ✍

## ၃၇။ သမ္ဗုဒ္ဓေ ဂါထာနှင့် ပရိတ်တော်များ

**မေး။ ။ (၁) သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုးကို မည်သူ ရေးသားခဲ့ပါသနည်း။**
**(၂) ပရိတ်တော်များကို တစ်ဦးတစ်ယောက်တည်း ရွတ်ဖတ်သင့်ပါသလားဘုရား။ ဖြေကြားတော်မူပါ ဘုရား။**

**ဦးလှမောင်**
**မင်းမင်းစိုး–ဆန်စက်**
**စက်ကွေ့ရပ်၊ မြစ်ငယ်မြို့။**

ဖြေ။ ။ (၁)သမ္ဗုဒ္ဓေ ဂါထာ ဟူသည်မှာ စိတ္တိတံ သတ္တ သင်္ချေယျံ စသော ဂါထာအရ အသင်္ချေ၂၀–အတွင်း၌ ပွင့်တော်မူကုန်သော ဘုရားရှင်ပေါင်း 'ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူ' ပို့အား ရှိခိုးသော ဂါထာဖြစ်သည်။ယင်းဂါထာသည် သီဟိုဠ်ပြုဂါထာ၊ မြန်မာပြုဂါထာဟူ၍ နှစ်မျိုးရှိရာ သမ္ဗုဒ္ဓေ အစရှိသော ဂါထာမှာ မြန်မာပြုဂါထာ ဖြစ်ပါသည်။ ယင်းဂါထာကို ပုဂံခေတ် အရှင်ဉာဏဂမ္ဘီ ပြုစုသော တထာဂတုပ္ပတ္တိကျမ်း၊ ကျမ်းဦးပဏာမတွင် တွေ့ရပါသည်။ တထာဂတုပ္ပတ္တိကျမ်းပြု အရှင်ဉာဏဂမ္ဘီပင် ပြုစုရေးသားခဲ့သလော၊ ယင်းထက်ရှေးကျသလော မသေချာပါ။ သီဟိုဠ်ဂါထာမှာဇုဒ္ဒါ အနုဋ္ဌာ မရိယာ သုသခ်ယေဟု အစရှိကာ ပိဋက သင်္ချာများဖြင့် ဖွဲ့ဆိုထားပါသည်။ ၁၂–လုံးဘွဲ့ ဣန္ဒဝံသဂါထာမျိုးဖြစ်၍

သီဟိုဠ်ရဟန်းတော်တို့ နှုတ်ဖြင့်ရွတ်ဆိုရာ၌ သာယာနာပျော်ဖွယ် ဖြစ်သော်လည်း မြန်မာတို့နှုတ်ဖြင့် ရှစ်လုံးဘွဲ့ ဝတ္တာဂါထာမျိုးလောက် အရွတ်အဆို မလွယ်ပေ။ ထို့ကြောင့် ရှေးပုဂံခေတ် မြန်မာရဟန်းတော် များက မြန်မာ့နှုတ်နှင့် လျော်အောင် စီစဉ်ရေးသားခဲ့ဟန် တူပါသည်။ ဤတွင် သီဟိုဠ် သမ္မုဒ္ဒေဂါထာကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ဗုဒ္ဓါ အနုန္နာ. မရိယာ သုသခ်ယေ၊
ဗုဒ္ဓါ အနုန္နာ သုဟလာ ဓိသခ်ယေ။
ဗုဒ္ဓါ ရိယော ဃေမက လက္ခကပ္ပကေ၊
ဝန္ဒာမိ တေ ဓိရနိရက္ခ မေ အဟံ။

အဓိပ္ပါယ်ချုပ်မှာ "၇–သင်္ချေတွင်း၌ ပွင့်ကုန်သော တစ်သိန်း နှစ်သောင်း ငါးထောင်သော ဘုရားရှင်တို့လည်းကောင်း၊ ၉–သင်္ချေ တွင်း၌ ပွင့်ကုန်သော သုံးသိန်း ရှစ်သောင်း ခုနစ်ထောင်သော ဘုရားရှင်တို့လည်းကောင်း၊ ၄–သင်္ချေတွင်း၌ ပွင့်ကုန်သော နှစ်ကျိပ် ရှစ်ဆူသော ဘုရားရှင်တို့လည်းကောင်း၊ ဤသို့ သုံးစုပေါင်း ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူကုန်သော ဘုရား ရှင်တို့ကို အကျွန်ုပ်သည် ရှိခိုးပါ၏"ဟု ဆိုလိုပါသည်။

(၂) ပရိတ်တော်များမှာ တစ်ဦး တစ်ယောက်တည်းလည်း ရွတ်ဆို၍ ရပါသည်။ အဖွဲ့အစည်း အစုအပေါင်းနှင့်လည်း ရွတ်ဆို၍ ရပါသည်။ ဌာန်ကရိုဏ်းကျကျ အပြတ်အတောက် မှန်ကန်စွာ ရွတ် နိုင်ရန်လိုပါသည်။ နေ့စဉ် ပရိတ် မေတ္တာဘာဝနာများ ရွတ်ပွား၍ သတ္တဝါများအား အမျှဝေပါက အန္တရာယ်ဟူသမျှမှ ကင်းစင်ဝေးကွာ၍ ကောင်းကျိုး ချမ်းသာများ ဖြစ်ပွားနေမည်မှာ သေချာလှပါသည်။

## ၃၈။ လာဘမုနိနှင့် ဝိသုဒ္ဓိ၇–ပါး

**မေး။ ။ (၁) လာဘမုနိဘုရား ဘယ်နှစ်ဆူ ရှိပါသနည်း။ ကိုးကွယ်သူ၌ အဘယ်အကျိုးများ ရနိုင်ပါသနည်း။**

**(၂) ဝိသုဒ္ဓိ၇–ပါး တရားတော်သည် တစ်ခုစီ တက်ရပါသလား၊ တွဲရာပေါင်း၍ တက်ရပါသလား၊ဖြေကြားပေးတော်မူပါ ဘုရား။**

**မောင်သန်းထွန်း(သာအောင်)**
**မြန်မာ့ဆက်သွယ်ရေးစခန်း**
**မအူပင်မြို့။**

ဖြေ။ ။ (၁)ပိဋကတော်တွင် လာဘမုနိဟူ၍ မရှိပါ။ အာဂါရမုနိ၊ အနာဂါရမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိ၊ ပစ္စေကမုနိ၊ မုနိမုနိ ဟူ၍ ၆–ပါးသာ ရှိပါသည်။ (စူဠနိဒ္ဒေသ–၇၃)။ လာဘမုနိစသည်တို့မှာ ခေတ်အားလျော်စွာ နောက်မှပေါ်ထွန်းလာသော အမည်များ ဖြစ်ပါသည်။ လက်တော်၌ အမြိုက်အိုးပုံပါသော ပုံတော်များကို လာဘမုနိဟု အမည်ပေးထားပြီး ကိုးကွယ်သူတို့အား လာဘ်ပေါမည်ဟု ဆိုပါသည်။ ဆိုင်ရာတို့မှ စာအုပ်များထုတ်ကာ အကျယ်ရေးသားထားသည်ကို တွေ့နိုင်ပါသည်။ ရှာဖွေ၍ ဖတ်ရှုနိုင်ပါသည်။

(၂) ဝိသုဒ္ဓိ၇–ပါးနှင့်စပ်၍ လယ်တီဆရာတော်ဘုရားကြီးက "ကျွန်ုပ်တို့၌ သီလဝိသုဒ္ဓိပြည့်စုံမှ စိတ္တဝိသုဒ္ဓိကို လုပ်ရမည်။ စိတ္တဝိသုဒ္ဓိပြည့်စုံမှ ဒိဋ္ဌိဝိသုဒ္ဓိကို လုပ်ရမည်။ ဒိဋ္ဌိဝိသုဒ္ဓိ ပြည့်စုံမှ ကင်္ခါဝိတရဏဝိသုဒ္ဓိကို လုပ်ရမည်။ ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြည့်စုံမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တဘာဝနာ အလုပ်ကို လုပ်ရမည်ဟု ပဋိပတ်ကျင့်စဉ် အထင်အရှားရှိနေသည်မှာ ယခုဘဝ၌ မဂ်ဉာဏ်ကို အလျင်အမြန်ရရန် အားထုတ်သောသူတို့၏ ကျင့်စဉ်ပေတည်း"ဟု ဗောဓိပက္ခိယဒီပနီတွင် ဆိုသည်။ ပုဂ္ဂိုလ် ၆–မျိုးတို့တွင် ဥဂ္ဃဋိတညူ

ပုဂ္ဂိုလ်နှင့် ဝိပဋိတည်ပုဂ္ဂိုလ်တို့မှာ ဘုရားရဟန္တာတို့နှင့် တွေ့ကြုံနာကြားရ၍ ၎င်းတို့ ကိုယ်တိုင်ကလည်း အလွန် ဉာဏ်ထက်မြက်ကြသဖြင့် ဝိသုဒ္ဓိ၇–ပါးကို တသီးတခြား အထူးကျင့်နေဖွယ် မလိုပါ။ သို့သော်လည်း နေယျပုဂ္ဂိုလ်အဖို့မှာ ပါဠိသင်ခြင်း၊ အဖန်ဖန်ဆွေးနွေးမေးမြန်းရခြင်း၊ လမ်းမှန်အောင် နှလုံးသွင်းရခြင်း၊ ကလျာဏမိတ္တတို့ကို ဆည်းကပ်ခြင်း စသည်တို့ဖြင့် အချိန်ယူ၍ ကျင့်ကြံရသောကြောင့် ဝိသုဒ္ဓိ၇–ပါးကို တစ်ခုစီတက်ရန် လိုပေလိမ့်မည်။

(မောင်သန်းထွန်း၏ အမေးပြဿနာ ၅–ချက်ဖြစ်ရာ အချို့ပုဂ္ဂလာဓိဋ္ဌာန် အမေးများကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များသို့ မေးပါ။)

✍ ✍ ✍

## ၃၉။ ဗုဒ္ဓဘာသာနှင့် ရိုးရာနတ်

**မေး။ ။ ဝိပဿနာတရား အားထုတ်ခဲ့သည် အထိ၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူကို ရိုးရာနတ်က အန္တရာယ် ပြုနိုင်ပါသလား ဘုရား။ ကြက်ကို သတ်၍ ရိုးရာနတ်မစားလျှင် ပါးစပ်ရွဲ့၊ နားကိုက် စသည့် ရောဂါအမျိုးမျိုး၊ ထိခိုက်မှု အန္တရာယ်ကို အမျိုးမျိုး ဖြစ်တတ်သည်ဟု ဆိုပါသည်။ ကိုယ်တိုင်လည်း မြင်ဖူးပါသည်။ ရိုးရာနတ်ကို မပုတ်ခတ်ဘဲ မေတ္တာပို့ အမျှဝေနေလျှင် အန္တရာယ် ကင်းနိုင်ပါသလား ဘုရား။**

**နော်အေးအေးမူ**

**ကြာပန်းရွာ၊ သထုံမြို့။**

ဖြေ။ ။ ရိုးရာမှုသာ မဟုတ်၊ ယခင်က နတ်ကိုးကွယ်သူ ဖြစ်ခဲ့သည့်တိုင်အောင် ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်၍ ဒါနမှုကို မပြတ်ပြုခြင်း၊ ငါးပါးသီလကို အမြဲဆောက်တည်၍ အခါအားလျော်စွာ ရှစ်ပါးသီလ(ဥပုသ်)ကို ဆောက်တည်ခြင်း၊ ဝိပဿနာ ဘာဝနာ ပွားများခြင်း၊ မေတ္တာနှင့် နေခြင်း၊ ဘုရားဂုဏ်တော်ကို ပုတီးစိပ်ပွားများခြင်း စသည်တို့ ကျင့်သုံးနေထိုင်လျှင် မည်သည့် ရိုးရာနတ်မျှ

မနှောင့်ယှက်နိုင်ပါ။ ဗုဒ္ဓမြတ်စွာ လက်ထက်တော် အခါက ရိုးရာနတ်မှုမက ဗြဟ္မာ ကိုးကွယ်သူများပင် ဗုဒ္ဓမြတ်စွာ သာသနာတော်တွင်းသို့ ဝင်ရောက်ခဲ့ကြပါသည်။ သို့သော် ဗုဒ္ဓဘာသာဝင်ဖြစ်ရုံ၊ အမည်ခံရုံဖြစ်ပြီး ကိုယ်ခံဘာသာတရား ခိုင်ခိုင်ခံ့ခံ့ မရှိဘဲ ရိုးရာကို ပုတ်ခတ်ဝေဖန် နေလျှင်ကား နတ်နှင့် ဆိုင်ရာတို့က အန္တရာယ် ပေးပေလိမ့်မည်။ ထို့ကြောင့် မိမိကသာ ဗုဒ္ဓဘာသာတရားတော်ကို နှစ်နှစ်ကာကာအားထုတ်၍ ပရိတ်တော်များကို ရွတ်ဆိုခြင်း၊ ဆိုင်ရာတို့အားမေတ္တာပို့ခြင်း၊ အမျှဝေခြင်းတို့ဖြင့် စိတ်လက် ချမ်းသာစွာ နေဖို့လိုပါသည်။

မြတ်စွာဘုရားက နာဋပုတ္တဂိုဏ်းမှ ဗုဒ္ဓသာသနာသို့ ဝင်ရောက်လာသော ဥပါလိသူကြွယ်အား ဗုဒ္ဓသာသနာသို့ ဝင်ရောက်၍ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် နေသည့်တိုင်အောင် သင်ယခင်က ကိုးကွယ်ခဲ့သော နာဋပုတ္တဂိုဏ်းအား ပေးကမ်းခြင်း၊ ပူဇော်ပသခြင်းများကို ပေးကမ်းမြဲ၊ ပူဇော်ပသမြဲ၊ ပေးကမ်းပါ၊ ပူဇော်ပသပါဟု မိန့်တော်မူပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ ဖြစ်သော်လည်း ရိုးရာကို လုံးလုံးမပစ်ပယ်ဘဲ နတ်အတွက်ပဲသတ်သတ်၊ ဘုရားအတွက်ပဲသတ်သတ်၊ သတ်ဖြတ်မှုမှန်သမျှ အပြစ်ရှိသည်သာ ဖြစ်၍၊ ကြက်ဝက်ကို သတ်ခြင်း စသော အကုသိုလ်မှုများမှ တစ်ပါး အခြားပူဇော်ပသမှုကို ပြုနိုင်ပါသည်။ ကိုးကွယ်ခြင်း မဟုတ်သော ပူဇော်ပသမှုမျိုးတို့ကို ဘုရားသော်မှ ခွင့်ပြုကြောင်း မှတ်သားထားစေချင်ပါသည်။ အထူးမှာ သာသနာ့ ရှေ့ဆောင်ဖြစ်သော သံဃာတော်များထံ အစဉ်ချဉ်းကပ်၍ ဗုဒ္ဓဘာသာဆိုင်ရာ ကျင့်သုံးဖွယ်ရာ သုတပဒေသာများကို ဆည်းပူးလေ့လာလျက် ဗုဒ္ဓဘာသာစစ်စစ် အစဉ်ဖြစ်နေရန် အားထုတ်၍ နေပါဟု တိုက်တွန်းလိုပါသည်။



✍ ✍ ✍

# ၄၀။ ကမ္မဝါ ဖတ်ခြင်း ဆိုင်ရာ

**မေး။ ။ အိမ်ခန်း၊ခြံမြေတို့၌ အန္တရာယ်ကင်း ကမ္မဝါစာ ဖတ်သည့် အခါတွင် အချို့ဆရာတော် သံဃာတော်တို့က ဆောင့်ကြောင့်ထိုင်၍ ဖတ်ကြပါသည်။ အချို့က တင်ပျဉ်ခွေထိုင်၍ ဖတ်ကြပါသည်။ တစ်ခါတလေ သာမဏေများပင် ဝင်၍ ဖတ်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကမ္မဝါစာဖတ်ရာ၌ ထိုင်ပုံ၊ ထိုင်နည်း သာမဏေများ ဖတ်အပ်၊ မဖတ်အပ်နှင့် အနည်းဆုံးသံဃာအပါးရေ မည်မျှရှိမှ ဖတ်ရကြောင်း ဖြေကြားပေးတော်မူပါဘုရား။**

အရှင်စန္ဒိမာ
ဂုဏပတိ ကျောင်းတိုက်
အေးစေတီရပ်၊ ချောက်မြို့။

ဖြေ။ ။ ကမ္မဝါစာသည် ကံဆောင်ကမ္မဝါစာနှင့် အန္တရာယ်ကင်း ကမ္မဝါစာဟူ၍ နှစ်မျိုး ရှိပါသည်။ ရဟန်းခံခြင်း၊ ကထိန်ခင်းခြင်း စသည့် ကံကြီး၊ ကံငယ်ကိစ္စများနှင့် စပ်သော ကံဆောင်ကမ္မဝါစာများကို ဖတ်ရွတ်ကြရာ၌ သိမ်အတွင်းတွင် ရဟန်းသံဃာဂိုဏ်းပြည့်ဖြစ်စေ၍ ဥက္ကုဋိက ပါဠိအရ ဆောင့်ကြောင့်ထိုင်ကာ ဌာန်ကရိုဏ်း စသည် ညီညွတ်မှန်ကန်စွာ ရွတ်ဆို ဖတ်ကြားကြရပါသည်။ အန္တရာယ်ကင်း ကမ္မဝါစာ၌မူ ဤကဲ့သို့ ရွတ်ဆိုရမည်ဟု မဆိုသာပါ။ ကမ္မဝါစာကို ပရိတ်တော်များ ရွတ်ဆိုသကဲ့သို့ ရွတ်ဆိုလိုလျှင်လည်း ရွတ်ဆိုနိုင်ပါသည်။ ကံဆောင် မဟုတ်၍ ကံပျက်ခြင်း စသည် အပြစ်မရှိ၊ အန္တရာယ်ကင်းခြင်းသာ လိုအပ်ပါသည်။ အန္တရာယ်ကင်း ပဗ္ဗာဇနိယ ကမ္မဝါစာတွင် "၁၂၇၃–ခုနှစ်၊ ဝါဆိုလအတွင်း၊ ပဲခူးမြို့ တာဝဘူတာရုံရွာ၌ ဘွားရွှေငုံသည် ဖျားနာ အသည်းအသန်ရှိနေ၍ သံဃာတော်များကို လွယ်လင့်တကူ ပင့်မရသည့် အတွက် မရွှေမြ၊ မသိန်းမေ၊ မရွှေမေ၊ ဒေါ်ငြိမ်းအေးတို့ လေးယောက်

ကမ္မဝါစာတွင်ပါသော နည်းများကို ကြည့်၍ အမိန့်တော်ပြန်ခြင်း၊ ကမ္မဝါစာဖတ်ခြင်း စသည်ကိုပြုပြီး ပရိတ်ရေတိုက်ခြင်း၊ ဖျန်းခြင်း၊ ပရိတ်ကြိုးကို လက်မှာချည်ခြင်း စသည်ကို ပြုသဖြင့် ချက်ချင်း ကျန်းမာသွားကြောင်း”စသည်ကို ကံသာမူ ပဗ္ဗာဇနိယ ကမ္မဝါစာအုပ် (၁၆)၌ ဖော်ပြပါရှိသဖြင့် ရဟန်းများသာ မဟုတ်၊ သာမဏေများ လူများလည်း ဖတ်ရွတ်နိုင်ကြောင်း ထင်ရှားပါသည်။

✍ ✍ ✍

## ၄၁။ လူဝတ်ကြောင်နှင့် ဆယ်ပါးသီလ

**မေး။** ။ လူဝတ်ကြောင်များ ဆယ်ပါးသီလ ဆောက်တည်လျှင် မည်ကဲ့သို့ ကျင့်ကြံနေထိုင်ရမည်ကို ဖြေကြားပေးတော်မူပါ ဘုရား။

ဟင်္သာတ–ဦးအောင်ဖေ

ဟင်္သာတမြို့။

ဖြေ။ ။ ဆယ်ပါးသီလသည် ခံယူ၍ ဆောက်တည်ခြင်း၊ မခံယူဘဲ ဆောက်တည်ခြင်းဟူ၍ ၂–မျိုး ရှိပါသည်။ လူဝတ်ကြောင် (လူဝတ်လူစား)ဖြင့် ရဟန်းသံဃာ စသည်များထံ၌ ခံယူ၍ ဆောက်တည်လျှင်လည်း ဆောက်တည်နိုင်ပါသည်။ သို့မဟုတ် ရသေ့ စသည်တို့ကဲ့သို့ ဖန်ရည်ဆိုးထားသော အဝတ်ကို ဝတ်၍လည်း ဆောက်တည်နိုင်ပါသည်။ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်လျှင် ဆယ်ပါးသီလ အထူးခံယူဖွယ်ပင် မလို၊ အလိုလိုခံယူပြီး ဖြစ်၍ မဆောက်တည် မစောင့်ရှောက်ဘဲ မနေရတော့ပေ။ ရသေ့၊ ယောဂီ၊ သီလရှင် စသော ဖန်ရည်ဆိုးဝတ် ပုဂ္ဂိုလ်တိုင်းပင် ဆယ်ပါးသီလကို နိစ္စသီလ အဖြစ် ဆောက်တည် ကျင့်သုံးရတော့သည်။

လူဝတ်ကြောင်ဖြင့် ခံယူဆောက်တည်မှုမှာ နိစ္စသီလ မဟုတ်၊ ခံယူသောနေ့ တစ်နေ့တာ၊ သို့မဟုတ် မိမိစောင့်ရှောက်နိုင်သမျှ

စောင့်ရှောက်နိုင်၏။ သို့သော် ရှစ်ပါးသီလထက် ပို၍ ဆောက်တည် ထားသမျှ ကာလပတ်လုံး အိမ်မှုရေးရာများကို စွန့်လွှတ်ထားနိုင် ရမည်။ ဖန်ရည်ဆိုးအဝတ် ဝတ်ထားသူကဲ့သို့ ကျင့်သုံးနိုင်ရမည်။ လယ်တီ ဆရာတော် ဘုရားကြီးက "ဤဆယ်ပါးသီလသည် နိစ္စ၊ အနိစ္စ နှစ်မျိုးရ၏။ အိမ်မှုရေးရာကို စွန့်လွှတ်၍ အဝတ်ကြောင် ဟူသော ပကတိလူတို့ အဝတ်ကိုပယ်၍ အရဟတ္တဓဇ အဝင်အပါ ညောင်ခေါက်စသည် ဆိုးအပ်သော ယောဂီအဝတ်ကို ဝတ်သူ လူ သူတော်ကောင်းတို့အား ထိုဆယ်ပါးသီလသည် နိစ္စသီလမျိုး ဖြစ်၏။ ယောဂီဝတ်ကို ဝတ်မိသည်နှင့် တစ်ပြိုင်နက် ထိုသူအား ဆယ်ပါးသီလ သည် တည်လေတော့၏။ ယောဂီဝတ်ကိုဝတ်မိသည်နှင့်တစ်ပြိုင်နက် မမြတ်သော အကျင့်ကို ကျင့်ခြင်း၊ နေလွဲညစာ စားခြင်း၊ ရွှေငွေ ကိုင်ခြင်း စသည်တို့ကို မပြုလုပ်ရတော့ပြီ။ လွန်ကျူးမိလျှင် အပြစ် ရှိ၏"ဟု သီလဝိနိစ္ဆယ၌ ဆိုတော်မူထားပေသည်။

အထူးမှာ လူဝတ်ကြောင်တို့သည် ဆယ်ပါးသီလကို ဆောက် တည်ထားက မိမိပိုင် ဥစ္စာဖြစ်သော အိမ်မှာရှိသည့် ရွှေငွေဘဏ္ဍာများ၌ အာလယ ဖြတ်ထားသင့်သည်။ ယင်းတို့ ကိစ္စကို မဆောင်ရွက်ခြင်း၊ ယင်းတို့၌ သာယာမှုကို ပယ်ရှားခြင်းနှင့် လူမှုကိစ္စများကို လုံးဝ ရှောင်ရှားနိုင်ရန် အရေးကြီးပေသည်။ ထို့ကြောင့် ဆယ်ပါးသီလရှင် သည် ဝတ်ကြောင်ကိုစွန့်၍ ဖန်ရည်ဆိုးအဝတ်နှင့်သာ လျော်သည် ဟု ရှေးဆရာတို့ ဆိုပေသည်။ ဖြစ်နိုင်လျှင် ၎င်းသီလ ခံယူထားက အိမ်ကို မပြန်ဘဲ ကျောင်းကန် တို့တွင်သာ နေထိုင် အိပ်စက်သင့် ပါသည်။

✍ ✍ ✍

# ၄၂။ ဥပုသ်သည် ကျင့်ဝတ်

**မေး။ ။ ရှစ်ပါးသီလ (ဥပုသ်) စောင့်ထိန်းသူသည် မည်ကဲ့သို့ ကျင့်သုံးနေထိုင်ရသည်ကို ဖြေကြားတော်မူပါဘုရား။ ရှစ်ပါးသီလ စောင့်ထိန်း ထားလျှင် တဘက်ပဝါများကို ခြုံသိုင်းထားရ ပါသလား။ စားပွဲ ကုလားထိုင်နှင့် စား၍ ရပါသလား ဘုရား။**

**မြိုင်မြိုင်**
**သံဖြူဇရပ်မြို့**

ဖြေ။ ။ ရှစ်ပါးသီလ(ဥပုသ်) စောင့်ထိန်းသူသည် ထိုစောင့်သုံးသော (ဥပုသ်)နေ့၌ လူမှုကိစ္စများကို မလုပ်ဆောင်ဘဲ စားဖွယ်သောက်ဖွယ်များကို စောစောထ၍ ချက်ပြုတ်ပြီး ကျောင်းသို့သွားကာ နံနက် စောနိုင်သရွေ့ စောစွာ သီလခံယူရန် လိုပါသည်။ ဆွမ်းစသော လှူဖွယ်ဝတ္ထုများကို လှူဒါန်း၍ မိမိ ကိုယ်တိုင်လည်း နေမလွဲမီ စားသောက်ရပါသည်။ တဘက် ပုဝါများမှာ ရဟန်းသံဃာရှေ့သို့ သွားရောက်ချိန် သီလခံယူချိန် စသည်များမှာသာ ခြုံသိုင်းရန် လိုပါသည်။ ကျောင်းကန် ဘုရား၊ ရဟန်းသံဃာတို့ ရှေ့တွင် အမျိုးသား အမျိုးသမီးတိုင်းပင် လုံလုံခြုံခြုံ ဝတ်စားဆင်ယင်ရ ပါသည်။ ကျောင်းမှာပင် စားသောက်ကြရ၍ စားပွဲကုလားထိုင် ပြဿနာ မပေါ်ပါ။ စနစ်ကျသော ဥပုသ်သည် စည်းကမ်းတွင် အိမ်ပြန်၍ ထမင်းစားသောက်ရခြင်းမျိုး မရှိပါ။ အကြောင်းမညီညွတ်၍ အိမ်မှာ ထမင်းစားရပါ ကလည်း ဥစ္စာသယန မဟာသယန သိက္ခာပုဒ်နှင့် လျော်ကန်မှု မရှိလှပါ ဆိုသင့်ပါသည်။

အမှန်မှာ ဥပုသ်သည်သည် နေ့လယ်ပိုင်း၊ ညနေပိုင်းများတွင်လည်း ကျောင်းကန်ဘုရားများ၌ နေထိုင်၍ ရတနာသုံးပါး ဝေယျာဝစ္စပြုခြင်း၊ တရားနာခြင်း၊ တရားဘာဝနာ ပွားများခြင်း၊ ပုတီးစိပ်ခြင်း တို့ဖြင့်သာ အချိန်ကို ကုန်စေသင့်ပါသည်။ ယခုခေတ်တွင် ဥပုသ်

စောင့်သည်ဟူသော အမည်မျှသာရှိပြီး နေမြင့်မှ ကျောင်းသွား သီလခံယူကာ တစ်နေ့လုံးအိမ်တွင် လူမှုကိစ္စများနှင့်သာ အချိန်ကုန်စေကြသဖြင့် ဘုရားဟောသော ဂေါပါလဥပုသ် အဆင့်မျှကိုပင် မမီတော့ပေ။ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိယံဝင် သူတော်စင်များ အနေဖြင့် မှန်ကန်သော ဥပုသ်သည်တစ်ဦး ဖြစ်လိုက အထက်ပါအတိုင်း ကျင့်သုံးရန် လိုကြောင်း ဖြေကြားလိုပါသည်။

✍ ✍ ✍

## ၄၃။ ဆွမ်းလှူဒါန်းမှု ကိစ္စ စသည်

မေး။ ။ (၁) မြတ်စွာဘုရားအား ဆွမ်းကပ်လှူရာ၌ နံနက်ပိုင်း မည်သည့်အချိန်၌ ကပ်လှူနိုင်ပါသနည်း။ ပန်း၊ ရေချမ်းတို့ကို အချိန်မရွေး ကပ်လှူနိုင်ပါသလား ဘုရား။

(၂) ဆွမ်းလှူရာ၌ စားဦး စားဖျားမှသာ လှူအပ်ပါသလား။ ခွဲချန်ထားပြီး နောက်မှ လှူခြင်း၊ အကြွင်းအကျန်ကို လှူခြင်းများလည်း ဖြစ်နိုင်ပါသလား ဘုရား။

(၃) ကိုယ်တိုင်ချက်၍ မအားလပ်သဖြင့် အခြားသူအား လောင်းခိုင်းခြင်း၊ ကျောင်းသို့ အပို့ခိုင်းခြင်းတို့၌ ကုသိုလ် အတူတူ ရပါသလား ဘုရား။

(၄) ဓမ္မဋ္ဌာန်း ကျောင်းသို့ သွား၍ တရားတိုင်ခြင်းနှင့် မိမိဘာသာ တတ်သိသလောက် အိမ်တွင် တရားတိုင်ခြင်း မည်သို့ ကွာခြား ပါသလဲ ဘုရား။

မအေးအေးမြတ်

အမှတ်-၂ ရပ်ကွက်၊ ကန့်ဘလူမြို့။

ဖြေ။ ။ (၁) ဆွမ်းကို နံနက် အရုဏ်တက်ပြီးချိန်မှ မွန်းတည့်ချိန်အတွင်း မည်သည့်အချိန်မဆို ကပ်လှူနိုင်ပါသည်။ 'နံနက်ရေချမ်း ညနေပန်း' ဟု ဆိုထုံး ရှိကြသည်။ နံနက်ပိုင်းတွင် ဆွမ်းနှင့်အတူ ရေပါကပ်လှူသဖြင့် ရေကိုနံနက် ပန်းကို ညနေ၌ ကပ်ရသည်ဟု

ယူဆနေကြပါသည်။ ရေနှင့်ပန်းကို နံနက် ညနေ မည်သည့်အချိန် မဆို ကပ်လှူနိုင်ပါသည်။

(၂) ဓမ္မပဒ အဋ္ဌကထာ၊ ဘိက္ခုဝဂ်၊ ဖ-ပဥ္စဂ္ဂဒါယကာ ဝတ္ထုဩ ပဥ္စဂ္ဂဒါယကာ ထမင်းစားနေစဉ် မြတ်စွာဘုရား ဆွမ်းရပ်တော်မူရာ ရတ်တရက်မမြင်၊ နောက်မှ မြင်သဖြင့် တစ်ပိုင်းစားပြီးသော ထမင်း ကို လှူဒါန်းလို၍ အလှူခံမခံ မေးလျှောက်သည်။ မြတ်စွာဘုရားက 'ယဒဂ္ဂတော မဇ္ဈတော သေသတောဝါ'စသော ဂါထာဖြင့် ငါတို့ ဘုရား ရဟန္တာများသည် ဒါယကာတို့ကို မှီ၍ အသက်မွေးရသဖြင့် ဆွမ်းဦးမှ ဖြစ်စေ၊ အလယ်(ထက်ဝက်ကျန်)ဆွမ်းမှ ဖြစ်စေ၊ ဆွမ်းကြွင်း (ဆွမ်းကျန်)မှ ဖြစ်စေ အလှူခံနိုင်သည်ချည်းသာဖြစ်ကြောင်း ဟော တော်မူသည်။ သန့်သန့်ချန်၍ လှူခြင်း၊ မွန်းတည့်ခါနီးမှ ရောက်လာ သော အလှူခံရဟန်း သံဃာအား ဆွမ်းကျန်ကိုပင် အမွန်အမြတ် ပြုပြင်စီရင်၍ လှူဒါန်းခြင်းများ ပြုကောင်းပါသည်။

(၃) ဆွမ်းလှူဒါန်းခြင်းသည် ဒါနဖြစ်၍ ကိုယ်တိုင် (ကိုယ်ထိ လက်ရောက် လှူဒါန်းမှု) ချက်ပြုတ်လုပ်ကိုင်ခြင်းမှာ ဝေယျာဝစ္စ ဖြစ်သည်။ ကိုယ်တိုင်ပို့လျှင် သာဟတ္ထိကဒါနဖြစ်၍ အခြားသူအား ပို့ခိုင်း (အလှူခိုင်း)ခြင်း အတွက် သာဟတ္ထိက တစ်ပါး ယုတ်လျော့ သည်။ သို့သော် မအားလပ်၍ ခိုင်းစေခြင်းဖြစ်သဖြင့် စေတနာ မယုတ်လျော့ပါ။ ပို့ပေးသူမှာ စေတနာတူညီပါမှ ချက်ပြုတ်လုပ်ကိုင် ၍ အလှူခိုင်းသူနှင့် တူညီသော ကုသိုလ်ကို ရနိုင်ပါသည်။ အမှန်အား ဖြင့် ချက်ပြုတ်၍ လှူဒါန်းခိုင်းသူက အစအရာရာ၌ ပိုမိုနိုင်ပါသည်။

(၄) ကမ္မဋ္ဌာန်း တရားကို အားထုတ်ကြရာ၌ ကမ္မဋ္ဌာန်းဌာန များသို့ သွား၍ ကမ္မဋ္ဌာနာစရိယ ဆရာများနှင့် စနစ်တကျ နည်းမှန် လမ်းကျ အားထုတ်ကြမှသာ လိုအပ်သော တရားတွေ့မှု စသည်များ

ကို ရရှိနိုင်စရာ ရှိပါသည်။ သို့မှလည်း အားထုတ်နေစဉ်တွင် အခက်အခဲ အနှောင့်အယှက်များ တွေ့ရပါက ဆရာသမား၏ လမ်းညွှန်မှုဖြင့် ဖြောင့်ဖြူး၍ သွားနိုင်ပါသည်။ သို့သော် ကမ္မဋ္ဌာန်းဌာနများတွင် ဆရာသမားနှင့် စနစ်တကျ အားထုတ်၍ အတော်အတန် ပေါက်ရောက်ပြီး ဖြစ်ပါမူကား မိမိအိမ်တွင်ပင် အဆက်မပြတ် အချိန်မှန် အားထုတ်နိုင်ပါသည်။ ဤသို့ မပြတ် လေ့လာပွားများနေမှလည်း တရားအရှိန်ရ၍ နောက်တစ်ဖန် အားထုတ်က အလွယ်တကူပင် ဉာဏ်အမြင်ပေါက် ခရီးရောက်နိုင် ပါလိမ့်မည်။

✍ ✍ ✍

## ၄၄။ ငါးပါးသီလ

**မေး။ ။ သူ့အသက် မသတ်၊ သူ့ဥစ္စာ မခိုး၊ သူ့အိမ်ရာ မမှား၊ မုသား မဆိုနှင့် သေရည်သေရက်ကို မသောက်စားလျှင် ငါးပါးသီလ ခံယူဆောက်တည်တာနှင့် အတူတူပင် မဟုတ်ပါလား ဘုရား။ အချို့က မုသား မဆိုရုံနှင့် မပြီး၊ ရန့်ရင်း၊ ကုန်းချောနှင့် သိမ်ဖျင်းသော စကားကိုလည်း မပြောပါမှ ငါးပါးသီလ လုံခြုံသူဖြစ်သည်ဟု ပြောပါသည်။ ဟုတ်ပါသလား ဘုရား။ သိမ်ဖျင်းသော စကားဆိုသည်မှာ မည်သို့သော စကား ဆိုသည်ကို လည်း သိလိုပါသည်ဘုရား။ ဖြေကြားတော်မူပါ ဘုရား။**

**မဌေးဌေးလွင်**

**၁၄၂၊ ၃၈–လမ်း၊ ရန်ကုန်မြို့။**

ဖြေ။ ။ သီလဟူသည် နှုတ်မြွက်၍ ခံယူဆောက်တည်ဖို့ လိုပါသည်။ သူ့အသက်သတ်ခြင်း စသည်ကို ရှောင်ကြဉ် နေရုံဖြင့် ငါးပါးသီလတည်သူဟု မဆိုနိုင်ပါ။ တွေ့ကြုံဆဲ ရှောင်ကြဉ်ခြင်း သမ္ပတ္တဝိရတီ၊ ခံယူဆောက်တည်၍ ရှောင်ကြဉ်ခြင်း သမာဒါန ဝိရတီနှင့် အရိယာ ပုဂ္ဂိုလ်ဖြစ်၍ (မဂ်တရား ဖိုလ်တရားရ၍) ရှောင်ကြဉ်ခြင်း သမုစ္ဆေဒ ဝိရတီ ၃–မျိုးတွင် ပုထုဇဉ် ပုဂ္ဂိုလ်တို့ အဖို့

'သမာဒိယာမိ' ဟု နှုတ်မြွက်ဆောက်တည်၍ ရှောင်ကြဉ်သော သမာဒါန ဝိရတီ ဖြစ်မှသာလျှင် အမြဲတမ်း သီလဌ် တည်သူဖြစ်နိုင်ပါသည်။

ငါးပါးသီလတွင် မုသာဝါဒ သိက္ခာပုဒ် တစ်ခုဖြင့် ပြီးပါသည်။ ဝစီကံ ၄-ပါး ကိုထည့်၍ ဆောက်တည်သော အာဇီဝဋ္ဌမက သီလဆိုင်ရာတို့၌သာ ရန့်ရင်းသော စကားကိုဆိုခြင်း-ဖရုသဝါစာ၊ကုန်းချောစကားကို ဆိုခြင်း-ပိသုဏဝါစာနှင့် သိမ်ဖျင်းသော စကားကို ဆိုခြင်း-သမ္ဖပ္ပလာပဝါစာ တို့ကို ထည့်၍ ဆောက်တည်ရပါသည်။ သိမ်ဖျင်းသော စကား ဟူသည်မှာ အချိန်ကုန်ခြင်းသာ အဖတ်တင်သော အချည်းနှီး အကျိုးမထင်သည့် ပုံပြင်ပေါ့ပျက် စီးပွားဖျက် စကားမျိုးကို ဆိုလိုပါသည်။

✍ ✍ ✍

## ၄၅။ တိရစ္ဆာန်-လူ့ဘာသာစကား

**မေး။ ။ ဘုရား လက်ထက်က တိရစ္ဆာန်များ မာဂဓဘာသာဖြင့် စကားပြောဆိုကြပါသလား ဘုရား။ ဘယ်အချိန်မှစ၍ တိရစ္ဆာန်များ မာဂဓဘာသာဖြင့် စကားပြောခြင်း ရပ်စဲသွားပါသနည်း။ ယခုအခါ ၎င်းတို့ အဘယ့်ကြောင့် စကား မပြောကြပါသလဲ ဘုရား။**

**မောင် မျိုးမြင့်**

**တံတားဦးကုန်း၊ ကျောက်ဆည်မြို့နယ်။**

ဖြေ။ ။ တိရစ္ဆာန်များသည် သဘာဝအားဖြင့် မာဂဓဘာသာ၊ သို့မဟုတ် လူတို့ ဘာသာစကားဖြင့် စကားပြောကြားခြင်း မရှိကြပါ။ ဘုရား လက်ထက်ကလည်း တိရစ္ဆာန်တို့ လူတို့ဘာသာစကားကို ပြောကြားသည်ဟူ၍ မရှိခဲ့ပါ။ 'မြေခွေး၊ ဆိတ်၊ သမင်' စသည်တို့ လူ့ဘာသာ ပြောသည်ဟု ကျမ်းနိပါတ်လာသည်ကား နှစ် -10 ပေါင်း ကုဋေ သိန်းသန်းမက လွန်မှ တစ်ရံတဆစ် မဖြစ်ဖူးမြဲ ဖြစ်

သော 'အစ္စရိယ အဗ္ဘုတ ဓမ္မ (အံ့ဩစဖွယ် ဆန်းဆန်းကြယ်ကြယ်)' ဖြစ်ခြင်း ပေတည်း။

အစဉ်မပြတ် ဇာတ်နိပါတ်တိုင်း ပြောဆိုသည် မဟုတ်။ ဤသို့ တစ်ရံတဆစ် ဖြစ်ခြင်းမျိုးသည်လည်း အစိန္တေယျ လောက သဘော အားဖြင့် ဖြစ်သင့်သည်ပင်။ ဤသို့ ဖြစ်ခြင်းသည် ရှေးကသာမဟုတ်။ ယခုကာလ၌လည်း ဖြစ်တတ်ကြောင်း "သတပဒိက ပုစ္ဆာ ဝိသဇ္ဇနာ" ကျမ်းတွင် ပါရှိပေသည်။

မြန်မာနိုင်ငံတွင် မကြာမီက စကားပြောသော ကျီးများ ပေါ် ပေါက်ခဲ့ဖူးပေသည်။ အင်္ဂလန်တွင် ခွေးငယ်က လူစကားပြောခြင်း၊ မက္ကဆီကိုတွင် ကြောင်က စကားပြောခြင်း စသည်တို့ကို အံ့ဖွယ် စာစောင်များတွင် မကြာမကြာ ဖတ်ရှုရပါသည်။ ဤခေတ်တွင်လည်း တိရစ္ဆာန် စကား ပြောခြင်းများကို တွေ့ကြုံရနိုင်သည်။ ဘုရားအလောင်း တော်တို့သည် ရသေ့ရဟန်း ဈာန်အဘိညာဏ် ရသောဘဝများ၌ မဟာဝဇိရဉာဏ်စသော အထက်တန်းကျသော ဉာဏ်များ ရခဲ့ဖူး၍ အကုသိုလ် အကျိုးပေးကာ တိရစ္ဆာန်ဘဝ၌ ဖြစ်ရသော်လည်း အလို ရှိလျှင် တရားဟောနိုင်ခြင်း၊ လူ့ဘာသာစကားကို ပြောကြားနိုင်ခြင်း များ ရှိကြောင်း၊ ထို့ကြောင့် ဇာတ်နိပါတ်တော်များတွင် ဘုရားလောင်း ဒေါင်းမင်း၊ သမင်မင်း၊ ဟင်္သာမင်း စသည်တို့ တရားဟောကြောင်းများ ကို ဖတ်ရှုရပေသည်။

✍ ✍ ✍

## ၄၆။ ကောင်းမှု ကုသိုလ်နှင့် ဆုတောင်း

မေး။ ။ ကုသိုလ်ကောင်းမှု ပြုပြီးလျှင် လောကီလောကုတ္တရာ ချမ်းသာများ ရရှိရန် ဆုတောင်းဖို့ လိုအပ်ပါသလား ဘုရား။ ဆုမတောင်း ဘဲနှင့်လည်း ရနိုင်ပါသလား ဘုရား။ ဖြေကြားတော်မူပါဘုရား။

မမိမိနွယ်

မြို့သစ်၊ အင်းစိန်။

ဖြေ။ ။ ဗုဒ္ဓဘာသာတို့ ဆုတောင်းဆုယူ ကိစ္စနှင့် ပတ်သက်၍ အောက်ပါ ဆောင်ပုဒ် ကလေးကို ကျက်မှတ်ထားသင့်ပါသည်။

၁။ ကျွတ်ဆု မတောင်း၊ ကောင်းစွာမကျင့်၊ ကျွတ်ခွင့်မရ၊ 'ခါဏုက'။

၂။ ကျွတ်ဆု မတောင်း၊ ကောင်းစွာကားကျင့်၊ ကျွတ်ခွင့်မရ၊ 'ဘိရတ'။

၃။ ကျွတ်ဆုသာတောင်း၊ ကောင်းစွာမကျင့်၊ ကျွတ်ခွင့်မရ၊ 'ဝဋ္ဋနိဿိဟ'။

၄။ ကျွတ်ဆုလည်းတောင်း၊ ကောင်းစွာလည်းကျင့်၊ ကျွတ်ခွင့်ကိုရ 'ဝိဝဋ္ဋနိဿိတ'။

အဓိပ္ပါယ်မှာ ဆုလည်း မတောင်း။ လှူလည်းမလှူ။ ကောင်းမှုလည်း မပြုသူမှာ ဝဋ္ဋခါဏုက ပုဂ္ဂိုလ်မည်၏။ ဝဋ်အတွင်းမှာသာ သစ်ငုတ်တိုသဖွယ် မကျွတ်မလွတ်နိုင်ဘဲ အမြဲလည်ပတ်နေရသူဖြစ်သည်။ ငရဲသစ်ငုတ်ဟု ဝေါဟာရ ပြုကြရ၏။ အပါယ် ၄–ဘုံ၌သာ အရောက်များနေရမည် ဖြစ်၏။

လှူကားလှူ၏။ ကုသိုလ်ကောင်းမှု ပြု၏။ နိဗ္ဗာန်ကို ဆုမတောင်းလျှင်ကား ဝဋ်အတွင်းမှာသာ ပျော်မွေ့သူ ဝဋ္ဋာဘိရတ ပုဂ္ဂိုလ်မည်၏။ လူ့ပြည်နတ်ပြည်၌ကား ဖြစ်နိုင်ပါ၏။ အပါယ်လေးဘုံနှင့် ဆွေမျိုးမကင်း၍ အများအားဖြင့် အပါယ်တွင်နစ်တတ်ချေ၏။

ဆုကား တောင်းပါ၏။ ကုသိုလ်ကောင်းမှု မပြု။ ကောင်းစွာကျင့်ကြံ အားထုတ်ခြင်း မရှိ။ ထိုသူသည်လည်း ဝဋ္ဋနိဿိတ ပုဂ္ဂိုလ်ဖြစ်၍ ဝဋ်အတွင်း၌သာ မှီ၍ တလည်လည်ဖြစ်ကာ ပါယ်လေးရွာ၌လှည့်လည်ရတတ်လေသည်။

အလှူအတန်းလည်းပြု။ ကုသိုလ်ကောင်းမှု ပြုလုပ်လျှင်လည်း ‘ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု’ဟု မိမိပြုသော ကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်မဂ်ဖိုလ်၏ အကြောင်းတရား ဖြစ်ပါစေဟု ဆုတောင်းသူသည်သာ ဝိဝဋ္ဋနိဿိတ ပုဂ္ဂိုလ်ဖြစ်သည်။ မိမိဆုတောင်းတိုင်း အိုခြင်းကင်းရာ၊ နာခြင်းကင်းရာ၊ သေခြင်းကင်းရာ၊ နိဗ္ဗာန်ချမ်းသာရရေး ဖြစ်သဖြင့် ကုသိုလ်ကောင်းမှု ပြုတိုင်း နိဗ္ဗာန်ဆုကို တောင်းရမည်သာဖြစ်၏။

အမှန်မှာ နိဗ္ဗာန်ဆုတောင်း၍ ပြုလုပ်သော ဒါန၊ သီလ စသည်သာ ပါရမီဒါန၊ ပါရမီသီလ ဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ပို့ဆောင်မည် ဖြစ်သည်။ ကုသိုလ်ပြုတိုင်း မဂ်ဖိုလ်နိဗ္ဗာန်ဆု၊ မိမိ လိုအပ်သော ဗောဓိဆုတို့ကို တောင်းကြရပါမည်။ ထို့ကြောင့်ပင် ရှေးဆရာများတို့သည် ဣဒံကာသကန်တော့ခန်းမှ စ၍ ဆုတောင်းကို ထည့်ပေးထားပေသည်။ အလွန်ကောင်းသော အစဉ်အလာ ဖြစ်ပါ၏။ အချို့က ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဆုတောင်းကို ထည့်၍ ဆိုရန် မလိုဟု ဆိုကြ၏။ ဆုပေးမည့်ပုဂ္ဂိုလ်က တောင်းသည့်အတိုင်း ဖြစ်စေရန် ပံ့ပိုးပေးရုံသာဖြစ်၍ မိမိကိုယ်တိုင် နှုတ်မြွက်ဆုတောင်းမိရန် အရေးကြီးလှပါသည်။

✍ ✍ ✍

## ၄၇။ ဘိက္ခုနီ သာသနာ

**မေး။ ။ (၁) ဗုဒ္ဓဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဖြစ်ပါသည်။ အဘယ်ကြောင့် ရှင်အာနန္ဒာ၏ တောင်းပန်လျှောက်ထားချက်ဖြင့် မိထွေးတော်ဂေါတမီ အမှူးပြုသော မာတုဂါမများကို ဘိက္ခုနီ (ရဟန်းမ)ပြုခွင့် ပေးလိုက်ပါသလဲ ဘုရား။**

**(၂) ဘိက္ခုနီများ လိုက်နာကျင့်သုံးသည့် ဂရုဓမ္မတရား ရှစ်ပါးအနှစ်သည် မည်သည်တို့ ဖြစ်ပါသလဲ ဘုရား။**

**(၃) ဘိက္ခုနီ သာသနာသည် မည်သည့် အချိန်က မည်ကဲ့သို့ ကွယ်ခဲ့ပါသလဲ ဘုရား။**

**(၄) ယခုကာလတွင် အမှန်ပင် အမျိုးသမီးများ (ဘိက္ခုနီ) ပြုခွင့် မရှိတော့ပါသလား၊ ဖြေကြားပေးတော်မူပါ ဘုရား။**

**ဒေါ်ယဉ်ယဉ်လှ၊ ဒေါ်ခင်ငြိမ်းငြိမ်း**
**အရှေ့ရန်ကင်း၊ ရန်ကုန်။**

ဖြေ။ ။ (၁)မိထွေးတော် ဂေါတမီသည် မြတ်စွာဘုရား ကပိလဝတ် ပြည်သို့ ရှေးဦးစွာကြွလာစကပင် ဘိက္ခုနီအဖြစ် ခွင့်တောင်း ခဲ့ပါသည်။ မြတ်စွာဘုရား ခွင့်ပြုတော် မမူခဲ့ပေ။ မြတ်စွာဘုရား ငါးဝါမြောက် ဝေသာလီပြည်တွင် ဝါဆိုတော်မူစဉ် မိထွေးတော် ဂေါ တမီနှင့် သာကီဝင် မင်းသမီး ငါးရာ ရောက်လာ၍ အရှင်အာနန္ဒာက ဘိက္ခုနီအခွင့်ရရန် တောင်းပန်ပေးရာ နှစ်ကြိမ်တိုင် ပယ်ပြီးနောက် သုံးကြိမ်မြောက် အခွင့်တောင်းမှ ခွင့်ပြုတော်မူသည်။ ဤသို့ ခွင့်ပြု တော်မူသည်မှာ ကမ္ဘာ တစ်သိန်းထက်က ဗျာဒိတ်ရ၍ အရဟတ္တဖိုလ် ရရန်ဥပနိဿယရှိပြီးအမျိုးသမီးတို့ သာသနာတော်သို့ ဝင်ရောက်နိုင် ရန် ဖြစ်ပါသည်။ ဤသို့ မြင်တော်မူပါလျက် ချက်ချင်း ခွင့်မပြုဘဲ အကြိမ်ကြိမ် ပယ်တော်မူရသည်မှာ အလွယ်တကူ ရသော ပစ္စည်း ထက် ခက်ခက်ခဲခဲ ရသောပစ္စည်းကိုမှ ပိုမို မြတ်နိုးတတ်သော လူ့သဘာဝအရ ဘိက္ခုနီ ဘဝကို တန်ဖိုးထားရန် ရည်ရွယ်တော် မူသည့် သဘောပင် ဖြစ်ပါသည်။

(၂) ဘိက္ခုနီများ(အထူးသဖြင့်)မိထွေးတော် မဟာပဇာပတိ ဂေါတမီအတွက် ပညတ်အပ်သော ဂရုဓမ္မဟာရား ရှစ်ပါး အနစ်မှာ ဘိက္ခုနီ(ရဟန်းမ)များက ဘိက္ခု(ရဟန်း)များအား အစဉ်လေးစား ရှိသေသဖြင့် သာသနာအရှည် တည်တံ့ရေးပင် ဖြစ်ပါသည်။

(၃) ဘိက္ခုနီ သာသနာသည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)တွင် အရှည်ဆုံး ဖြစ်သည်။ သာသနာနှစ် လေးရာကျော်တွင် ၎င်းသီဟိုဠ် ကျွန်း၌ ၁၂–နှစ်တိုင် သူပုန်ဘေးကြီးဖြစ်ခြင်း၊ ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်ကြီးများဆက်လက်ဖြစ်ပွားခြင်းအပြင်ရဟန်းများပင် အတည် မကျ ပြေးလွှားရှောင်နေရ၍ ရဟန်းများကို အမှီပြုကာ နေထိုင်ရှာသော ဘိက္ခုနီများ အနေအထိုင် ပျက်ပြားရခြင်း၊ ဝိနည်း သိက္ခာပုဒ် ကျပ်တည်းခြင်း၊ ဘုန်းကံနည်းပါး လာဘ်သပ္ပကာ ရှားပါးခြင်း စသော အကြောင်းများကြောင့် သာသနာနှစ်ငါးရာ အတွင်းမှာပင် ဘိက္ခုနီ သာသနာ အဆက်ပြတ်သွားရသည်ဟု မှတ်သားရပါသည်။

(၄)ဘိက္ခုနီတို့သည် ဘိက္ခုနီအဖြစ် ဝင်ရောက်ရာ၌ ရှေးဦးစွာ ဘိက္ခုနီတို့ထံတွင် ရဟန်းခံရပေသည်။ ထို့နောက်တွင်မှ ရဟန်းတော်များထံတွင် ရဟန်း ခံရ၏။ ဤသို့ ဘိက္ခုနီသံဃာ၊ ဘိက္ခုသံဃာတို့ထံတွင် ဉတ်ကမ္မဝါစာ လေးကြိမ်စီဖတ်၍ အဋ္ဌဝါစိကူပသမ္ပဒါအဖြစ် နှစ်ကြိမ်ရဟန်းခံမှ ဘိက္ခုနီ(ရဟန်းမ) ဖြစ်သည်။ အနည်းဆုံး ဘိက္ခုနီ ငါးပါးရှိမှ ရဟန်းခံပေးနိုင်သည်ဖြစ်ရာ ဤခေတ်တွင် ရှေးဦးစွာ ရဟန်းခံပေးမည့် ဘိက္ခုနီငါးပါး မရှိတော့၍ ဖြစ်ရန် မလွယ်ကူတော့ပေ။

✍ ✍ ✍

## ၄၈။ ဘုရားထားရာ ခေါင်းပြုရာ အရပ်မျက်နှာ

**မေး။ ။ ဗုဒ္ဓဘာသာဝင်များသည် ဘုရားစင်ကို အရှေ့ဘက်၊ တောင်ဘက် မျက်နှာတို့မှာသာ ထားလေ့ ရှိပါသည်။ ထိုအရပ်မျက်နှာများကိုသာ ခေါင်းပြု၍လည်း အိပ်လေ့ရှိပါသည်။ အဘယ်ကြောင့်ပါလဲ ဘုရား။**

**ကျော်ကျော်**

**ပိတောက်ပင်လမ်းဆုံ၊ မြိတ်မြို့။**

ဖြေ။ ။ ဗုဒ္ဓဘာသာဝင်တို့တွင် အလေးပြုအပ်သော အရပ်မျက်နှာ များ အနေဖြင့် ဘုရား ဟောကြားတော်မူသော သိင်္ဂါလောဝါဒ သုတ် ဟူ၍ ရှိပါသည်။

ထိုသုတ်တွင်–

"အမိအဖတို့ကို အရှေ့အရပ်ဟု သိအပ်ကုန်၏။ ဆရာ သမားတို့ကို တောင်အရပ်ဟု သိအပ်ကုန်၏။ သားမယားတို့ကို အနောက်အရပ်ဟု သိအပ်ကုန်၏။ အဆွေခင်ပွန်းတို့ကို မြောက်အရပ် ဟု သိအပ်ကုန်၏။ အစေအပါးတို့ကို အောက်အရပ်ဟု သိအပ်ကုန်၏။ သမဏဗြာဟ္မဏတို့ကို အထက်အရပ်ဟု သိအပ်ကုန်၏။" (ပါထိက ဝဂ်မြန်မာပြန်–၁၇၁)ဟုဆို၏။

အထက်ပါ သိင်္ဂါလောဝါဒသုတ် အရ အလေးပြုအပ်သော အရပ် ၆–မျိုးတွင်(အထူးအားဖြင့် အရပ်လေးမျက်နှာတို့တွင်) မိဘ နှင့် ဆရာသမားဆိုင်ရာ အရပ်မျက်နှာနှစ်ခုကို ရည်မှတ်၍ အရှေ့ အရပ်နှင့်တောင်အရပ်တို့၌ ဘုရားစင်ထားရှိ ကိုးကွယ်ခြင်း၊ ဦးခေါင်း ပြု၍ အိပ်ခြင်းဖြစ်သည်ဟု မှတ်သားရပါသည်။

✍ ✍ ✍

## ၃၉။ ဝိညာဉ် လောက ဟူသော အယူ

မေး။ ။ (၁) လူသေလျှင် ဝိညာဉ်က သေသောသူနှင့်အတူ ရှိနေပါသလား ဘုရား။

(၂) တစ္ဆေဘဝ ရောက်နေသူများကို လူများက အမိန့်ပေး၍ ရပါ သလားဘုရား။ (သချိုင်းဟောင်းများကို နေရာရွှေ့ရာ၌ သချိုင်းဟောင်းမှ တစ္ဆေများကို အမိန့်တော်ပြန်၍ နေရာသစ်သို့ ပို့ရသည်ဟု ကြား၍ မေး ရခြင်း ဖြစ်ပါသည်ဘုရား။)

မောင်စိန်

အလယ်တန်းရှမ်းစု၊ သထုံ။

ဖြေ။ ။ သေသော့သူ၏ ဝိညာဉ်သည် ဘဝတစ်ခုသို့ မဝင်ရောက်နိုင်မီ လွင့်ပါးနေရသည်ဟု လူအတော်များများက ယူဆနေကြသည်။ ထိုအယူမှာ မမှန်ပါ။ သဿတဒိဋ္ဌိဆန်သော မိစ္ဆာအယူဖြစ်ပါသည်။ အမှန်မှာ ဤဘဝမှ သေဆုံးသည်နှင့် တစ်ပြိုင်နက်ဘဝင်စိတ်မခြား၊ ဘဝတစ်ခု၌ ပဋိသန္ဓေ ဖြစ်ရပါသည်။ ဝိညာဉ်ကသွားလာနေသည်ဟု ယူဆခြင်းမှာ အချို့ပုဂ္ဂိုလ်များ သေဆုံးပြီးနောက်ပေတဘဝသို့ ရောက်၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အား အနှံ့ပေးခြင်း၊ အရိပ်အယောင်ပြခြင်း စသည်များ ရှိဖူးသဖြင့် ‘သေသူ၏ ဝိညာဉ်လွင့်ပါးနေသည်’ဟု ယူဆကြခြင်း ဖြစ်၏။ ထိုပေတဘဝ (ယခုလူတို့အခေါ် တစ္ဆေဘဝ)မှာ နာမ်ဝိညာဉ်ချည်း မဟုတ်၊ ရုပ်ရောနာမ်ရောရှိသော ဘဝပင် ဖြစ်သည်။ ၎င်းတို့ ရုပ်သွင်မှာ ဆိုးဝါး၍ တန်ခိုးဖြင့် လည်းကောင်း၊ ဆေးဝါးဖြင့် လည်းကောင်း ကာကွယ်ထားရခြင်းသာ ဖြစ်ကြောင်း ကျမ်းစာများတွင် ဆိုပါသည်။ တစ်ခါတစ်ရံအကြောင်းအားလျော်စွာ ၎င်းတို့အသွင်ကို ပြသ ထင်မြင်စေသောအခါ အသွင်ဆိုးဝါး၍ ချောက်လှန့်သကဲ့သို့ ဖြစ်နေသဖြင့် ‘တဖ္ဖေတိ- ချောက်တတ်၏’ဟူသော ပါဠိကို စွဲ၍ တဖ္ဖေ-တစ္ဆေဟု မြန်မာလိုခေါ်ခြင်းသာ ဖြစ်ပါသည်။ ဝိညာဉ်ဘဝ ဟူ၍ ကာမဘုံတွင် လုံးဝမရှိကြောင်း ဗုဒ္ဓဘာသာတိုင်း မှတ်သားထားကြရန် လိုပေသည်။

၎င်းပေတ လောကသားများဖြစ်သော တစ္ဆေများမှာ မြို့ထဲရွာထဲတွင် မနေဝံ့။ လူသွားလူလာနည်းပါးရာ သင်္ချိုင်းတောတောင်စသည်များတွင်သာ နေကြသည်။ တန်ခိုးဘုန်းကံ နည်းပါးသောအမျိုးအစားဖြစ်၍ မြို့ရွာတွင် ဩဇာအာဏာရှိသူတို့၏ အမိန့်ဩဇာကို လိုက်နာကြရပါသည်။ ထို့ကြောင့် အလုပ်ရုံ၊ စက်ရုံ၊ ရုံးဌာနတို့မှ တစ်ဦးဦး သေဆုံးလျှင် ပေတဖြစ်၍ စွဲလမ်းလာရောက်နေမည်

စိုး၍ ဌာနအကြီးအမှူးဖြစ်သူက အလုပ်ထုတ်လိုက်ကြောင်း စသည်ဖြင့် အမိန့်ပြန်ကြသည်ကို တွေ့ဖူးကြပေလိမ့်မည်။ မဟာရာဇဝင်ကြီး တတိယအုပ် ၁၈၉–တွင် ‘ရဲမက်အပေါင်းတို့လည်း မဟာဓမ္မ ရာဇာ မင်းကြီးကျွန် ဟု ကြိမ်းက လူကိုထားဘိ နတ်ဘီလူး တစ္ဆေကိုပင် သော်လည်း ပျောက်လွင့်လေ၏’ဟု ရှိသည်။

✍ ✍ ✍

## ၅၀။ ဗောဓိညောင်ပင်နှင့် အနေကဇာတင်မှု

**မေး။ ။(၁) ဗောဓိညောင်ပင်နှင့် ညောင်ပင်ရိုးရိုး ထူးခြားပုံ၊ ဗောဓိ ညောင်ပင် မရှိသော အရပ်တွင် အခြားညောင်ပင်အား ရေသွန်း လောင်းခြင်း ပြုနိုင် မပြုနိုင်၊ ကဆုန်လပြည့်နေ့ မဟုတ်သော အခြားနေ့များ တွင် ညောင်ရေသွန်းအပ်၊ မသွန်းအပ်နှင့် လမ်းဘေးတွင် ညောင်ပင် စိုက်ပျိုး ပါက အကျိုးရှိမရှိ သိလိုပါသည် ဘုရား။**

**(၂) ဘုရားအနေကဇာတင် အခိပ္ပါယ်နှင့် ရုပ်ပွားတော်များကို အနေကဇာမတင်က ကိုးကွယ်သင့်မသင့် စုံလင်စွာ သိလိုပါသည် ဘုရား။**

**အဝင်း၊ မကစ(၂)၊ မလွန်၊**

**(အထက်မင်းလှ)**

ဖြေ။ ။(၁) ညောင်ပင်သည် ညောင်ဗုဒ္ဓဟေ၊ ပညောင် (ပျဉ် ညောင်)၊ ညောင်ကြွတ်၊ ညောင်ချဉ်၊ ညောင်ခြေထောက်၊ ညောင်ပိန္နဲ၊ ညောင်အုပ်၊ ညောင်လန်း၊ ညောင်ခရေ စသည်ဖြင့် အမျိုးပေါင်း မြောက်မြားစွာ ရှိသည်။ ညောင်ဗုဒ္ဓဟေပင်မှာ အရွက် ဝန်းဝိုင်း အညှာအရိုး ရှည်သည်။ ကျောဘက်တွင် အစိမ်းရင့်ရောင် ပြောင်ပြောင် လက်လက်ရှိသည်။ ဝမ်းဘက်တွင် အကြောများထွက်၍ နေကာ အရွက်ဖျားတွင် အမြီးပမာ ရွက်စွန်းရှည်စွာ ထွက်နေသည်။ အရိပ်ကောင်း၍ အကိုင်းအခက်များ အထက်ကို ထောင်သည်ထက် ဘေးသို့ဖြာထွက်၍ အဝေးကမြင်ရလျှင် အပင်ဝိုင်းကြီးသဖွယ် တွေ့

ရသည်။ အခြား ညောင်ပင်မျိုးများထက်ပင် ညောင်ဗုဒ္ဓဟေပင်က ပို၍ပင် အရိပ်ကောင်းတတ်ပါသည်။ အခြားညောင်ပင်များ၌ မုတ်ဆိတ်သဖွယ် အမြစ်များ တွဲလျားကျနေတတ်သော်လည်း ညောင်ဗုဒ္ဓဟေပင်မှာ မုတ်ဆိတ်မြစ်ကင်း၍ ရှင်းလင်းသာယာမှု ရှိပေသည်။

ငင်းညောင်မျိုးကို ဗုဒ္ဓဘုရားဖြစ်ရာ ဟေတုအကြောင်း ဟူသောပါဠိကို စွဲ၍ ဗုဒ္ဓဟေညောင်(ညောင်ဗုဒ္ဓဟေ)ဟု အမည်ပေးသည်။ ဗောဓိညောင်ပင်ဟုလည်း ဆိုသည်။ ဗောဓိညောင် အစစ်ဟူသည်မှာ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာရှိ ဘုရားပွင့်ရာ ညောင်ပင်ကို ဆိုသည်။ ယခုရှိသော ဗုဒ္ဓဂယာ ညောင်ဗုဒ္ဓဟေပင်မှာ တတိယမြောက်(အချို့အဆိုစတုတ္ထမြောက်)ပင်ပွားတော်ဖြစ်သည်။ သီဟိုဠ်(သီရိလင်္ကာ) အနုရာဓမြို့မှာ ရှိသော သံဃမိတ္တာ ဗောဓိမှာ ပထမ ဗုဒ္ဓဟေပင်မင်း၏ အကိုင်းကို စိုက်ပျိုးခြင်းဖြစ်၍ ဗုဒ္ဓဟေ အစစ်ဟုပင် ဆိုနိုင်ပါသည်။ ငင်းမှ အသီးရှစ်လုံးပါ၍ ပွားလာသောညောင်များကို အဋ္ဌဖလ ဗောဓိများဟုခေါ်သည်။ မြန်မာနိုင်ငံရှိ ညောင်ဗုဒ္ဓဟေများမှာလည်း ဗုဒ္ဓဂယာမှလည်းကောင်း၊ သီရိလင်္ကာမှ လည်းကောင်း ပွားသော ပင်ပွားများသာဖြစ်သည်။ မိမိတို့ အရပ်ဒေသတွင် ညောင်ဗုဒ္ဓဟေ ပင်ပွားများကို ဗောဓိပင်အဖြစ်ဖြင့် ရေသွန်းပူဇော်က ကုသိုလ် ဖြစ်နိုင်ပါသည်။

ဓါတ်တော် မွေတော် ရုပ်ပွားဆင်းတုတော်များကို ဘုရားအစစ်နှင့် စေတနာတူ ထား၍ ပူဇော်လျှင် အတူတူပင် အကျိုးရကြောင်း အပဒါန် ပါဠိတော်တွင် ပြဆိုပါသည်။ ညောင်ရေ သွန်းလောင်းရာ၌ကား နွေရာသီပူပြင်းသော လများ၌ နေ့စဉ်ပင် သွန်းလောင်း၍ ကုသိုလ်ယူနိုင်ပါသည်။ လယ်တီဆရာတော်ဘုရားကြီးသည် ဗောဓိပင်ကို အစဉ်ရေ သွန်းလောင်းကာ ဗောဓိယဂ်ဏပတ် အမြဲပြုကြောင်း သိရပါသည်။ လေးစား ရိုသေအပ်သော ဗောဓိညောင်မျိုးမှာဘစ်ပါး

အခြားသြောင်ပင်များကို လမ်းခရီး၌ အရိပ်ခိုနိုင်ရန် စိုက်ပျိုးပါမူကား ဇရပ်တစ်ဆောင် ဆောက်သည့်အလား အကျိုးများလှကြောင်း ကျမ်းဂန်များတွင် ဆိုပါသည်။

(၂) ဗုဒ္ဓရုပ်ပွားတော်များကို ကိုးကွယ်ပူဇော်ကြရာ၌ အနေကဇာတင်မှ ကိုးကွယ်ပူဇော်ရသည် မဟုတ်ပါ။ ပုံတော်ထုလုပ်၍ ဗုဒ္ဓရုပ်ပုံတော် ပီပြင်နေလျှင်ပင် ကိုးကွယ်ပူဇော်ထိုက် နေပါပြီ။ သို့သော် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့အိမ်၊ ကျောင်း၊ စသည်တို့၌ ဗုဒ္ဓရုပ်ပွားတော်များ ကိုးကွယ်ပူဇော်ကြရာတွင် အမွှမ်းတင် အသရေဖွင့်သည့် အနေဖြင့် ဗုဒ္ဓါဘိသေက မင်္ဂလာဟု အမည်တပ်ကာ သံဃာတော်များကို ပင့်၍ အနေကဇာ တင်စေကြပါသည်။ အနေကဇာတင်သည် ဟူသည်မှာ မြတ်စွာဘုရား၊ ဘုရားအဖြစ်သို့ ရောက်တော်မူစ ဗောဓိမဏ္ဍိုင်တွင် 'အနေကဇာတိ သံသာရံ' စသော သုံးဂါထာကို မနသာ ဥဒါန်း အနေဖြင့် နှလုံးသွင်း ရွတ်ဆို၍ လည်းကောင်း၊ ယဒါ ဟဝေ စသော ၃-ဂါထာကို ဝစသာဥဒါန်း အနေဖြင့် နှုတ်တော်မြွက် ရွတ်ဆို၍ လည်းကောင်း ဥဒါန်း ကျူးရင့်ခဲ့ပါသည်။ ၎င်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းစသော ပါဠိတော်များ၊ ဥဏှိသန ဂါထာများ၊ ဂုဏ်တော်ပရိတ်တော် စသည်များကို သံဃာတော်တို့က ရွတ်ဆို၍ အမွှမ်းတင် အသရေဖွင့်တော် မူကြပါသည်။ ယင်းကို 'အနေကဇာတိသံသာရံ' အစချီသဖြင့် 'အနေကဇာတင်သည်'ဟု ဝေါဟာရ ပြုကြလေသည်။ ယင်းသို့ ဗုဒ္ဓါဘိသေက မင်္ဂလာ အနေကဇာတင်ခြင်းဖြင့် ဘုရားကိုးကွယ်၍ ကုသိုလ်ပွားရခြင်းတွင် ကျက်သရေ မင်္ဂလာ ဖွံ့ဖြိုး၍ အကျိုးရှိမည်မှာ အထူးပြောရန်ပင် မလိုတော့ပါပေ။

## ၅၁။ ဗျာဒိတ်တော်နှင့် ပစ္စေကဗုဒ္ဓါတို့ ပါရမီ

မေး။ ။ (၁) ဂေါတမ မြတ်စွာဘုရားသည် မည်သည့် ပုဂ္ဂိုလ်ကို ဘုရားဖြစ်ရန် ဗျာဒိတ်ပေးခဲ့သည်ကို ဖြေကြားတော်မူပါ ဘုရား။

(၂) ပစ္စေကဗုဒ္ဓါများသည် သဗ္ဗညုတဉာဏ်ကို ရကြပါသလား ဘုရား။

(၃) ပစ္စေကဗုဒ္ဓါ အလောင်းများသည် ပါရမီဘယ်နှစ်ပါး ဖြည့်ကျင့်ရသည်ကို ဖြေကြားတော်မူပါ ဘုရား။

ကိုအောင်သိန်းဦး

လွန်ကန်ရွာ၊ ပုသိမ်အရှေ့မြို့နယ်။

ဖြေ။ ။ (၁) မြတ်စွာဘုရား တစ်ဆူက ဘုရားဖြစ်ရန် ဗျာဒိတ်ပေးခြင်းကို ယင်းဗျာဒိတ်ခံရသူ ဘုရားဖြစ်၍ ပြန်ဟောမှ သိနိုင်ပါသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်က မည်သူ့အား ငါ ဗျာဒိတ်ပေးလိုက်သည်ဟု ဟောတော်မူရိုး မရှိ၍ ဂေါတမ မြတ်စွာဘုရား ဗျာဒိတ်ပေးသည်ကို မသိနိုင်ပါ။ ဗုဒ္ဓဝံသ ပါဠိ (ခု၄။၃၈၃) တွင် 'အဟ မေ တရဟိ သမ္ဗုဒ္ဓေါ၊ မေတ္တေယျော စာပိ ဟေဿတိ' ဟု ပါရှိ၍ နောင် အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်တော်မူလတ္တံ့သည်ကို ဟောထားသည်မှာမူ ထင်ရှားပါ၏။ ဗျာဒိတ်ပေးခြင်းကား မဟုတ်ပါ။

(၂)ပစ္စေကဗုဒ္ဓါများ ရသော ဉာဏ်ကို သဗ္ဗညုတဉာဏ်ဟု မဆိုပါ။ 'ပစ္စေကဗောဓိဉာဏ်'ဟုသာ ဆိုရပါသည်။ သဗ္ဗညုတဉာဏ် အောက် အဆင့်နိမ့်၍ အဂ္ဂသာဝက ဗောဓိဉာဏ် တို့ထက် အဆင့်မြင့်ပါသည်။

(၃)ဗုဒ္ဓအလောင်းအလျာ၊ ပစ္စေက အလောင်းအလျာ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက အလောင်းအလျာ အားလုံး ပင် ဒါနစသော ပါရမီ၁၀-ပါးကို ဖြည့်ကျင့်ရသည်ချည်း ဖြစ်ပါသည်။

ပါရမီအနေနှင့် အလျော့အနည်း မရှိ။ ဗုဒ္ဓ အလောင်းတော်များမှာ တစ်ဆယ့်ခြောက် သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်း၊ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရ၍ ပစ္စေကဗုဒ္ဓါ လောင်းလျာများမှာ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသဖြင့် ပါရမီဖြည့်ရာ ကမ္ဘာနည်းပါးမှုသာ ကွာခြားပါသည်။

✍ ✍ ✍

## ၅၂။ ကာမေသု မိစ္ဆာစာရနှင့် ဒ သ န သော

**မေး။ ။ အမျိုးသားများသည် လင်ရှိမယားကို ကျူးလွန်၍ ကာမေသု မိစ္ဆာစာရ ထိုက်သကဲ့သို့ အမျိုးသမီးများသည် မယားရှိလင်နှင့် ကျူးလွန်က ကာမေသု မိစ္ဆာစာရ ထိုက်ပါသလား ဘုရား။ ကာမေသု မိစ္ဆာ စာရနှင့် ဒ သ န သော မည်သို့ ထူးပါသလဲ ဘုရား။ ဒ သ န သော အဓိပ္ပာယ်ကိုလည်း သိလိုပါသည် ဘုရား။ (မေးခွန်းကို ပေါင်း၍ ချုံးထားသည်။)**

**၁။ မောင်လေးမြင့်၊ ဥက္ကံမြို့။**

**၂။ ဦးဝင်းဆွေ၊ ညောင်ရွှေမြို့။**

**၃။ ဦးစောထွန်း၊ တောင်သာမြို့။**

ဖြေ။ ။ အမျိုးသားများဆိုင်ရာ ကာမေသု မိစ္ဆာစာရနှင့် အမျိုးသမီး များဆိုင်ရာ ကာမေသု မိစ္ဆာစာရကို ရှင်းလင်း သိသာရန် ဖော်ပြလတ္တံ့ပါ "မိန်းမနှစ်ကျိပ်"ကို လေ့လာမှတ်သား ထားပါ။

(၁) မာတုရက္ခိတာ–အမိ စောင့်ရှောက်သော မိန်းမ။ (၂)ပိ တုရက္ခိတာ–အဖ စောင့်ရှောက်သော မိန်းမ။ (၃) မာတာပိတု ရက္ခိ တာ– မိဘနှစ်ပါး စောင့်ရှောက်သော မိန်းမ။ (၄) ဘာတုရက္ခိတာ– မောင်ကြီးမောင်ငယ် စောင့်ရှောက်သော မိန်းမ။ (၅) ဘဂိနိရက္ခိတာ– အစ်မ၊ ညီမ စောင့်ရှောက်သော မိန်းမ။ (၆) ဉာတိရက္ခိတာ– ဆွေမျိုး စောင့်ရှောက်သော မိန်းမ။ (၇) ဂေါတ္တရက္ခိတာ– အနွယ်တူ စောင့်ရှောက်သော မိန်းမ။ (၈) ဓမ္မရက္ခိတာ– တရားကျင့်သုံးဖက်

စောင့်ရှောက်သော မိန်းမ။ (ဤမိန်းမ ရှစ်ယောက်မှာ ကာမ ပိုင်သူ မရှိ။ မိမိကာမ မိမိပိုင်သူတို့သာ ဖြစ်၍ အထူးမှတ်သားထားပါ။)

(၉) သာရက္ခာ–ထိမ်းမြားထိုက်သူ အစောင့်ရှိသော (ကြောင်းလမ်းပြီး) မိန်းမ။ (၁၀) သပရိဒဏ္ဍာ– မင်းတို့ ဒဏ်ထား အပ်သော (အခြားသူနှင့် လက်မထပ်ရန် မင်းမိန့်အာဏာဖြင့် တားမြစ်ထားသော) မိန်းမ။ (၁၁) ဓနက္ကီတာ– ယောက်ျားတစ်ဦးက ဥစ္စာဖြင့် ဝယ်ထားသော မိန်းမ။ (၁၂) ဆန္ဒဝါသိနီ–ယောက်ျား တစ်ဦးဦးနှင့် အလိုတူ၍ အတူနေသော မိန်းမ။(၁၃)ဘောဂဝါသိနီ– ယောက်ျား တစ်ဦးဦးက စည်းစိမ်ပေး၍ မယားပြုထားသော မိန်းမ။ (၁၄) ပဋဝါသိနီ–ယောက်ျားတစ်ဦးဦးက အဝတ်ပုဆိုးပေး၍ မယားပြုထားသော မိန်းမ။ (၁၅) ဩဒပတ္တ ကိနီ–ရေခွက်၌ လက်စုံချ၍ ယောက်ျားတစ်ဦးဦးနှင့် ထိမ်းမြားထားသော မိန်းမ။ (၁၆) ဩဘတ စုမ္ဗဋာ– ယောက်ျား တစ်ဦးဦးက ခေါင်းခုကိုချစေ၍ သိမ်းယူထားသော မိန်းမ (အလွန်ဆင်းရဲ၍ ခေါင်းရွက်လုပ်ကိုင်စားရသော မိန်းမကို မရွက်စေရဘဲ သိမ်းယူထားသည်ဟု ဆိုလိုသည်)။ (၁၇) ဒါသီစ ဘရိယာ– ကျွန်လည်းဖြစ်၊ မယားလည်း ဖြစ်နေသော မိန်းမ။ (၁၈) ကမ္မကာရီစ ဘရိယာ–အမှုလုပ်လည်းဖြစ်၊ မယားလည်း ဖြစ်နေသော မိန်းမ။ (၁၉) ဓဇာဟဋာ–စစ်မြေမှ ဆောင်ခဲ့သော (သုံ့ပန်း) မိန်းမ။ (၂၀)မုဟုတ္တိကာ–တစ်ဦးဦး၏ ခဏတ္တမယား ဖြစ်နေသော မိန်းမ။

ထိုမိန်းမ နှစ်ကျိပ်လုံးပင် အမျိုးသားတို့အဖို့ ကာမေသု မိစ္ဆာစာရ ထိုက်သဖြင့် လုံးဝ ကျူးလွန်ခြင်း မပြုရပေ။ (၁)မှ (၈) အထိမှာ ကာမပိုင် မရှိ။ အပျိုစင်များဖြစ်၍ အမျိုးသမီးတို့အဖို့ အခြားယောက်ျား တစ်ပါးနှင့် ကျူးလွန်မိသည့်တိုင် ကာမေသု မိစ္ဆာစာရ မဖြစ်။ (၉) မှ (၂၀) အထိ မိန်းမတို့မှာ ကာမပိုင်ရှိသူများ

ဖြစ်၍ မိမိကာမပိုင် ယောက်ျားမှတစ်ပါး မည်သည့်ယောက်ျားနှင့်မျှ ကာမကျူးလွန်မှု မပြုရတော့ပေ။

ဒု သ န သော ဟူသည်မှာ ကဿပဘုရား လက်ထက်က သူဌေးသား လေးဦး ကာမေသု မိစ္ဆာစာရကြောင့် လောဟကုမ္ဘီ ခေါ်သော ငရဲသို့ ကျသွားရာ ငရဲသက် အနှစ်သုံးသောင်း နစ်၍ ငရဲအိုးမှာ တစ်ကြိမ်ပေါ်လာစဉ် ဟစ်အော်ပြောဆိုသော စကားများ၏ အစ စကားလုံးများ ဖြစ်သည်။ စကားလုံး တစ်လုံးစီသာ အော်ဟစ်နိုင်ခဲ့ပြီး ပြန်နစ်သွားသည်။ ထိုအသံကို လင်ရှိ မယားတစ်ဦးအား မတရား သိမ်းပိုက်ရန် ကြံစည်နေသော ပသေနဒီ ကောသလမင်းကြီး ကံအားလျော်စွာ ကြားရသည်။ ဘုရားရှင်အား မေးလျှောက်သဖြင့် ဘုရားရှင်က ဟောပြ၍ ထင်ရှားလာရခြင်း ဖြစ်သည်။ ယင်း ဒု သ န သောမှာ သူဌေးသားလေးယောက် (ငရဲသားလေးဦး) ရွတ်ဆို ပြောကြားသော ပါဠိဂါထာတို့၏ အစ စာလုံးများ ဖြစ်သည်။ နောင်တရ၍ နောင်ဤအဖြစ်မျိုး မဖြစ်စေရဘဲ ကုသိုလ်တရားများကို ပွားများပါတော့မည် ဟူသော အဓိပ္ပာယ်များပင်တည်း။

✍ ✍ ✍

## ၅၃။ ဆင်းတုတော်များ၏ ဦးခေါင်းတော်ရှိ အချွန်ပုံ

မေး။ ။ ဘုရားအလောင်းတော် ဆံတော်ပယ်ပြီးနောက် လက်နှစ်သစ်ခန့် ဆံတော်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်အထိ ပို၍ မရှည်တော့ဟု ဆိုပါသည်။ သို့ရာတွင် အချို့ဆင်းတုတော်များတွင် ဦးခေါင်းတော်ထိပ်၌ ငှက်ပျောဖူးကဲ့သို့ အချွန်တစ်ခု တင်ထားသည်ကို တွေ့ရပါသည်။ ၎င်းအချွန်သည် မည်သည့်အရာ ဖြစ်ကြောင်း ဖြေကြားပေးတော်မူပါ ဘုရား။

ဦးချစ်ကွန်း

ရေဖြူ–အရှေ့နဝ (ပင်းတယမြို့နယ်)

ဖြေ။ ။ မြတ်စွာဘုရား၏ ဆံတော်မှာ လက်နှစ်သစ်ခန့်မှ ပိုပြီး ရှည်၍ လာတော် မမူတော့ပါ။ မြတ်စွာဘုရား ဦးခေါင်းတော်၌ လက်ယာရစ်လည်၍ သက်တော်ရှည်သမျှ တည်နေတော်မူ ပါသည်။ သို့သော် မြတ်စွာဘုရား၏ လက္ခဏာတော် ရှစ်ဆယ်တွင် ပါဝင်သော ကေတုမာလာ လက္ခဏာတော်ကို ပုံဖော်ရာ၌ အချို့က မြတ်စွာဘုရားပုံတော်၏ ဦးထိပ်အလယ်တွင် မီးလျှံတက်နေ သကဲ့သို့ အပြားငယ်ပုံ ဖော်သည်။ အချို့က ပွတ်လုံးသဖွယ် လုံးလုံးချွန်ချွန်ပုံ ဖော်ကြသည်။ ဦးချစ်ကွန်းစာတွင် ပါသကဲ့သို့ ငှက်ပျောဖူး ပုံသဏ္ဌာန် လည်း ဖော်ကြပါသည်။ ပဒ္မလိက ကေတုမာလာဟု ဓိနာလင်္ကာရ စသော ကျမ်းဂန်တို့တွင် ဖော်ပြကြ၍ ထွန်းပသော ရောင်ခြည်တော် တစ်မျိုး ဦးခေါင်းတော်မှ ထွက်ပေါ်နေဟန်ကို ရုပ်တုများတွင် သရုပ်ဖော်ကြခြင်းပင် ဖြစ်ပါသည်။ ထိုရောင်လျှံတော်ကို သရုပ်ဖော် ရာမှာပင် မြတ်စွာဘုရား၏ ဦးခေါင်းတော်၌ သျှောင်ထုံးပုံ ကဲ့သို့ စုစုမို့မို့ မောက်မောက်ဖြိုးဖြိုးပုံ ကျန်ရှိနေရာ ရုပ်ပွားတော်များတွင် မြတ်စွာဘုရား ပုံတော်တိုင်း လိုလိုမှာပင် သျှောင်ထုံးပုံ ရှိ၍ နေလေ သည်။ အမှန်မှာ မြတ်စွာဘုရား၌ သျှောင်ထုံး မရှိပါ။ လုံးဝန်း၍ စဉ်းငယ်မောက်ဖြိုးသော ဦးခေါင်းတော်သာရှိ၍ ကေတုမာလာ ရောင် လျှံတော်ပုံမှ သျှောင်ထုံးပုံ ဖြစ်နေခြင်းသာ ဖြစ်ပါသည်။

✍ ✍ ✍

## ၅၄။ မတ်တတ် ရုပ်ပွားတော်

**မေး။ ။ အိမ်များ၌ ဗုဒ္ဓ၏ မတ်တတ် ရုပ်ပွားတော် ကိုးကွယ် ဆည်းကပ် ပူဇော်သင့် မသင့်၊ ကိုးကွယ်က ဘေးအန္တရာယ်ရှိ မရှိ၊ စီးပွားဥစ္စာ ရပ်ဆိုင်းခြင်း ဟုတ်မဟုတ်၊ ရှင်းလင်းပေးတော်မူပါ ဘုရား။**

**အရှင်ဣန္ဒက**

**မဖွမာမက၊ ညောင်ကန်။**

ဖြေ။ ။ မြတ်စွာဘုရားရုပ်ပွားတော်များမှာ ထိုင်တော်မူပုံ၊ လျောင်းတော်မူပုံ၊ ရပ်တော်မူပုံဟူ၍ ရှိရာ မိမိကြည်ညိုသလို ကိုးကွယ်ပူဇော်ကြပါသည်။ ရပ်တော်မူပုံကို ကိုးကွယ်ရာ၌ ဒေသစာရီ ကြွချီတော်မူ၍ သတ္တဝါများကို အကျွတ်တရား ရစေတော်မူခြင်း၊ ရပ်တော်မူလျက် တရားဟောတော်မူခြင်း၊ အင်္ဂုလိမာလ၊ နာဠာဂီရိ စသည်တို့ကို ချေချွတ်တော်မူရာ၌ ရပ်တော်မူ၍ ချေချွတ်တော်မူခြင်းတို့ကို အာရုံပြု၍ ကိုးကွယ်ကြပါသည်။ ရပ်တော်မူပုံကို ကိုးကွယ်ခြင်းဖြင့် ဘေးအန္တရာယ် ရောက်ခြင်း၊ စီးပွားဥစ္စာရပ်ဆိုင်းခြင်း မရှိနိုင်။ ဘေးအန္တရာယ် ကင်းခြင်း၊ စီးပွားဥစ္စာ တိုးတက်ခြင်းတို့သာ ရှိနိုင်ပါသည်။

✍ ✍ ✍

## ၅၅။ ယသောဓရာထေရီနှင့် သားတော် ရာဟုလာ မထေရ်

**မေး။ ။ အရှင်သာရိပုတ္တရာနှင့် ၎င်း၏မယ်တော် အဆက်အစပ် ရှိခဲ့ခြင်းများကို ဖတ်ရှုရပါသည်။ ရှင်ရာဟုလာ (မထေရ်)နှင့် ၎င်း၏ မယ်တော် ယသောဓရာတို့ ဆက်စပ် ပတ်သက်မှု ရှိမရှိနှင့် မယ်တော်၏ အကျိုးအတွက် ရာဟုလာမည်သို့ ဆောင်ရွက်ခဲ့ပုံကို ဖော်ပြပေးစေလိုပါသည် ဘုရား။**

**မောင်ခင်မောင်ဆွေ**

**ဈေးအဘွင်း၊ ထီးချိုင့်မြို့။**

ဖြေ။ ။ မယ်တော် ယသောဓရာ ထေရီနှင့် သားတော် ရာဟုလာ မထေရ်တို့ ဆက်စပ် ပတ်သက်မှုကို အပဒါန်တို့တွင် မတွေ့ရသော်လည်း တိကနိပါတ် စတုတ္ထဝဂ် အဗ္ဘန္တရဇာတ် နိဒါန်းတွင် ပါရှိပါသည်။ ရာဟုလာသည် မယ်တော် ယသောဓရာထေရီထံ မကြာခဏ သွားရောက် ဖူးမြော်လေ့ ရှိသည်။ တစ်ရံရောအခါ ယသောဓရာ
2 ထေရီမှာ လေရောဂါ ပြင်းစွာဖြစ်၍ မိခင်ထေရီအား ဖူးမြော်ရန်

ရောက်လာသော ရာဟုလာအား ရတ်တရက် ထွက်၍ မတွေ့နိုင်ဘဲ ရှိနေသည်။ သားရာဟုလာက "အဘယ်ဝတ္ထုကိုရမှ ဤရောဂါ လွတ်မည်နည်း"ဟု မေးသည်။ "သရက်ဖျော်ရသော် လွတ်လတ္တံ့"ဟု ဆိုသည်။ ရာဟုလာသည် ပြန်လာခဲ့၍ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာအား လျှောက်ထားသည်။ အရှင်သာရိပုတ္တရာက ရာဟုလာကို စောင့်နေစေ၍ ကောသလမင်းကြီးထံ ကြွသွားပြီး သရက်အဖျော်အလှူခံသည်။ ကောသလမင်းကြီးက သရက်အဖျော်ကို လှူလိုက်သဖြင့် အရှင်သာရိပုတ္တရာက ရာဟုလာအားပေးသည်။ ရာဟုလာက ယင်းသရက်အဖျော်ကို ယူပြီး မယ်တော် ယသောဓရာထေရီကို ပေး၍ သောက်စေသောအခါ တစ်ခဏဖြင့် ဝမ်းလေရောဂါ ပျောက်ကင်းလေသည်။ လောကုတ္တရာအကျိုးနှင့် စပ်၍ကား မယ်တော် ယသောဓရာသည် ရဟန္တာဖြစ်ပြီးဖြစ်၍ သား ရာဟုလာက တရားဟောခြင်းစသည်ဖြင့် အကျိုးပြုရန် မလိုပါ။ အထူးအားဖြင့် ယသောဓရာထေရီသည် မြတ်စွာဘုရားထက် နှစ်အနည်းငယ်မျှသာစော၍ ပရိနိဗ္ဗာန်ပြုသဖြင့် ရာဟုလာမထေရ်က ယသောဓရာထေရီထက် ဦးစွာ ပရိနိဗ္ဗာန် ဝင်စံခဲ့ပုံ ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ရာဟုလာမထေရ်သည် သက်တော်လေးဆယ် မပြည့်မီပင် တာဝတိံသာ နတ်ပြည်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့သောကြောင့် ဖြစ်ပေသည်။

## ၅၆။ သိက္ခာထပ်ခြင်း

**မေး။** ။ ယခုအခါ ကံထပ်ပွဲ(ခ) ရဟန်းတော်၊ ဆရာတော်၊ သံဃာတော်များအား သိက္ခာထပ်ပူဇော်ခြင်းများ ပြုလုပ်နေကြသည်ကို နေရာအနှံ့အပြား၌ တွေ့ကြုံနေရ ပါသည်။ ၎င်းပူဇော်ခြင်းများအတွက် ရဟန်းဘက်က မည်သို့ အကျိုးရ၍ ဒကာဘက်က မည်သို့ အကျိုးရကြောင်းနှင့်

**ငင်းသိက္ခာထပ် ပူဇော်မှုများ မည်သည့်အချိန်က စတင် ပေါ်ပေါက်ခဲ့ကြောင်း သိလိုပါသည်ဘုရား။**

**ဒေါ်တင်တင်ဝင်း**

**အထက၊ မလှိုင်မြို့။**

ဖြေ ။ ။ ရဟန်းတော်၊ ဆရာတော်၊ သံဃာတော်များအား သိက္ခာထပ်ပူဇော်ခြင်းကြောင့် ရဟန်းခံစဉ်က "ဝတ္တုကမ္မဝါ၊ သိမာနှင့်ဉာတ်၊ ပရိသတ်၊ ငါးရပ်ပြည့်စုံရာ" ဟူသော အင်္ဂါငါးပါးတွင် တစ်ပါးပါး ချွတ်ယွင်း၍ ပဉ္စင်းမဖြစ်ခဲ့လျှင် သိက္ခာထပ်လိုက်၍ ပဉ္စင်းဖြစ်ခြင်း၊ အင်္ဂါငါးပါး ပြည့်စုံမှန်ကန်၍ ပဉ္စင်းဖြစ်ပြီးလျှင်လည်း သိက္ခာထပ်ခြင်းကြောင့် အကျိုး ဆုတ်ယုတ်မှု မရှိ။

ပသန္နာန် ဘိယျောဘာဝါယ–ကြည်ညိုပြီး သူတို့ပိုမို ကြည်ညိုခြင်း၊ ပရိက္ခာရာရှစ်တန် ထပ်မံ အလှူခံရခြင်း၊ ဘုန်း လာဘ်သပ်ပကာ ပိုမိုပြည့်စုံခြင်း၊ စသော အကျိုးတရားများ ရရှိနိုင်ပေသည်။ ရပ်ဝေးရွာဝေး၌ စာပေသင်ကြား နေကြသော ရဟန်းငယ်များအဖို့ သိက္ခာထပ်ခံရခြင်းကြောင့် လှူဒါန်း ထောက်ပံ့မည့်သူ တိုးပွားလာခြင်းအတွက် အကျိုးရှိသည်ဟုဆိုရပါသည်။ သိက္ခာထပ်ပူဇော်သူ ဒါယကာ ဒါယိကာမများအတွက်မူ သံဃာတော် အရှင်မြတ်တို့အား ပရိက္ခရာရှစ်ပါး လှူဒါန်း၍ ရဟန်းခံပေးရမှုကြောင့် မူလ ရဟန်းဒကာများကဲ့သို့ပင် သာသနာနုဂ္ဂဟ စမ္မဒါန ကုသိုလ်ဖြစ်ရသဖြင့် အကျိုးကြီးမြတ် လှပေသည်။

ဤကဲ့သို့ သိက္ခာထပ်ခြင်း အမှုကို ဘုရားရှင် လက်ထက်၌ ပြုလုပ်သည်ဟု စာပေ မရှိသော်လည်း မြန်မာနိုင်ငံ သာသနာဝင်တွင်မူ ပုဂံခေတ်ကပင် ရှိခဲ့ကြောင်း သိရသည်။ "ပတ်ကုံးထိုထို၊ မြို့သိဃ်ိုဋ္ဌ်တွင်၊ ကုသိုလ်ပျော်ပါး၊ သခင်များတို့၊ စကားမွှက်ဆို၊ ဟိုသိဃ်ိုဋ္ဌ်မှာ၊ ကြည်ညိုနှလုံး၊ သီတင်းသုံးမူ၊ ထုံးစံကျမ်းလာ၊ တို့

သိက္ခာကို၊ ထပ်ပါရမည်၊ မိန့်ရှိသည်၌ ”ဟု ရွှေပေါင်လောင်သမိုင်း ပို့ ၂၁-တွင် ပါရှိပါသည်။ ပုဂံခေတ် နရပတိစည်သူ (၅၃၆-၅၇၃) လက်ထက် ပေါင်လောင်ရှင် မဟာကဿပ သိဟိုဠ်သို့ ကြွတော်မူရာ သိဟိုဠ် ရဟန်းတော်များက သိမ်ထပ် (ထပ်မံရဟန်းခံ)ရန် ပြော ကြောင်း ဆိုလေသည်။ အင်းဝသာလွန်မင်း (၉၉၁ -၁၀၁၀) လက် ထက် တောင်ဖီလာ ဆရာတော် ပြုစုခဲ့သည့် ဝိနယာလင်္ကာရဋီကာ တွင်လည်း ဗုဒ္ဓရုပ်ပွားတော်များအား အထပ် ထပ် အနေကဇာတင် က ဗုဒ္ဓ၏ ဂုဏ်တော် တန်ခိုးတော်များ ပိုမိုတိုးတက် လာနိုင်သကဲ့သို့ ရဟန်းတော်များအားလည်း အထပ်ထပ် သိက္ခာထပ်ခြင်းကြောင့် ရဟန်း မဖြစ်ခဲ့လျှင်လည်း ဖြစ်ခြင်း၊ ဖြစ်ခဲ့လျှင်လည်း တန်ခိုးအရှိန် အဝါ တိုးတက်ခြင်းများ ဖြစ်နိုင်ကြောင်း ပါရှိခဲ့ပေသည်။

ဓမ္မစေတီမင်း လက်ထက်က မြန်မာရဟန်းတော်များသိဟိုဠ် ကျွန်းသို့ ကြွ၍ သိက္ခာသစ် တင်သကဲ့သို့ အမရပူရခေတ်တွင် သိဟိုဠ် ရဟန်းတော်များ မြန်မာနိုင်ငံသို့ ကြွရောက်၍ သိက္ခာ ထပ်ခဲ့ကြသည်။ သိဟိုဠ် သာသနာ၏ အလေ့မှာ အခြားနိုင်ငံမှ လာ သော ရဟန်းတော်များအား သိက္ခာသစ် တင်သောအလေ့ ရှိကြ၍ မြန်မာနိုင်ငံကမူ သိက္ခာထပ်သောအလေ့ ရှိကြောင်း သာသနာဝင် မှတ်တမ်းများအရ သိရပေသည်။

## ၅၇။ လက်ဝတ် ရတနာ ဌာပနာသွင်းခြင်း

မေး ။ ။ ဘုရားစေတီများတွင် အဖိုးတန် လက်ဝတ်ရတနာများ ထည့်သွင်း ဌာပနာခြင်း၏ အဓိပ္ပါယ်ကို ရှင်းလင်းစွာ ဖြေကြားပေးတော် မူပါ ဘုရား။

မောင်စိုးထက်
တားဝယ်မြို့။

ဖြေ ။ ။ ဘုရားစေတီများတွင် အဖိုးတန် လက်ဝတ်ရတနာများကို ဌာပနာရာ၌ အဓိပ္ပါယ် ၂–မျိုး ရှိပါသည်။ (၁)အဓိပ္ပါယ် တစ်မျိုးမှာ စေတီတော်အတွင်း ဌာပနာတိုက်၌ ကိန်းအောင်း စံပယ် တော် မူကုန်သော သရီရဓာတ်တော် မွေတော်များနှင့် ဥဒ္ဒိဿစေတီ တော်များအား မိမိ၏ အသုံးအဆောင် လက်ဝတ်ရတနာများဖြင့် ပူဇော်ခြင်း ဖြစ်သည်။ (၂)အခြားအဓိပ္ပါယ် တစ်မျိုးမှာ နောင်ဤ ဓာတုစေတီတော် ပျက်စီးသွားလျှင် မိမိဌာပနာလိုက်သော အဖိုးတန် လက်ဝတ်ရတနာများကို ထုခွဲ၍ ရရှိလာသော ငွေအသပြာတို့ဖြင့် ပြန်လည်ပြုပြင်တည်ထားရန် ရည်ရွယ်ခြင်း ဖြစ်လေသည်။ ယင်း အမှတ်(၂) အဓိပ္ပါယ်ကို အသောကမင်းကြီး ဓာတ်တော် မွေတော်များ ကိုမြှုပ်နှံ ဌာပနာရာ၌ ကြီးမားလှစွာသော ပတ္တမြားကြီးကို ဌာပနာ သွင်းကာ“နောင်သောအခါ မင်းဆင်းရဲသည် ဤ ပတ္တမြားကို ယူ၍ ထုခွဲရောင်းချပြီးသော် ဓာတ်တော်များအား ပူဇော်မှု ပြုစေသတည်း”ဟု ကမ္ပည်းရေးထိုးခဲ့ကြောင်းဖြင့် ထင်ရှားသည်။ ထို့ပြင် မြန်မာနိုင်ငံ အထက်ပိုင်း မြို့တစ်မြို့တွင် ရှေးဟောင်းစေတီ တစ်ဆူ ပြိုပျက် ရာတွင် ဌာပနာတိုက်မှ ၁ဂိ/သားခန့်ရှိသော ငွေတုံးတစ်တုံးကို တွေ့ရကြောင်း၊ ထိုငွေတုံးကြီးတွင် “နောင် ဤစေတီ ပြိုပျက်ပါက ဤငွေတုံးကြီးကို ထုခွဲရောင်းချ၍ ရရှိသော ငွေဖြင့် ပြန်လည်တည်ထား ကြပါကုန်”ဟု ကမ္ပည်း ရေးထိုးထားကြောင်း ကြားသိရဖူးပေသည်။ မည်သည့် အဓိပ္ပါယ်နှင့် ဌာပနာသွင်းသည်ဖြစ်စေ အလွန် ထက်သန် ကောင်းမွန်သော စေတနာများ ဖြစ်သည်။ ကုသိုလ်အထူး ဆည်းပူး ပြုလုပ်မှုမျိုးပင် ဖြစ်သည်။ အလွန်အကျိုး ရှိသည်ဟူ၍သာ မှတ်သား သင့် ပါသည်။

✍ ✍ ✍

## ၅၈။ ပဝါတင်ခြင်းနှင့် ဆန်ပန်းပေါက်ပေါက်

**မေး ။ ။ ရတနာသုံးပါးကို ပူဇော်ကန်တော့ခြင်း စသည့် ကိစ္စများတွင် အမျိုးသမီးများ ပခုံးပေါ်တွင် ပဝါ ၊ တဘက် စသည် တင်ကြသည်ကို တွေ့ရသည်။ အမျိုးသားများ တင်ကြသည်ကိုမူ မတွေ့ရပါ။ အဘယ့်ကြောင့်ပါနည်း။ ထို့ပြင် ကန်တော့ရာ၌ ဆန်ပန်း ပေါက်ပေါက်တို့ကို လက်တွင် ညှပ်ကိုင်၍ ကန်တော့ကြသည်မှာ အဘယ်အဓိပ္ပါယ် ပါနည်း။ ဖြေကြားတော်မူပါ ဘုရား။**

**ဦးကုမာရ (ရေနံ့သာ)**

ဖြေ ။ ။ ပဝါတင်ခြင်း၊ ပဝါပေါင်းခြင်းတို့မှာ ရှေးရိုး မြန်မာယဉ်ကျေးမှု ဖြစ်ပါသည်။ ပွဲလမ်းသဘင် အခမ်းအနားတို့တွင် အမျိုးသားဝတ်စုံဖြင့် တက်ရောက်ရလျှင် အမျိုးသားများ ခေါင်းပေါင်းပေါင်း၍ အမျိုးသမီးများ ပဝါတင်ရမြဲ ထုံးစံဖြစ်သည်။ ရတနာသုံးပါးဆိုင်ရာတို့၌ အမျိုးသမီးများသာ ပဝါတင်၍ အမျိုးသားများ ပဝါပေါင်းခြင်း (ခေါင်းပေါင်းခြင်း)အလေ့ ပျက်ပြယ်နေသည်မှာ ကြာလေပြီ။ ဤခေတ်တွင် အလွန်ရှိသေ လေးစားရမည့် ကျောင်းကန် ဘုရားသွားလာရာတို့တွင် အမျိုးသားဝတ်စုံဖြင့် လုံခြုံပိပြားစွာ သွားလာရမည့် ယဉ်ကျေးမှု တို့ကို အထူးဂရုပြုရန် လိုအပ်လှပါသည်။

ဆန် ပန်း ပေါက်ပေါက်နှင့် ပတ်သက်၍ 'ဒဗ္ဗတိဏသုဒ္ဓတဏ္ဍုလ သိဒ္ဓတ္ထ သုမန မကုလလာဇသေခ်ါတာနိ'ဟု ဓာတ်ငြိကာ၌ လာသော နေဇာမြက်၊ ဆန်ပန်း၊ မုန်ညင်း၊ မုလေး(မြတ်လေး)ငုံ၊ ပေါက်ပေါက် ဟူ၍ ကြဲမြှောက်ပစ်လွှင့်၍ ပူဇော်ရသော ပန်းငါးမျိုးတွင် ဆန်ပန်းပေါက်ပေါက် ပါသည်။ ၎င်းပန်းငါးမျိုးကို ကန်တော့ပြီးလျှင် ဘုရား စသည်၌ မြှောက်ကြဲ ပူဇော်ရ သည်။ ထိုသို့ ပူဇော်ရန် ကန်တော့စဉ် လက်အကြား၌ ထားညှပ်ကိုင်ထား၍ ကန်တော့ပြီးနောက် မြှောက်ကြဲရန် ဖြစ်သော်လည်း ဦးဆောင်သူများ ကလည်း

ပြောမထား၊ ကန်တော့သူများကလည်း မသိသဖြင့် အဓိပ္ပါယ်ပျောက်၍ နေလေသည်။ ထို့ကြောင့် ဆန်ပန်း ပေါက်ပေါက်များကို ဘုရား၌ မြှောက်ကြဲပူဇော်ရန် နည်းပေး သင်ကြားကြရန် လိုပေသည်။

✍ ✍ ✍

## ၅၉။ ဆံတော် လက်နှစ်သစ်

**မေး။ ။ မြတ်စွာဘုရား၏ ဆံတော်သည် တောထွက်တော်မူစ အနောမာ မြစ်ကမ်းတွင် ပယ်တော်မူခဲ့၍ ကျန်ရှိသော ဆံတော် အတိုင်းပင် ဖြစ်ပါသလားဘုရား။ အခြား ရဟန္တာများကဲ့သို့ ရှည်ထွက်ခြင်း ရှိပါသလား ဘုရား။ ဖြေကြားတော်မူပါဘုရား။**

**ကိုဟန်ဝင်း (အင်းစိန်မြို့သစ်)**

ဖြေ ။ ။ ယင်းပြဿနာ၏ အဖြေကို မဟာဗုဒ္ဓဝင်ဒုတိယတွဲ-၂၀၃ လာ အောက်ပါ စကားရပ်ဖြင့် ရှင်းလင်းစွာ သိနိုင်ပါသည်။

"ထို့နောက် အလောင်းတော် သူမြတ်သည် 'ငါ၏ ဤဆံပင်တို့ကား ရဟန်းတို့နှင့် မလျောက်ပတ်ကုန်ချေ ။ ထိုဆံပင်တို့ကို သန်လျက်ဖြင့် ပယ်ဖြတ်ပေအံ့'ဟု ကြံစည်၍ လက်ယာလက်ဖြင့် သန်လျက်ကို စွဲကိုင်ကာ လက်ဝဲလက်ဖြင့် မကိုဋ်နှင့် တကွသော ဆံထုံးကိုကိုင်၍ ဖြတ်ပယ်တော်မူလေ၏။ ဆံတော်တို့သည် လက်နှစ်သစ် ပမာဏ အညီအမျှ ကြွင်းကျန်ရစ်ကြ၍ လက်ယာရစ် လည်ကာ ဦးခေါင်းတော်မှာ ကပ်ငြိ တည်ရှိကြကုန်၏။ ထိုဆံတော်တို့၏ ပမာဏကား အသက်ထက်ဆုံးပင် အသစ်တစ်ဖန်မရိတ်မပယ်ရဘဲ ထိုလက်နှစ်သစ် ပမာဏသာ ရှိပေ၏။ ဘုရား အလောင်းတော်မှာနောက်တစ်ဖန် ထိုဆံပင်တို့ကို ရိတ်ပယ်ဖွယ်ကိစ္စ လုံးဝ မရှိတော့ပြီ။"

✍ ✍ ✍

## ၆၀။ ဂုဏ်တော်အဆုံး တိ စာလုံး

မေး။ ။ ဣတိပိသော စသော ဂုဏ်တော်တို့ကို ရွတ်ဆို ဘုရားရှိခိုးရာ၌ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် အဆုံးတို့တွင် အချို့က'တိ' ထည့်၍ရွတ်ဆိုကြပါသည်။ အချို့က မထည့်ပါ။ ဘယ်ဟာက မှန်ပါသလဲ ဘုရား။

(၁) အရှင် ထေရဝံသ (ဒိပဲရင်း)

(၂) ဦးမှန်း (မြောက်ဥက္ကလာပမြို့)

ဖြေ ။ ။ တိ-ဟူသည်မှာ "ဣတိ" သဒ္ဒါ ဖြစ်ပါသည်။ဂုဏ်တော်ကို ဆို၍ ဘုရား ရှိခိုးရာ၌ ထည့်၍ဆိုရန် လိုအပ်ပါသည်။ "ဣတိ-ဤသို့ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို။ အဟံ-အကျွန်ုပ်သည်။ ဝန္ဒာမိ-ရှိခိုးပါ၏"ဟု ဆက်ရမည် ဖြစ်ပါသည်။ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် တို့မှာလည်း အလား တူ သင့်လျော်သလို ဆိုရန်ဖြစ်ပါ၏။ ရိုးရိုးဂုဏ်တော်ကို ရွတ်ဆိုပွားများ ရာ၌ကား ပါရန်မလိုပါ။ ထို့ကြောင့် နှစ်မျိုးစလုံးပင် မှန်ပါသည်။

✍ ✍ ✍

## ၆၁။ ဘွဲ့အမည်တော်များ

မေး ။ ။ အောက်ပါ ဘွဲ့တံဆိပ်တော်နှင့် အမည်များ၏ အဓိပ္ပါယ်ကို ရှင်းလင်း ဖော်ပြပေးတော်မူပါ ဘုရား။

(၁)အဘိဓဇမဟာရဋ္ဌဂုရု ၊(၂) အဂ္ဂမဟာပဏ္ဍိတ၊ (၃)အဘိဝံသ၊ (၄)အလင်္ကာရ၊ (၅) ဘဒ္ဒန္တ။

မောင်ရွှေပြည်စိုး

၁၇၈ ၊ ကမ်းနားလမ်း၊ ပန်းတနော်။

ဖြေ ။ ။ (၁) "အလွန်မြင့်မားစွာ စိုက်ထူအပ်သော တံခွန်အလံ သဖွယ် ကြီးကျယ်မြင့်မြတ်တော်မူသည့် နိုင်ငံတော်၏ ဆရာ သခင် အရှင်မြတ်"ဟု ဆိုလိုပါသည်။

(၂) "အလွန်မြင့်မြတ် ကြီးကျယ်သော ပညာရှိ မထေရ်မြတ်" ဟု ဆိုလိုပါသည်။ (၃)မန္တလေးမြို့ သကျသီဟစာမေးပွဲ၊ ရန်ကုန်မြို့ စေတိယင်္ဂဏစာမေးပွဲ စသော ပရိယတ္တိ စာမေးပွဲကြီးတို့မှ အောင်မြင်တော်မူသော ရဟန်းတော်များအား ဆက်ကပ်သောဘွဲ့ ဖြစ်သည်။ (၄)မန္တလေး၊ ပဲခူး၊ ရန်ကုန် စသည်တို့တွင် ကျင်းပသော သာမဏေကျော်စာမေးပွဲများတွင် အောင်မြင်တော်မူသော သာမဏေကျော်တို့အား ယင်းအသင်းအဖွဲ့များက ဆက်ကပ်သောဘွဲ့ ဖြစ်သည်။ ယင်း ၃- နှင့် -၄ ဘွဲ့များကို မူလဘွဲ့တော်နှင့်ဆက်၍ ခေါ်ဝေါ်ရသဖြင့် မူလဘွဲ့ ဦးပဏ္ဍိတ၊ ရှင်ပဏ္ဍိတ ဖြစ်လျှင် ဦးပဏ္ဍိတာ ဘိဝံသ၊ ရှင်ပဏ္ဍိတာ လင်္ကာရ ဟူ၍ ဖြစ်သည်။ (၅) ဘဒ္ဒန္တ ဟူသည်မှာ ပေးအပ်သောဘွဲ့ထူး၊ ဂုဏ်ထူး မဟုတ်၊ လေးစား ရိုသေအပ်သော ဆရာတော်သံဃာတော်တို့အား ဘွဲ့တော်၏ရှေ့မှ ဦး၊ အရှင်တို့အစား ရေးသား ခေါ်ဝေါ်အပ်သော အသုံးနှုန်းဖြစ်ပါသည်။ ဦးပဏ္ဍိတ ဟု ဆိုလျှင် ဘဒ္ဒန္တပဏ္ဍိတ ဟု ဆိုပါသည်။ ဦး ၊ အရှင် တို့အစား ပါဠိ ဘာသာဖြင့် ခေါ်ဆိုခြင်း ဖြစ်သည်။

✍ ✍ ✍

## ၆၂။ အမျှဝေခြင်း

မေး။ ။ ဘဝတစ်ပါးသို့ ပြောင်းသွားသော ပုဂ္ဂိုလ်အတွက် ကျန်ရစ်သူ မိသားစုက ကောင်းမှုကုသိုလ် ပြုလုပ်၍ အမျှဝေလျှင် ရနိုင်ပါသလား။ သတင်းစာမှာ ထည့်၍ အမျှဝေကြသည်ကို တွေ့ရပါသည်။ ဤသို့ အမျှဝေ၍လည်း ရနိုင်ပါသလားဘုရား။ ဖြေကြားတော်မူပါဘုရား။

စိုးမြင့်အောင်(ပညာရုံသိ)

ပိန္နဲကုန်းရပ်ကွက် ၊ အင်းစိန်

ဖြေ။ ။ ကွယ်လွန်ပြီးနောက် ပေတဂတိသို့ ရောက်၍၊ ပေတဂတိ F-13 တွင်လည်း ပရဒတ္တူပဇီဝိကခေါ် သူတစ်ပါးပေးလှူ၍ အမျှဝေလျှင်

သာစုခေါ်နိုင်သော ပေတဘာဝမျိုးသို့ ရောက်ရှိနေသူ ဖြစ်ရပါမည်။ ထိုသူမျိုးသည် သူကိုယ်တိုင်ကပင် "မိမိ၏ အိမ်သူအိမ်သား ဆွေမျိုးများက ငါ့အတွက် မည်သည့်အချိန်တွင် အလှူဒါနပြု၍ အမျှဝေပါမည်နည်းဟု" ငံ့လင့် စောင့်မျှော် နေတတ်ပါသည်။ ထိုသူမျိုးသာ သာစု ခေါ်ဆိုနိုင်ပြီး ကုသိုလ်ကောင်းမှု အကျိုးကို ခံစားနိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ကွယ်လွန်စဉ်ဖြစ်စေ၊ သုသာန်၌ ဖြစ်စေ၊ ရက်လည်၊ လပတ်၊ နှစ်ပတ်လည်တို့၌ဖြစ်စေ ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေလေ့ ရှိပါသည်။ ဤသို့ ကုသိုလ်ကောင်းမှု မပြုဘဲ သတင်းစာတွင် ထည့်၍ အမျှဝေရုံဖြင့်ကား ရနိုင်စရာ အကြောင်း မရှိပါ။ ကုသိုလ်ပြု၍ အမျှဝေခြင်းသာ လိုရင်း ဖြစ်ပါသည်။ ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေပြီး သတင်းစာမှာ ထည့်ခြင်းမှာ အများ သာစု ခေါ်နိုင်ရန် ဖြစ်ပေလိမ့်မည်။

## ၆၃။ သရဏဂုံနှင့် အားထုတ်ကြိုးစားခြင်း

**မေး။ ။ အရှင်ဘုရား "ဗုဒ္ဓေါမေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ သံဃော မေ သံရဏံ အညံ နတ္ထိ" နှင့် "အတ္တာဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရော သိ ယာ" ဤ နှစ်ပုဒ် မည်သို့ ထူးခြားသည်ကို ရှင်းပြစေလိုပါသည် ဘုရား။**

မင်းအောင်

(ဟုမ္မလင်း)

ဖြေ။ ။ဗုဒ္ဓေါမေ သရဏံ အညံ နတ္ထိ စသည်တို့မှာ သရဏဂုံ ဖြစ်၍ အပါယ်ဘေးကြီး တားဆီးနိုင်ရေးအတွက် ကိုးကွယ်ခြင်း ဖြစ်သည်။ အတ္တာဟိ အတ္တနော နာထော စသည်မှာ မဂ်တရား ဖိုလ်တရားများကို ရရှိရေးအတွက် မိမိကိုယ်တိုင် ကြိုးစား အားထုတ်ရမည်။ အခြား မည်သူကမျှ မိမိအတွက် လုပ်ဆောင်မပေး

နိုင်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ ဘုရားသည် နည်းလမ်းညွှန်ပြဆုံးမ သွန်သင်သူသာ ဖြစ်၍ ကယ်တင်ရှင် မဟုတ်ကြောင်း၊ မိမိကိုယ်သာ မိမိ၏ အားထားရာ ဖြစ်ကြောင်း သဘောပေါက်၍ သမထ ဝိပဿနာ ဘာဝနာ တရားများကို ကြိုးစားကြရမည်မှာ ဗုဒ္ဓဘာသာတိုင်း၏ တာဝန်ပင် ဖြစ်ပါသည်။

✍ ✍ ✍

## ၆၄။ ရွှေစင် တစ်မတ် ငွေငါးကျပ်

**မေး။ ။ ရဟန်း သာမဏေတို့သည် ရှေးက ရွှေစင် တစ်မတ် ငွေငါးကျပ် ကိုင်ဆောင် သုံးစွဲခွင့် ရှိသည်ဟု ကြားသိရဖူး ပါသည်။ တပည့်တော် သိထားသည်မှာ ရဟန်း သာမဏေတို့သည် ဝိနည်းတော်အရ ငွေအသပြာကို လုံးဝ မကိုင်ဆောင်ရဟု ဖြစ်ပါသည်။ ဖြေကြားတော်မူပါဘုရား။**

**မချိုပြုံး (သိန္နီ)**

**အ-မ-က-စယ်အုပ်၊ သိန္နီမြို့။**

ဖြေ။ ။ ရဟန်းသာမဏေတို့သည် ဝိနည်း သိက္ခာပုဒ် အရ ရွှေငွေ (ငွေအသပြာ)တို့ကို အလှူခံခြင်း၊ ကိုင်ခံသာယာခြင်း လုံးဝ မပြုလုပ်ရပါ။ 'ရွှေစင်တစ်မတ် ငွေငါးကျပ်' အလှူခံကောင်းသည် ဟူသော စကားကို အချို့အရပ် (အထူးအားဖြင့် ရှမ်းပြည်)တို့၌ ပြောလေ့ပြောထ ရှိသည်ကို သိရပါသည်။ ယင်းစကား၏ မူလမှာ အဒိန္နာဒါန သိက္ခာပုဒ် ဆိုင်ရာ၌ ပါရာဇိက ကျရောက်နိုင်သော ရွှေငွေပမာဏကို ဆိုသော စကား ဖြစ်ပါသည်။ ဝိနည်းတော်တွင် ပါဒ၊ ပါဒါရဟ၊ အတိရေကပါဒ၊ တစ်မတ်၊ တစ်မတ်ထိုက်သော ဥစ္စာ၊ တစ်မတ်ထက်ပိုသော ဥစ္စာတို့ကို ခိုးယူက ပါရာဇိက ကျသည်ဟုအဆိုရှိသည်။ တစ်မတ်ဟူသည်မှာ ငွေတစ်မတ်ကို ဆိုလိုသည် မဟုတ်။ သိက္ခာပုဒ် ပညတ်ရာ မဂဓတိုင်းသုံး ရွှေစင်တစ်မတ်ကို ဆိုသည်။ ယင်းရွှေစင် တစ်မတ်မှာ ယင်းခေတ် ငွေငါးကျပ်တန်သည်။

ထို့ကြောင့် ရွှေစင်တစ်မတ် ငွေငါးကျပ်သည် ရဟန်းတို့အဖို့ ပါရာဇိက ဝတ္ထု ဖြစ်သည်ဟု ဆိုသော စကား ဖြစ်သည်။ ထိုစကားအမြွက်ကို မှတ်၍ အချို့အရပ်တို့တွင် ရွှေစင်တစ်မတ် ငွေငါးကျပ် ရဟန်းတို့ ကိုင်ကောင်းသည်၊ အလှူခံကောင်းသည်ဟု ဆိုကာ လှူကြ၊ အလှူခံကြ သည်ကို တွေ့ရဖူးပါသည်။ အမှန်မှာ ရဟန်း သာမဏေတို့သည် ရွှေငွေ အသပြာတို့ကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ မကိုင် ကောင်းဟု မှတ်ရပါမည်။ သို့သော် ဝိနည်းတော်နှင့် ညီညွတ်သော အလှူခံပုံ၊ ခံနည်းများ ရှိရာ ဝိနည်းစည်းကမ်း ကျနစွာ လှူဒါန်းခြင်း၊ အလှူခံခြင်းတို့ကား ချွင်းချက်အနေဖြင့် ရှိပါကြောင်း ဖြေကြားအပ် ပါသည်။

✍ ✍ ✍

## ၆၅။ အရိမေတ္တေယျ ဘုရားအလောင်း

**မေး။ ။ နောင်ပွင့်တော်မူမည့် 'အရိမေတ္တေယျ' ဘုရားအလောင်း ယခု မည်သည့်ဘုံဘဝ၌ ရှိနေပါသလဲဘုရား။ တစောင်တစ်နေ့တွင် တရုတ် ပြည်ရှိ မိလဖူး၊ ဘိုးတော် အမ်းကုန်းသည် နောင်ပွင့်မည့် အရိမေတ္တေယျဘုရား ဖြစ်ကြောင်း ဆိုထား၍ မေးရခြင်း ဖြစ်ပါသည် ဘုရား။**

*ကိုတင်ဝင်းအောင် (မြို့ငကြီး)*

ဖြေ။ ။ အရိမေတ္တေယျ ဘုရားအလောင်းသည် ယခု အခါတွင် တုသိတာနတ်ပြည်၌ နတ်သား အဖြစ်ဖြင့် ရှိနေပါသည်။ မဓုရသဝါဟိနီကျမ်းဝင် အရှင်မာလေယ မထေရ်သည် တာဝတိံသာ စူဠာမဏိစေတီသို့သွားရောက်ဖူးမြော်ရာ တုသိတာမှ လာ၍ ဘုရားဖူး သော မေတ္တေယျ အလောင်းတော် နတ်သားနှင့် တွေ့ဆုံကြောင်း၊ မဟာဝံသတွင် ဒုဋ္ဌဂါမဏိမင်း နတ်ရွာစံခါနီး၌ မည်သည့် နတ်ပြည် က ကောင်းမည်ကို မေးလျှောက်ရာတွင် ရဟန္တာ အရှင်မြတ်များက တုသိတာနတ်ပြည်သည် အရိမေတ္တေယျ ဘုရားအလောင်း နတ်သား

ရှိသဖြင့် တရားနာနိုင်၍ အကောင်းဆုံး ဖြစ်သည်ဟု ဖြေကြားကြောင်း ပါရှိသည်။ ထေရဝါဒ မဟုတ်သော ဗုဒ္ဓဘာသာဝင်တို့က ပြဿနာရှင် ဆိုသော 'မီလဖူး'ကိုသာမက တိဘက်ဒလိုင်းလားမား စသည်တို့ကိုလည်း အရိမေတ္တေယျ ဘုရားအလောင်းဖြစ်ကြောင်း ဆိုပါသည်။ ၎င်းတို့၏ ယုံကြည်ချက်အရ ဆိုခြင်း ဖြစ်ပေလိမ့်မည်။

## ၆၆။ ငရဲပြည်ကို တွေ့မြင်ခြင်း

**မေး။ ။ မကျန်းမမာဖြစ်၍ သတိလစ် မေ့မြောသွားရာ ငရဲပြည်သို့ ရောက်သွားသည် ဆိုသည်မှာ ဖြစ်နိုင်ပါသလားဘုရား။**

**ယွန်းအိ**

**ညောင်ဝိုင်း၊ အိမ်မဲမြို့။**

ဖြေ။ ။ ဖြစ်နိုင်ပါသည်။ အဋ္ဌကထာတို့တွင် ရဟန္တာ တစ်ပါး၏ ခမည်းတော် မှဆိုးကြီးသည် ရဟန်းဝတ်၍ သားရဟန္တာ ထံတွင်နေရာ သေခါနီး၌ ငရဲနိမိတ်များထင်၍ ငရဲမီးများ၊ ငရဲခွေးကြီးများကို မြင်ကာ အော်ဟစ်နေကြောင်း၊ သားရဟန္တာက ၎င်း... ခုတင်အိပ်ရာဖြင့် ဆောင်ယူစေလျက် ဘုရားရင်ပြင်တွင် ချထားပြီး ပန်းများပူဇော်ခိုင်း၍ တရားစကားများ ဟောပြောကြောင်း၊ ထိုအခါ မှ ငရဲနိမိတ်များ ပျောက်၍ နတ်ပြည်ဆိုင်ရာ နိမိတ်များ ထင်လာကြောင်း ပါရှိသည်။ မကျန်းမမာ၍ မေ့မြောနေစဉ် ငရဲပြည်သို့ ရောက်သွားသည်။ ထိုငရဲနိမိတ် ထင်စဉ် ကွယ်လွန်လျှင် ငရဲသို့ ရောက်သွားနိုင်သည်။ ၎င်းမှာ နိမိတ် ၃–မျိုးတွင် ဂတိနိမိတ်ပင် ဖြစ်သည်။ သို့သော် ထိုစဉ်က မသေလွန်ဘဲ ပြန်လည် သတိလည် လာပြီး ကုသိုလ် ကောင်းမှုများကို ပြုလုပ်က ယင်းဂတိနိမိတ် ပျောက်၍ နတ်ပြည်စသည့် ကောင်းသော ဂတိနိမိတ်များ ပြန်လည်ပေါ်ပေါက်လာကာ ကောင်းရာဘဝများသို့ ရောက်နိုင်ပေသည်။

## ၆၇။ သုဘဒ္ဒ ပရိဗိုဇ်

**မေး။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးတွင် နောက်ဆုံး ကျွတ်တမ်း ဝင်သူသည် သုဘဒ္ဒ ဖြစ်၍ ယင်းပုဂ္ဂိုလ်သည် ဥပကနှင့် မဆာဝါတို့သားဟု အချို့က ဆိုသည်။ အချို့က ဥပကနှင့် မဆာဝါတို့သား မဟုတ်ဟု ဆိုပါသည်။ မည်သည်က မှန်သည်ကို ကျမ်းဂန်သာဓက ညွှန်ပြ၍ ဖြေဆိုတော်မူပါဘုရား။**

**သိန်းဝင်းမောင်**
**စက်တွင်းရွာ၊ ဆားလင်းကြီးမြို့။**

ဖြေ။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် ပေါ်ပေါက်လာသော သုဘဒ္ဒပရိဗိုဇ်တို့နှင့် စပ်၍ သုဘဒ္ဒ အမည်တူ ၃–ဦး ရှိသည်။ ၁–မှာ အရှင်မဟာကဿပ၏ ပရိသတ်တွင်ပါသည့် 'မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီဖြစ်၍ ငါတို့လုပ်လိုရာ လွတ်လပ်စွာ လုပ်နိုင်သည်'ဆိုသည့် သုဘဒ္ဒ ရဟန်းကြီး။ ၂–မှာ ဥပက၊ မဆာဝါတို့၏သား သုဘဒ္ဒ။ ၃–မှာ ပုဏ္ဏားသူဌေးမျိုး သုဘဒ္ဒဟူ၍ ဖြစ်သည်။ ဤ ၃–ဦးတွင် မြတ်စွာဘုရား၏ ပစ္ဆိမသာဝက (နောက်ဆုံး ကျွတ်တမ်းဝင်၍ ရဟန်းဖြစ်သူ) သုဘဒ္ဒမှာ ဥဒိစ္စပုဏ္ဏားမျိုး(အလွန်ထင်ရှား၍ ဇာတ်မြင့်ပုဏ္ဏား သူဌေးသား) သုဘဒ္ဒဖြစ်ကြောင်း ဗုဒ္ဓဝင် အဋ္ဌကထာ၊ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာတို့၌ ပြဆိုပါသည်။ မုဆိုးမျိုးနွယ်ဖြစ်သော ဥပကနှင့် မဆာဝါတို့သား မဟုတ်ကြောင်း ထင်ရှားပါသည်။

ဥပက၊ ဆာဝါတို့သား သုဘဒ္ဒသည် မိဘနှစ်ဦးလုံး ရဟန်း၊ ရဟန်းမ ဖြစ်သွား၍ အဘိုးအဘွားများထံ ကျန်ရစ်ခဲ့ပြီး အရွယ်ရောက်လျှင် ရဟန်းပြုကြောင်း ဆိုသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီး ရောက်လာသော သုဘဒ္ဒကား ပရိဗိုဇ်ရဟန်း (ဗာဟိရက သာသနာပြင်ပ

ဝါဒတစ်မျိုး ရှိသူ) ဖြစ်၍ ဥဒ္ဒိဿ ပုဂ္ဂလအားမျိုး ဖြစ်ကြောင်း ဆိုသဖြင့် ကွဲပြားခြားနားပါသည်။

✍ ✍ ✍

## ၆၈။ ထန်းလျက်

**မေး။ ။ သံဃာတော်များသည် မူးယစ်စေတတ်သော ထန်းရည် စသည်မှ ရရှိသော အရည်များကို ကျိုချက်၍ ပြုလုပ်ထားသော ထန်းလျက် စသည်များကို စားကောင်းပါသလား။ ၎င်းထန်းလျက်နှင့် ရော၍ ပြုလုပ်ထားသောအုန်းယို၊ ဆီးယို စသည့်ယိုများကို စားကောင်းပါသလား ဘုရား။**

**ရှင်စိန္နဒတ္တ**

**မောင်းထောင်တိုက်၊ ပုသိမ်မြို့။**

ဖြေ။ ။ ထန်းလျက် ပြုလုပ်သော ထန်းရည်မှာ မူးယစ်စေသော ထန်းရည်မဟုတ်။ မူးယစ်စေသော ထန်းရည်မှာ တဆေး ခေါ်သည့် အရာဝတ္ထုများ၊ မူးယစ်စေနိုင်သော ထန်းချိုး စသည်များ ခံ၍ မူးအောင်ပြုလုပ်ထားရသော ထန်းရည်တစ်မျိုး (ထန်းရည်ခါး) ဖြစ်သည်။ ထန်းလျက်ချက်သော ထန်းရည်မှာ မည်သည့် အရာဝတ္ထု နှင့်မျှ ထုံစိမ်ခြင်း မရှိသော ပကတိ ထန်းရည် (ထန်းရည်ချို)ကို ချက်ခြင်း ဖြစ်သည်။ တစ်မျိုးတခြားစီဖြစ်သဖြင့် သံဃာတော်များ သံသယ ကင်းရှင်းစွာ သုံးဆောင်နိုင်ပါသည်။ ၎င်းထန်းလျက်နှင့် ရော၍ ပြုလုပ်ထားသော အုန်းယို၊ ဆီးယို စသည်များကိုလည်း နံနက်ပိုင်း၌ သုံးဆောင်နိုင်ပါသည်။

✍ ✍ ✍

## ၆၉။ ရဟန္တာ ဓာတ်တော်

မေး။ ။ ချာန်ရသော ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်စံလျှင် မီးသင်္ဂြိုဟ်သော အခါ ဓာတ်တော်များ ကျသည်ဟု ဆိုကြပါသည်။ ချာန်မရသော ရဟန္တာများလည်း ဓာတ်တော် ကျနိုင်၊ မကျနိုင် သိလိုပါသည်ဘုရား။

ကိုဟန်ဝင်း (အင်းစိန်မြို့သစ်)

၁၈၆၊ ၆–လမ်း၊ ခ–ရပ်ကွက်။

ဖြေ။ ။ မြတ်စွာဘုရားဖြစ်စေ၊ ရဟန္တာဖြစ်စေ ပရိနိဗ္ဗာန် စံဝင်၍ တေဇောဓာတ် လောင်သောအခါ၌ ဓာတ်တော်များ အနေဖြင့် အစိတ်စိတ် အမွှာမွှာ လုံးဝန်းစွာဖြင့် ကျန်ရစ်စေရန်မှာ ပရိနိဗ္ဗာန်ပြုခါနီးတွင် အဓိဋ္ဌာန်ပြုတော်မူရ ပါသည်။

ဤတွင် ဤကမ္ဘာ၌ ပွင့်တော်မူသော သက်တမ်းတော် ရှည်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဟူသည့် မြတ်စွာဘုရား တို့ အနေဖြင့် ပရိနိဗ္ဗာန် ဝင်စံပြီး၍ တေဇောဓာတ် လောင်တော် မူသောအခါ ဓာတ်တော်များ အစိတ်စိတ်အမွှာမွှာ ကွဲပြားတော်မမူ။ တစ်လုံး တစ်ဆူ တည်းသော ဓာတ်တော် အစုအခဲသာ ကြွင်းသည်။ ထို့ကြောင့် စေတီတော် တစ်ဆူတည်းသာ တည်၍ ပူဇော်ကြရသည်။ အကျွန်ုပ်တို့ မြတ်စွာဘုရားမှာ သက်တမ်းတော် တိုပါသည်။ သာသနာတော်ကို ထားရစ်တော်မူပြီး ထိုသာသနာတော် တစ်လျှောက်လုံး ကိုးကွယ်ပူဇော်၍ သတ္တဝါများ သုဂတိဘဝသို့ လားရောက်နိုင်ရန် အဓိဋ္ဌာန်ပြုသည်။ ထိုအဓိဋ္ဌာန်တော်မူချက်အရ တေဇောဓာတ် လောင် တော်မူသောအခါ ကိုယ်တော်မှ အဆင်းသုံးသွယ်၊ အရွယ်သုံးစား၊ အချင့်အားဖြင့် ၁၆–ပြည်သား ဓာတ်တော်များဖြစ်၍ ကျန်ရစ်ရ ပါသည်။

ရဟန္တာများလည်း ထို့အတူပင် ပရိနိဗ္ဗာန် စံခါနီး၌ ဓာတ်တော် အဆူဆူ လုံးလုံးဝန်းဝန်း အရွယ်အမျိုးမျိုးဖြစ်ရန် အဓိဋ္ဌာန်တော် မူရပါသည်။ အဓိဋ္ဌာန်တော်မမူဘဲ ပရိနိဗ္ဗာန်စံလျှင် တေဇောဓာတ် လောင်တော်မူပြီးနောက် လုံးလုံးဝန်းဝန်းမဟုတ်ဘဲ အရိုးတော် ပကတိ အတိုင်းပင် ကျန်ပါသည်။ သာစိက အနေဖြင့် ယခုဖူးမြင်နိုင်သော မဇ္ဈိမဒေသ ဆံချီစေတီတော်မှ ရသည့် အရှင်သာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလာန် ဓာတ်တော်များမှာ အရိုးတော် ပကတိ အတိုင်းပင်

ဖြစ်ပါသည်။ ရဟန္တာအနေဖြင့် ဈာန်ရ ဈာန်မရ မထူးပါ။ အဓိဋ္ဌာန်မှသာ လုံးဝန်းရှယ်စား ဓာတ်တော်များ ဖြစ်လာရပါသည်။ သို့သော် ရဟန္တာ ဓာတ်တော်များသည် မြတ်စွာဘုရား ဓာတ်တော်များလောက် သေးသေးမွှားမွှားမဖြစ်၊ မြတ်စွာဘုရား ဓာတ်တော်များမှာ အကြီးဆုံး ပဲနောက် ပမာဏမျှ ဖြစ်သည်။ ရဟန္တာ ဓာတ်တော်များမှာ ပဲကြီးစေ့၊ မတ်ပဲစေ့၊ ရွှေးကြီးစေ့နှင့် ကျောက်စရစ်ခဲ ပမာဏ ရှိကြောင်း မှတ်သားရဖူးပါသည်။

✍ ✍ ✍

## ၇၀။ ကုသိုလ်ဖြစ်ရန် လိမ်လည် လှည့်စားခြင်း

**မေး။ ။ (၁) လူတစ်ဦး တစ်ယောက်အား ကုသိုလ် ရပါစေခြင်း အကျိုးငှာ လိမ်လည်လှည့်ဖြားမိသည် ဆိုလျှင် ထိုလိမ်သူမှာ မုသာဝါဒကံ ထိုက်ပါသလား ဘုရား။**

**(၂) သာသနာတော် စည်ပင် စေရန်၊ လူငယ်လူရွယ်တို့အား လောကုတ္တရာဘက်သို့ အာရုံစိုက်လာစေရန် ၎င်းတို့အကြိုက် (ဥပမာ–နစ္စ၊ ဂီတ စသည်တို့နှင့်) ဖြားယောင်းသွေးဆောင်၍ စည်းရုံး လှုံ့ဆော်ခြင်းသည် အပြစ် ရှိပါသလား ဘုရား။**

**မောင်ဆွေတင့်**

**မြို့နယ် ပညာရေးမှူးရုံး၊ ရွှေတောင်မြို့။**

ဖြေ။ ။ (၁) လိမ်လည်လှည့်ဖြားခြင်း မုသာဝါဒကံမှာ (က)မဟုတ် မမှန်သော ဝတ္ထုလည်းဖြစ်စေ၊ (ခ) ချွတ်ယွင်းစေလိုသော စိတ်ရှိသည်လည်း ဖြစ်စေ၊ (ဂ) ကိုယ် နှုတ် နှစ်ပါးတွင် တစ်ပါးပါး ဖြင့် သိအောင်လည်း ပြုစေ၊ (ဃ)တစ်ပါးသူက ပြုသည့်အတိုင်း သိလည်းသိစေ ဤအင်္ဂါ ၄–ပါးနှင့် ညီလျှင် မုသာဝါဒ ဖြစ်ပါသည်။
14 သို့သော် သူတစ်ပါးအကျိုး ပျက်စီးမှု အကြီးအသေးပေါ် မူတည်၍ အပြစ်အကြီးအသေး ကွာခြားနိုင်ပါသည်။ လူတစ်ဦး တစ်ယောက်အား

'ကုသိုလ်ရပါစေခြင်းငှာ'ဟု ရည်ရွယ်ချက်ရှိ၍ ပြောဆိုခြင်းမှာ အပြစ် မကြီးဟု ဆိုနိုင်ပါသည်။ သို့သော် လိမ်လည်မှုအစား ပရိယာယ် ပြုခြင်းမျိုးကို ပြုလုပ်သင့်ပါသည်။ သာဓကမှာ တမ္ဗဒါဌိက ခိုးသား ကြီးသည် အရှင်သာရိပုတ္တရာအား "တပည့်တော် ငါးဆယ့်ငါးနှစ် ပတ်လုံး လူသတ်ခဲ့သည်မှာ ကိုယ်သတ်ချင်၍ သတ်သည် မဟုတ်၊ ရှင်ဘုရင်သတ်ခိုင်း၍ သတ်ရပါသည်။ တပည့်တော်မှာ အပြစ်ရှိပါ သလား"ဟု ဆိုသည်။ ဤတွင် အပြစ်ရှိသည်ဟု ပြောလျှင် ၎င်း ခိုးသားကြီး စိတ်လှုပ်ရှား၍ တရားမနာနိုင်ဖြစ်ကာ ကောင်းကျိုးမရ ဖြစ်မည်ကြောင့် "ရှင်ဘုရင် သတ်ခိုင်း၍ သတ်ခြင်း၌ သင့်မှာ အပြစ် ရှိနိုင်ပါ့မလား"ဟူ၍ ရှိသည်ဟုလည်း မဆို၊ မရှိသည်ဟုလည်း မဆို၊ ပရိယာယ် အမေးစကားဖြင့် ဖြေလိုက်သည်။ ပညာနည်းသော ခိုးသားကြီး စိတ်တွင် 'ငါ့မှာ အပြစ်မရှိဘူးတဲ့'ဟု သိမြင်သွားကာ ကောင်းစွာ တရားနာနိုင်၍ တမလွန် ဘဝတွင် တုသိတာ နတ်ပြည် သို့ ရောက်သွား ရပေသည်။

(၂) ဇနပဒကလျာဏီအား စွဲလမ်း၍ ရဟန်းတရား အား မထုတ်နိုင်သော ညီတော်နန္ဒ ရဟန်းအား မြတ်စွာဘုရားကနတ်ပြည် ခေါ်သွားကာ နတ်သမီးများကိုပြ၍ ဇနပဒ ကလျာဏီ အစွဲပျောက်ပြီး နတ်သမီးများအား စွဲလမ်းသွားသည်။ ဤတွင် ရဟန်းတရား အား ထုတ်လျှင် ဤနတ်သမီးများကို ရနိုင်ကြောင်း မြတ်စွာဘုရားက နတ်သမီးဖြင့် သွေးဆောင်၍ တရားအားထုတ်စေသည်။ ညီတော် နန္ဒလည်း တရားအားထုတ်ကာ ရဟန္တာအဖြစ်သို့ ရောက်သွားပါသည်။ ဤသို့ ဆူးတစ်ချောင်း စူးသည်ကို ဆူးတစ်ချောင်းဖြင့် ထွင်သည့် သဖွယ် ပရိယာယ်ဖြင့် ဖြားယောင်း သွေးဆောင်၍ လောကုတ္တရာ ဘက်သို့ ရောက်စေသည်မှာ အပြစ်ရှိသည်ဟု မဆိုနိုင်ပါ။

## ၇၁။ ရျာန်တရား

**မေး။ ။ ဩကာသ ကန်တော့ခန်းအဆုံး ဆုတောင်းရာတွင် ရျာန်တရား၊ မင်္ဂတရားဟု ရျာန်တရားကို ထည့်၍ ဆုမတောင်းရဘူးလား ဘုရား။**

**မျိုးမြင့်**
**မော်လမြိုင်မြို့။**

ဖြေ။ ။ ဩကာသ ကန်တော့ခန်း ဆုတောင်းပိုင်းတွင် ပယ်ဆု၊ လိုဆု နှစ်မျိုးရှိသည်။ ပယ်ဆုပိုင်းတွင် အပါယ် လေးပါး ကပ်သုံးပါး စသော မလိုလားအပ်၊ ပယ်ရှားအပ်သော ဆုများကို တောင်းရပါသည်။ လိုဆု နေရာတွင် မင်္ဂတရား ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ဟူသော လောကုတ္တရာ ဆုကိုသာ တောင်းရပါသည်။ ရျာန်တရားမှာ လောကီတရား ဖြစ်၍ ယင်းကို ဆုတောင်းထဲ ထည့်ရလျှင် 'လူ့စည်းစိမ် နတ်စည်းစိမ်တို့ကိုလည်း ရရှိပြီး၍' စသည့် ရျာန်တရား၏ ရှေ့က ထည့်ရမလို ဖြစ်နေပါသည်။ ထို့ကြောင့် ရှေးရှေး ဆရာမြတ်တို့က ကန်တော့ခန်းတွင် လောကုတ္တရာ ဆုတောင်း ကိုသာ ထည့်ပေးခြင်းဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

✍ ✍ ✍

## ၇၂။ ဒုလ္လဘ ရဟန်းခံလျှင်

**မေး။ ။ ဆရာတော်များထံ၌ ကြိုတင်ဆည်းကပ် နေထိုင်ခြင်း မရှိဘဲ ဒုလ္လဘရဟန်း ခံခါနီးမှ လာရောက် ရဟန်းခံသူအတွက် အကျိုး အပြစ် မည်သို့ ရှိပါသလဲ ဘုရား။**

**ဦးအေးမေ**
**အထက-၁၊ သံတွဲမြို့။**

ဖြေ။ ။ ရဟန်း မခံမီက သာမဏေ ဝတ်ရသေးရာ ဆံချခြင်း၊ သင်္ကန်းတောင်းခြင်း၊ သရဏဂုံ ခံယူခြင်းတို့ အတွက် ကြို

တင် သင်ကြားရေး၊ ရဟန်းဘဝ၌ နေထိုင်စဉ် ပစ္စဝေက္ခဏာ ဆင်ခြင်မှု၊ ဒေသနာခံ၊ ဒေသနာကြားမှု စသည် ကြိုတင် သင်ကြားရေးတို့ လိုပါသည်။ ထို့အတွက် ရဟန်းမခံမီ တစ်ပတ်ခန့် သင်ကြားနိုင်ဖို့ လိုအပ်ပါသည်။ ထိုသိမှတ် လေ့လာဖွယ်တို့ကို မသိမှတ် မလေ့လာဘဲ ရဟန်းဘဝသို့ ရောက်လျှင် ပစ္စဝေက္ခဏာ မဆင်ခြင်နိုင်ပါ။ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲသုံးဆောင်၍ ဣဏပရိဘောဂဖြစ်ခြင်း၊ သင့်သော အာပတ်ကို ဖြေကြားရန် လိုအပ်ခြင်းတို့ကြောင့် အပြစ်များဖွယ် ရှိပါသည်။ (ဦးအေးဖေထံမှ အမေးပြဿနာများ များပြားစွာ ရောက်ရှိနေပါသည်။ တချို့ပြဿနာများမှာ ကျယ်ဝန်းစွာ ဖြေကြားရမည် ဖြစ်၍ ဤအခန်းတွင် ဖြေကြားရန် မဖြစ်နိုင်ပါ။ ဥပမာ—ကထိန်ကိစ္စ၊ သာသနာ့မြေကိစ္စ စသည်များတို့အတွက် အကြောင်းအားလျော်စွာ သီးခြားဆောင်းပါး ရေးပါမည်။)

## ၇၃။ စက္ခု ၅-ပါး ဘုရားပင့်

**မေး။ ။ 'ဒိဗ္ဗစက္ခု မံသစက္ခု ဉာဏစက္ခု ဗုဒ္ဓစက္ခု သမန္တစက္ခု စက္ခုန္နဖုသိသံ ဗုဒ္ဓေါ ဘဂဝါသာတိ။'**

**ငယ်စဉ်က မိခင် သင်ပေးထားသော ဂါထာ ဖြစ်ပါသည်။ နှုတ်တက် ရနေသည်ကို ရေးတတ်သလို မှန်းဆရေးသားခြင်း ဖြစ်ပါ၍ သည်းခံဖတ်ရှုပြီး ပြင်ဆင်လျက် အနက်ပေးပါ ဘုရား။**

မဝင်း

မကာစ (၂)၊ မလွန်စခန်း။

ဖြေ။ ။ ဂါထာမှာ မြတ်စွာဘုရား၏ စက္ခုတော် ငါးပါးကို ဖော်ဆို၍ မိမိဦးထိပ်ထက်၌ ပင့်သော အဓိပ္ပာယ် ပေါ်လွင်ပါသည်။

သို့သော် စက္ခုတော်အစဉ် မမှန်ခြင်း၊ ပါဠိ မမှန်ခြင်းတို့ကြောင့် ပြင်ဆင်ရေးသား၍ အနက် ပေးလိုက်ပါသည်။ အစားထိုး ကျက်မှတ်

ရွတ်ဆို၍ နေ့စဉ် ဘုရားရှိခိုးတိုင်း ဘုရားပင့်ပါ။ မျက်စိမှုန်မွဲ၍ အမြင် အားနည်းသူများ အထူး ရွတ်ဆိုသင့်ပါသည်။

ဗုဒ္ဓ ဓမ္မ သမန္တဥ္စ၊
ဒိဗ္ဗညာဏာန္တိ ပဉ္စဟိ။
စက္ခုဟိ မေ ဟိ သမ္ပန္နော၊
ဗုဒ္ဓေါ မေ ဌာတု သီသကေ။

ဗုဒ္ဓ ဓမ္မ သမန္တဥ္စ၊ ဗုဒ္ဓစက္ခု၊ ဓမ္မစက္ခု၊ သမန္တစက္ခု လည်းကောင်း။ ဒိဗ္ဗညာဏဉ္စ၊ ဒိဗ္ဗစက္ခု ဉာဏစက္ခုလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဣမေဟိ စက္ခုဟိ၊ ဤစက္ခုတော်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ ဘုရားတပည့်တော်၏။ သီသကေ၊ ဦးခေါင်းထက်၌။ ဌာတု၊ တည်တော်မူပါစေ သတည်း။

✍ ✍ ✍

## ၇၄။ သံဃိကကျောင်း ရေစက်ချရာ၌

**မေး။ ။ သံဃိကကျောင်းကို ရေစက်ချရာ၌ သုံးစွဲသူ ရဟန်းများ အပြစ်မှ လွတ်အောင် "ခြေမဆေးဘဲ နင်း၍ လည်းကောင်း၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းများဖြင့် ထိ၍ လည်းကောင်း အလိုရှိတိုင်း ချမ်းသာစွာ သုံးဆောင်တော် မူကြပါ" ဟု ထည့်သွင်း ရေစက်ချခြင်းသည် သင့် ၊ မသင့်။**

**ကဿပ ဘုရားရှင် လက်ထက်၌ သံဃိကကျောင်းကို မရိုမသေ သုံးစွဲမိသော ရဟန်းတစ်ပါးနှင့် ဥပါသကာတစ်ဦးတို့ ဘီလူး ဖြစ်ကြသည်ဟု ဆိုသော စကားနှင့် ညီညွတ်မှု ရှိ၊မရှိ သိလိုပါသည်ဘုရား။**

**ဒကာ မောင်သိုက်**

**(၉)ဘူတာရပ်၊ ကျောက်ပန်းတောင်းမြို့။**

ဖြေ။ ။ အာဂတာဂတ သံဃိကကျောင်း ရေစက်ချရာ၌ "ကပ္ပိယကုဋိ၊ ကပ္ပိယ(အပ်သော)ကုဋိကို။ ကာတုံ၊ ပြုခြင်းငှာ။ အာဂတာဂတေဟိ၊ လာကုန် လာကုန်သော။ ပဗ္ဗဇိတေဟိစေဝ၊

ရဟန်းသာမဏေတို့ဖြင့် လည်းကောင်း။ ဂဟဋ္ဌေဟိစ၊ လူတို့ဖြင့် လည်းကောင်း။ ကာယင်္ဂါဝယဝေဟိ၊ ကိုယ်အင်္ဂါအစိတ်တို့ဖြင့်။ ဖုသိတွာ ဖုသိတွာ၊ တွေ့ထိ၍ တွေ့ထိ၍။ပရိဘုဥ္စတုံစ၊ သုံးဆောင်ခြင်းငှာ လည်းကောင်း။ အခေဘေဟိ၊ မဆေးမကြော အပ်ကုန်သော။ ပါဒေဟိ၊ ခြေတို့ဖြင့်။ အက္ကမိတွာ အက္ကမိတွာ၊ နင်း၍နင်း၍။ ပရိဘုဥ္စတုံစ၊သုံးဆောင်ခြင်းငှါလည်းကောင်း။ ဒေမ၊ လှူဒါန်း ပါကုန်၏” ဟူသော အပိုဒ်ကို ရှေးရှေးဆရာ အစဉ်အဆက်ပင် ထည့်သွင်း ရေစက်ချလေ့ ရှိပါသည်။ ဤသို့ ရေစက်ချခြင်းသည် ‘အရှင်ဘုရားတို့ ဤသို့ သုံးဆောင်ကြပါ’ဟု ပြောဆိုသည် မဟုတ်။‘ဤသို့ သုံးဆောင်သည့်တိုင်အောင် ခွင့်လွှတ်ပါသည်’ဟု လျှောက်ထားခြင်း သဘောပင် ဖြစ်ပါသည်။ သံဃိကကျောင်းကို သုံးဆောင်သည့် ရဟန်းတို့ကလည်း ဤသို့ မသန့်မရှင်း သုံးစွဲကြမည် မဟုတ်ပါ။ တစ်သိန်းတန်ကမ္ဗလာကို လှူသော ဒါယကာက “ဤကမ္ဗလာကို အရှင်တို့ သဘောအတိုင်း ခြေသုတ်ပဝါ လုပ်လိုက လုပ်ပါ။ အိမ်ရာအခင်း လုပ်လိုက လုပ်ပါ။ မြေအခင်း လုပ်လိုက လုပ်ပါ”ဟု ဆို၍ လှူသော်လည်း အလှူခံသူ ပုဂ္ဂိုလ်က ခြေသုတ် လုပ်မည်မဟုတ်။ အိပ်ရာအခင်းသာ လုပ်ပေလိမ့်မည်။ ဒါယကာကသာ စေတနာအရ လျှောက်ထားခြင်း ဖြစ်ပေသည်။

သံဃိကကျောင်း၌ ပေပေကျံကျံ နေထိုင် သုံးဆောင်မှုကြောင့် သူစိလောမ၊ ခရလောမဘီလူး ဖြစ်ကြရသော ထုံးကို နှလုံးသွင်းအရ သံဃိကကျောင်းကို အလှူခံရသော ရဟန်းသံဃာတော်များက ရိုသေလေးစားစွာ သုံးဆောင်နေထိုင်ကြမည်သာ ဖြစ်ကြောင်း နှလုံးသွင်းစေလိုပါသည်။ စာစောင်တွင် ထည့်ရန်ဖြစ်၍ သိသာရုံ အကျဉ်းချုံး၍ ဖြေဆိုလိုက်ပါသည်။ လိုအပ်လျှင် အကျယ်ရေးသား ပေးပို့ပါဦးမည်။

# ၇၅။ ရဟန္တာ နတ်ပြဟ္မာတို့နှင့် ဒုက္ကရစရိယာ

မေး။ ။ (၁) အရှင်ဘုရား၊ ရှေးရှေး မြတ်စွာဘုရားတို့ လက်ထက်က အနာဂါမ် ဖြစ်၍ သုဒ္ဓါဝါသဘုံသို့ ရောက်ပြီး ရဟန္တာ ဖြစ်နေသော ဗြဟ္မာကြီးများ၊ ရဟန္တာသဘာဝဖြင့် ဘုမ္မစိုး နတ်မင်းကြီးများဖြစ်ကာ ဤလူ့ပြည်မှာပင် တစ်ကမ္ဘာအထိ သက်တမ်းရှိကြသော ရဟန္တာ နတ်မင်းကြီးများ ရှိကြသည်ဟု ဆိုပါသည်။ ဘုရားသာသနာတော် အတွင်းမှာသာ မဂ်တရား ဖိုလ်တရားများကို ရရာ ရကြောင်း၊ ဝိပဿနာတရားများ ရှိနိုင်ပါသည်။ ဘုရားသာသနာ ကွယ်လျှင် ထိုတရားများ မရှိတော့ဟုလည်း သိရပါသည်။ သက်တမ်းရှည်သော ရဟန္တာ ဗြဟ္မာမင်းကြီး၊ နတ်မင်းကြီးတို့ ရှိနေလျက် သာသနာကွယ်နေသည် ဆိုသည်မှာလည်း စဉ်းစားရ ခက်လှပါသည်။

(၂) ဘုရား အလောင်းတော်သည် ဒုက္ကရစရိယာ အကျင့်ကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟု မှားယွင်းပြီး ကျင့်နေသည့်အခါ ထို ရဟန္တာ ဗြဟ္မာကြီးများ၊ နတ်မင်းကြီးများက လမ်းမှားကျင့်နေမှန်း သိပါလျက် အဘယ့်ကြောင့် လမ်းမှန်ရောက်အောင် သတိမပေးဘဲ နေကြပါသနည်း။ ဤပြဿနာ နှစ်ရပ်ကို ရှင်းပြတော်မူပါဘုရား။

ဦးတင်အုန်း

အခန်း-၃၊ တိုက်-၇၄၊ သုဝဏ္ဏမြို့။

ဖြေ။ ။ ရှေးရှေး ဘုရားများ လက်ထက်က ရဟန္တာ ဖြစ်ခဲ့ကြသည့် ဗြဟ္မာကြီးများ၊ နတ်မင်းကြီးများ ဤဘုရား လက်ထက်အထိ ရှိနိုင်ကြသည်မှာ မှန်ပါသည်။ ဘုရား တစ်ဆူနှင့်တစ်ဆူ အကြားသည် သာသနာပ ဖြစ်သည်။ သာသနာပ အခါ၌လည်း ၎င်းတို့ သက်ရှိထင်ရှား ရှိနေသည်မှာ မှန်ပါသည်။ သာသနာပ အခါတွင် မဂ်ဖိုလ်တရားများ ကွယ်သွားပြီဆိုသည်မှာ ၎င်းတရားများကို ဟောပြောမှု၊ အားထုတ်မှု၊ ရရှိမှုများ ကွယ်သွားကြောင်းသာ ဆိုပါသည်။ အဆိုပါ ဗြဟ္မာကြီး၊ နတ်မင်းကြီးများက ၎င်းတရား ရရှိနေပြီး ၎င်းတို့တရားနှင့် ၎င်းတို့ နေကြသည်။ အခြားသူကို ဟောပြောခြင်း၊ အားထုတ်

စေခြင်း မပြုနိုင်ပေ။ ယင်းသို့ မဟောပြောနိုင်၊ အားမထုတ်စေနိုင်၊ တရား မရရှိစေနိုင်ခြင်းသည်ပင် သာသနာ ကွယ်နေခြင်းပင် ဖြစ်သည်။ သာသနာ့ပဥ္စ ပစ္စေကဗုဒ္ဓါများလည်း ၎င်းတို့ဘာသာ တရားရနိုင်ကြပါသည်။ သို့သော် ဟောပြောခြင်း၊ တရားရစေခြင်းကို မတတ်နိုင်ကြပါ။

မြတ်စွာဘုရား မဖြစ်မီ ဒုက္ကရစရိယာ ကျင့်မှုမှာ ဘုရားအလောင်းတော်တိုင်း၏ သဘာဝပင် ဖြစ်သည်။ ဘုရား မဖြစ်မီ အနည်းဆုံး ၇–ရက် အများဆုံး တစ်လမှ ကျင့်ဖြစ်အောင် ကျင့်ရသည်။ (ဂေါတမ မြတ်စွာဘုရား အလောင်း ခြောက်နှစ် ကျင့်ရသည်မှာ ဝစီဘေဒ ဝိပါကကြောင့်သာ ဖြစ်ပါသည်)။ ဒုက္ကရစရိယာ အကျင့်ကို ကျင့်ရသည်မှာ ဘုရား အလောင်းတော်များသည် 'အရေမှ ကြွင်းပါစေ၊ အကြောမှ ကျန်ပါစေ၊ အရိုးမှ ကြွင်းပါစေ၊ အသားအသွေး ခန်းခြောက်သွားမူ သွားပါစေ' ဟူသော အင်္ဂါရပ်လေးပါးရှိသည့် မည်သူမှ မတုပနိုင်သော ဝီရိယ လုံ့လတော်ဖြင့် အားထုတ်ရမြဲ ဖြစ်သည်။ ပါရမီတော် ၁၀–ပါး၊ အပြား ၃၀–ပြည့်စုံ၍ ဘုရားအဖြစ်ကို လွယ်လွယ်ပင် ရနိုင်သော်လည်း မြတ်စွာဘုရားတို့သည် မည်သူမှ အားမထုတ်နိုင်သော အားထုတ်မှုမျိုးကို အားထုတ်၍ လောကတွင် ရှိသမျှ အားထုတ်မှုအားလုံးကို အဆုံးတိုင် အားထုတ်တော်မူပြီးမှ လမ်းမှန်သို့ ရောက်ရှိ၍ ဘုရားအဖြစ်ကို ရကြောင်း သိစေလိုခြင်းနှင့် အတ္တကိလမထ အကျင့်သည် အမြတ်တရား ရကြောင်း မဟုတ်။ မဇ္ဈိမ ပဋိပဒါ အကျင့်သာ အမြတ်တရား ရကြောင်း ဖြစ်ပုံကို သိစေလိုခြင်း၊ လက်တွေ့အကျင့်နှစ်မျိုးကို နှိုင်းယှဉ်ပြလိုခြင်း အားဖြင့်လည်း ဒုက္ကရစရိယာ အကျင့်ကို ကျင့်ရခြင်း ဖြစ်သည်။ ထို့ပြင် လောက ဥပမာအားဖြင့် ခမည်းတော် နတ်ရွာစံ၍ အလွယ်တကူ မင်း ဖြစ်ရ

သူထက် စစ်တိုက်၍ ထီးနန်းကိုရရှိ၊ မင်းဖြစ်ရသူက မင်းအဖြစ်၌ ပိုမို၍ ဝမ်းမြောက်ကျေနပ်နှစ်သိမ့် ရသကဲ့သို့၊ တိုင်းသူပြည်သားတို့၏ လေးစားမြတ်နိုးမှုကို ရသကဲ့သို့ ဘုရားအဖြစ်ကိုလည်း အလွယ်တကူ ရယူခြင်းထက် ခဲခဲယဉ်းယဉ်း ရယူခြင်းဖြင့်သာ နတ်လူသတ္တဝါတို့ လေးစားမြတ်နိုးမှု ပိုမိုလာဖွယ် ဖြစ်ရသည်။ ထိုသို့ ဘုရားအလောင်းတော်တို့၏ ဓမ္မတာ သဘာဝ ဒုက္ကရစရိယာ ကျင့်သုံးရခြင်းကို ရဟန္တာဗြဟ္မာကြီးများ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လာရောက်သတိပေးခြင်း၊ လမ်းမှန်ရောက်အောင် ထောက်ပြပြောဆိုခြင်း ပြုရန်ကား အရာမဟုတ်ပေ။ သိသည့်တိုင်အောင်လည်း ဘုရားလောင်းအား စောင့်ရှောက်ပေးရန်မှတစ်ပါး မည်သို့မျှ အကူအညီ မပေးနိုင်ချေ။ မြတ်စွာဘုရားတို့သည် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အလိုလိုသာ သစ္စာလေးပါးကို သိကြရမြဲ ဖြစ်ပါသည်။

✍ ✍ ✍

## ၇၆။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း

**မေး။ ။ ဂေါတမ မြတ်စွာဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့ရသည် ဆိုရာ၌ လေးအသင်္ချေဟူသည် ဘာကို ဆိုလိုပါသလဲ ဘုရား။**

**သိုက်ထွန်း**

**မြို့လယ်ရပ်၊ သီပေါမြို့။**

ဖြေ။ ။ ကမ္ဘာအသင်္ချေ ဟူသည်မှာ မည်ရွေ့မည်မျှဟု ဂဏန်းချ၍ မရေ မတွက်နိုင်အောင် များလှစွာသော ကမ္ဘာတို့ကို ဆိုပါသည်။ တစ်နည်းအားဖြင့် အသင်္ချေယျ ဂဏန်းဟူသည်မှာ ၁-ဂဏန်း နောက်တွင် သုညပေါင်း ၁၄၀-ရှိသော ဂဏန်းဟုလည်း အဆိုရှိပါသည်။ ထိုကမ္ဘာ အသင်္ချေ ၄-ခု (လေးအသင်္ချေ)တို့မှာ ဘုရားမပွင့်သော သုညကမ္ဘာများသာ ဖြစ်သည်။

ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူသော ဝရကမ္ဘာ ကုန်ဆုံးသွားပြီးနောက် ကမ္ဘာတစ်သင်္ချေ သုဉ်းပါသည်။ (လုံးဝဘုရားမပွင့်ပါ)။ ယင်းကို သေလအသင်္ချေဟု ခေါ်သည်။ ထို့နောက်မှ သာရကမ္ဘာ ပေါ်ထွန်းလာ၍ ကောဏ္ဍညဟူသော ဘုရားတစ်ဆူ ပွင့်ပါသည်။ ယင်းနောက် ကမ္ဘာတစ်သင်္ချေ သုဉ်းပြန်ပါသည်။ ဘာသအသင်္ချေဟု ခေါ်သည်။ ထို့နောက်တွင် ဝရကမ္ဘာ ပေါ်ထွန်းလာကာ မင်္ဂလ၊ သုမန၊ ရေဝတနှင့် သောဘိတ ဟူသော ဘုရားလေးဆူ ပွင့်ထွန်းခဲ့သည်။ ယင်းနောက် ကမ္ဘာတစ်သင်္ချေ သုဉ်းပြန်သည်။ ထိုအသင်္ချေကို ဇေယျဟု ခေါ်သည်။ ထိုဇေယျအသင်္ချေနောက်တွင် သာရမဏ္ဍကမ္ဘာ ပေါ်ထွန်းလာပြန်ကာ အနောမဒဿီ၊ ပဒုမနှင့် နာရဒဟူသော ဘုရားသုံးဆူ ပွင့်ထွန်းခဲ့သည်။ ၎င်းကမ္ဘာနောက်တွင် ကမ္ဘာတစ်သင်္ချေပင် သုဉ်းပြန်လေသည်။ ထိုအသင်္ချေကို ရုစိယအသင်္ချေဟု ခေါ်သည်။

ဤ သေလ၊ ဘာသ၊ ဇေယျနှင့် ရုစိယဟူသော သုညကမ္ဘာလေးအသင်္ချေတို့၏ အကြားအကြား ပေါ်ထွန်းခဲ့သော ကမ္ဘာတို့တွင် ဘုရား တစ်ဆယ့်နှစ်ဆူ ပွင့်တော်မူခဲ့သည်။ ၎င်းနောက် ပဒုမုတ္တရ မြတ်စွာဘုရား တစ်ဆူသာ ပွင့်တော်မူသော သာရကမ္ဘာ ပေါ်ထွန်း၍ လာသည်။ ၎င်းကမ္ဘာမှ စ၍ ဤဂေါတမ မြတ်စွာဘုရား ပွင့်တော်မူရာ ဘဒ္ဒကမ္ဘာအထိ ကမ္ဘာပေါင်း တစ်သိန်း ဖြစ်ထွန်းခဲ့သည်။ ၎င်းကမ္ဘာ တစ်သိန်း အတွင်းတွင် ဘုရားရှင်ပေါင်း ၁၆–ဆူ ပွင့်တော်မူခဲ့ပါသည်။ ဤသို့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဟူသည်ကို မှတ်သားထားသင့် ပါသည်။

## ၇၇။ ဥပုသ်ထွက်ခြင်း

**မေး။ ။ ဥပုသ်နေ့တွင် ဥပုသ်ဆောက်တည်ပြီး နောက်နေ့တွင် ဘုရားရှေ့တွင် ဥပုသ်ထွက်ကြောင်း ခွင့်ပန်ဖို့ လိုအပ်ပါသလား။ ခွင့်မပန် ဥပုသ်မချဘဲ အစားအစာများ စားလျှင် အပြစ်ဖြစ်ပါသလားဘုရား။ (မေးခွန်းတူသဖြင့် ပေါင်းရုံး၍ အကျဉ်းချုံး ဖော်ပြလိုက်သည်။)**

**(၁) ဒေါ်စီစီဝင်း**
**၁၆၃/၂-၄က်တော်လမ်း၊ မြင်သာ။**
**(၂) အေးမွန်ခိုင်**
**၆၆/၁၆၅-လမ်း၊ တာမွေ။**
**(၃) မမြမြ**
**လောင်းလုံမြို့၊ တနင်္သာရီတိုင်း။**

ဖြေ။ ။ ဥပုသ်သီလမှာ ရိုးရိုးခံယူ ဆောက်တည်လျှင် ဥပုသ်နေ့ ကုန်ဆုံး၍ နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် အလိုအလျောက် ခံယူချက် ပျက်ပြယ်သွားပါသည်။ ဥပုသ်ထွက်ကြောင်း ခွင့်ပန်ခြင်း၊ ငါးပါးသီလ စသည် ခံယူ၍ ဥပုသ်ချခြင်း စသည် ပြုဖွယ်မလိုပါ။ အဓိဋ္ဌာန်ဖြင့် ၇-ရက် ဥပုသ်ဆောက်တည်မည်၊ ၉-ရက်၊ ၄၅-ရက် စသည် ဆောက်တည်မည်ဟု ဆို၍ ခံယူ ဆောက်တည်လျှင်လည်း အစတစ်နေ့ ခံယူဆောက်တည်ပြီး နောက်နေ့များတွင် ထပ်ပြီး ခံယူဆောက်တည်ရန် မလို။ အဓိဋ္ဌာန်ရက် ကုန်ဆုံးမှ အလိုလို ပျက်ပြယ်သွားပါသည်။

## ၇၈။ ယမမင်း လက်နက်

**မေး။ ။ ယမသဿ နယနာဝုဓံ ဟု စာများတွင် ရှိ၍ ယမမင်း ကြည့်ကာမျှဖြင့် သတ္တဝါတို့ သေကြရပါသလော။ ယမမင်း ကြည့်၍ သေလျှင် ငင်း ယမမင်း မကြည့်အောင် ကြည့်သည့်တိုင် မသေအောင် မည်သည့် ဂါထာ**

များကို ရွတ်ရမည်နည်း။ မည်သည့် ကောင်းမှုကုသိုလ်များဖြင့် ကာကွယ်နိုင်ပါသနည်း အရှင်ဘုရား။

ညိုမြင့်(ဝန်းသို)

ဖြေ။ ။ 'စက္ကာဝုဓံ ဟိ သက္ကဿ၊ ယမဿ နယနာဝုဓံ။

၊ ဂဒါ ဝေဿဝဏဿ ပိ၊ ဒုဿံ အာဠဝကဿ စ' ဟု

ကျမ်းဂန် လာပါသည်။ သိကြားမင်း၏ လက်နက်မှာ ဝရဇိန်စက်၊ ယမမင်း၏ လက်နက်မှာ မျက်စိ၊ ဝေဿဝဏ်နတ်မင်း၏ လက်နက်ကား လှင်ကန် သို့မဟုတ် ချွန်းတောင်း၊ အာဠဝက ဘီလူး လက်နက်ကား ဘွဲ့ဖြူပုဆိုး ဟု လက်နက်ကြီး လေးပါးကို ဆိုသည်။ အမှတ်-၂ ဖြစ်သော ယမမင်း ဟူသည်ကား ကုမ္ဘာန်ဘီလူးတို့ကို အုပ်ချုပ်သော ယမနတ်မင်း ဖြစ်ပါသည်။ ငရဲပြည်က ယမမင်း မဟုတ်ပါ။ ထိုယမနတ်မင်းသည် အမျက်ထွက်၍ ကြည့်လျှင် ကုမ္ဘာန်ဘီလူးတို့သည် အိုးကင်းပူတွင်ထည့်သော နှမ်းတို့ကဲ့သို့ ဖျစ်ဖျစ်မြည်လျက် သေပျောက် ကြရသည်ဟု ဆိုပါသည်။ လူတို့နှင့် မဆိုင်၍ ၎င်းအတွက် အကာအကွယ် အတားအဆီးများ လုပ်ရန် မလိုပါ။

✍ ✍ ✍

## ၇၉။ သီလရှင် ဝတ်ခြင်း

မေး။ ။ သီလရှင် ဝတ်ခြင်းသည် ဝတ်သူနှင့် ဝတ်သူ၏ မိဘများ၌ မည်ကဲ့သို့ အကျိုးကျေးဇူး ရှိနိုင်သည်ကို ရှင်းပြတော်မူပါဘုရား။

နုနုခိုင်

မြို့နယ်စာရင်းရုံး၊ အိမ်မဲမြို့။

ဖြေ။ ။ ဗုဒ္ဓစာပေတွင် ၁-ဥပသမ္ပဒ ပဗ္ဗဇ္ဇ၊ ၂-သာမဏေရ ပဗ္ဗဇ္ဇ၊ ၃-ဣသိပဗ္ဗဇ္ဇနှင့် ပရိဗ္ဗာဇက ပဗ္ဗဇ္ဇဟူ၍ ပဗ္ဗဇ္ဇ လေးမျိုး ရှိပါသည်။ ရဟန်းပြုခြင်း၊ သာမဏေပြုခြင်း၊ ရသေ့ပြုခြင်းနှင့် သီလရှင် ပြုခြင်းဟု ဆိုရပါမည်။ သီလရှင်မှာ အမှတ်-၄ ပရိဗ္ဗာဇက

ပဗ္ဗဇ္ဇ ဖြစ်၍ အမျိုးသမီးများ အနေဖြင့် ဝမ်းမြောက် ဂုဏ်ယူဖွယ် ကောင်းလှပါသည်။

အမှန်အားဖြင့် မိန်းကလေးတစ်ဦး အနေနှင့် မိမိ၏ အလှအပ ဗန်းတင်ပစ္စည်း ဖြစ်သော ဆံပင်ကို ရိတ်ပယ် လိုက်နိုင်ခြင်းပင် အလွန်ခဲယဉ်းသော ကိစ္စဖြစ်၍ ပစ္စည်းဥစ္စာ ရတနာရွှေငွေ တို့ကို စွန့်လွှတ်သကဲ့သို့ နေက္ခမ္မပါရမီတစ်မျိုးပင် ဖြစ်ပါသည်။ ထို့နောက် လူ့ဝတ်ကြောင်ကို ပယ်၍ သီလရှင်ဝတ်၊ ဖန်ရည်ဆိုးပတ်ကို ဝတ်ကာ လူတို့ ဆောက်တည်နိုင်ခဲသော ၈-ပါး၊ ၉-ပါး၊ ၁၀-ပါးသီလများကို နိစ္စဆောက်တည် နေနိုင်ခြင်း၊ စာပေကျမ်းဂန် သင်အံနိုင်ခြင်း၊ တရားစာပေ လေ့လာခြင်း၊ သမထ ဝိပဿနာ ဘာဝနာများကို ပွားများ နေထိုင်ခြင်း စသည်ဖြင့် ဘုရားသာသနာကို ချီးမြှောက်နိုင်ခြင်းမှာ မိန်းမဘဝပင် ဖြစ်သော်လည်း မြင့်မြတ်လှပါသည်။ ဘဝပေါင်းများစွာက လင်ယူသားမွေး လောကီရေး ကိစ္စများဖြင့်သာ အကုသိုလ် နယ်ပယ်၊ ဒုဂ္ဂတိနယ်ပယ်တွင် ကျင်လည်ရာ ကျင်လည်ကြောင်း ကျင့်ကြံနေခဲ့ရာမှ ယခု ဘုရားသာသနာ၌ တွေ့ခိုက်တွင် မဂ်ဖိုလ် ရရေး အသက်ပေး အားထုတ်ရခြင်း၊သာသနာ့နွယ်ဝင် ဖြစ်ခွင့်ရခြင်း တို့မှာ ဘဝ၏အနှစ်သာရ အစစ်ပင် ဖြစ်ပါသည်။ သမီးကို မိမိတို့ ကိုယ်တိုင် သာသနာ့နွယ်ဝင် အဖြစ်သို့ ပို့ဆောင်ပေးကြသော မိဘများမှာလည်း သာသနာနုဂ္ဂဟ ကုသိုလ်ထူးကို ဆည်းပူးကြသူများပင် ဖြစ်၍ လွန်စွာ အကျိုးကြီးလှပါသည်။

✍ ✍ ✍

## ၈၀။ အမျိုးသမီးများနှင့် နိဗ္ဗာန်တရား

**မေး။ ။ ဘုရားလက်ထက်က ရဟန္တာ၊ အနာဂါမ်၊ သောတာပန် အမျိုးသမီးများရှိသလို ဘုရား ပရိနိဗ္ဗာန် စံပြီးသည်မှ ဤခေတ်အထိတွင်**

**လည်း ရဟန္တာ၊ အနာဂါမ်၊ သောတာပန် အမျိုးသမီးများ ပေါ်ထွန်းနိုင်ပါ သလား ဘုရား။**

**ဒေါ်စိစိဝင်း**

**၁၆၃၊ ၂၊ ငှက်တော်လမ်း၊ မြင်သာ။**

ဖြေ။ ။ ဘုရားရှင် ပရိနိဗ္ဗာန် စံပြီးနောက် ဤဘက်သာသနာတော် တစ်လျှောက်လုံးတွင် အမျိုးသမီး ရဟန္တာ၊ အနာဂါမ် အရိယာ များစွာ ရှိခဲ့ပါသည်။ မဇ္ဈိမဒေသတွင် အသောကမင်းကြီး သမီးတော် သံဃမိတ္တာ ထေရီမ၊ ထိုမှ သီဟိုဠ် (သီရိလင်္ကာ) သာသနာ တစ် ခေတ်လုံး ရဟန္တာမများ များလှပါသည်။ မြန်မာနိုင်ငံတွင်လည်း အရှင်သောဏ၊ ရှင်ဥတ္တရတို့ သာသနာပြုစဉ်က အမျိုးသမီး ၁၅၀၀- သာသနာဝင်၍ အချို့ ရဟန္တာ၊ အနာဂါမ်၊ သောတာပန် ဖြစ်ကြပါ သည်။ သာသနာနှစ် ငါးရာခန့်တွင် ပေါ်သော မိလိန္ဒမင်း၏ ပြဿနာ တို့ကို ဖြေကြားသည့် ရှင်နာဂသိန်သည် ဆွမ်းဒါယိကာမ တစ်ဦးအား အနုမောဒနာတရား ဟောရာ နာသူဒါယိကာမကြီးလည်း သောတာ ပတ္တိမဂ်ဖိုလ်ရ၊ ဟောသူ အရှင်နာဂသိန်လည်း သောတာပတ္တိမဂ်ဖိုလ် ရကြောင်း လာရှိပါသည်။ ဤဘက်ခေတ် တစ်လျှောက်တွင်လည်း ဤသို့ မဂ်ဖိုလ်ရရှိသူများ ရှိမည် ဖြစ်သော်လည်း မဂ်ဖိုလ်ရသူတို့ ကလည်း မဂ်ဖိုလ်ရကြောင်း ပြောကြားမြဲ ဓမ္မတာ မရှိ။ မှတ်တမ်း တင် ဟောကြားမည့် ပုဂ္ဂိုလ်လည်းမရှိ၍ မသိကြရခြင်းသာ ဖြစ်ဖွယ် ရှိပါသည်။ ဘုရားတရားတော်များ အပြည့်အစုံရှိခြင်း။ ဟောကြားသူ၊ ပြသသူ၊ ကျင့်သုံးသူတို့ မပြတ်လပ်ခြင်း တို့ကြောင့် မုချ အရိယာ ဖြစ်သူ အမျိုးသား၊ အမျိုးသမီးများ ရှိမည်မှာ မလွဲပါ။

✍ ✍ ✍

## ၈၁။ ရဟန်းတော်များနှင့် နိဿဂ္ဂိပစ္စည်းအလှူ

**မေး။ ။ ရဟန်းတော်များသည် နိဿဂ္ဂိ ထိုက်သော ပစ္စည်း ဝတ္ထုတို့ဖြင့် အလှူဒါနပြုလျှင် ကုသိုလ် ရနိုင်ပါသလား။ ဥပမာ ကျောင်းကန် ဘုရားစေတီများ၌ ငွေလှူဒါန်းခြင်း၊ ဒုက္ခသည် တို့အား ငွေကြေးစွန့်ကြဲခြင်း စသည်များကို ပြု၍ ကုသိုလ်ဖြစ် မဖြစ် သိလိုပါသည် ဘုရား။**

**အရှင်ပဝရသာမိ**
**ပဥ္စနိကာယကျောင်းတိုက်။**
**ကံဘဲ့၊ ရန်ကင်း။**

ဖြေ။ ။ ငွေကြေး စသော နိဿဂ္ဂိပစ္စည်းများမှာ ရဟန်းတော်များ အဖို့ မုချစွန့်ပစ်ရမည် ဖြစ်ပါသည်။ စွန့်ပစ်ပြီးနောက် ဒေသနာကြားမှ စင်ကြယ်နိုင်ကြောင်း ဝိနည်းလမ်းကြောင်း ရှိ၍ ၎င်းစွန့်ပစ်ပစ္စည်း၌ အာလယ မပြတ်ခြင်း တွယ်တာခြင်း မရှိဖို့ လိုပါသည်။ ယင်းကိစ္စမှာ ဝိနည်းကိစ္စ သက်သက်ဖြစ်သည်။ စွန့်ပစ္စည်းကို အကျိုးရှိသော ဘုရားတည်ခြင်း၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် ဒုက္ခသည်တို့အား လှူဒါန်းခြင်းမှာ ဝိနည်းကိစ္စနှင့် မသက်ဆိုင်ပါ။ ၎င်းစွန့်သော ငွေကြေးဖြင့် ကျောင်းဆောက်လျှင် ထိုကျောင်း၌ မိမိလည်း မနေထိုက်။ အခြားသံဃာများအားလည်း မအပ်သဖြင့် ပစ္စည်းလေးပါး ဆိုင်ရာ၌ မစွန့်မသုံးသင့်ကြောင်း ထင်ရှားပါသည်။

ဘုရားတည်ရာ၌ကား ဆရာတော် ဦးဗုဓ် ထေရုပ္ပတ္တိ၌ 'ငါ့ကျောင်းက ကိုရင်တွေ ဆေးလိပ်သောက်တာ သာသနာပိုင် ဘုရားတည်တာလောက် အပြစ်မကြီးပါဘူး' ဟူ၍ ဆိုကြောင်း၊ ထိုစဉ်က သာသနာပိုင်ဆရာတော်သည် မိမိဇာတိရွာ၌ ဘုရားတည်နေကြောင်း၊ ထိုစကားကို ထိုခေတ်ဆရာတော်များက သာသနာပိုင်သည် ကိုယ်တိုင် ငွေအလှူခံ၍ ဘုရားတည်လျှင် ဘုရားမှာ သာသနာပိုင်အတွက်သာ မအပ်သော ဘုရားဖြစ်၍ အခြား ရဟန်းရှင်လူများ အတွက်ကား

ရှိခိုးပူဇော်၍ ကုသိုလ်ဖြစ်သည်ဟု အဆုံးအဖြတ်ပေးကြောင်း ဖတ်ရှုရပါသည်။ ထို့ကြောင့် ဘုရားတည်ခြင်း၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် ဒုက္ခသည်တို့အား လှူဒါန်း စွန့်ကြဲခြင်းတို့ဖြင့် ဝိနည်းကြောင်းအရ စင်ကြယ်အောင် ပြုထိုက်ပါကြောင်း၊ ဤသို့ လှူဒါန်းခြင်းကြောင့် ဝိနည်းဂုဏ်လည်းလွတ်၊ ကုသိုလ် ကောင်းမှုလည်း ဖြစ်၍ ပြုသင့်ပြုထိုက်သောကိစ္စ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

## ၈၂။ ဘုရားနှင့် တံခွန်ကုက္ကား စသည်များ

**မေး။ ။ ဘုရားမှာ တံခွန်၊ ကုက္ကား၊ ထီး၊ အလံ၊ ငြိုပ်တိုင် စသည်များကို ဘယ်အဓိပ္ပာယ်ဖြင့် လှူကြပါသနည်း။ ထိုသို့ လှူသဖြင့် မည်သို့ အကျိုးရှိပါသနည်း အရှင်ဘုရား။**

မတင်တင်လှိုင်၊ ကမာရွတ်၊

ဖြေ။ ။ တံခွန်တိုင် ဆိုသည်မှာ 'ဤနေရာတွင် ဘုရားစေတီ ရှိသည်၊ လာရောက် ပူဇော်ကြပါ' ဟူသော အဓိပ္ပာယ်ဖြင့် တိုင်မြင့်မြင့်ထူ၍ အဝေးက မြင်နိုင်အောင် အဝတ်ကိုအပြား၊ အလုံးရှည်ရှည် ပြုလုပ် ဆွဲလှူသည်ကို တံခွန်၊ အဝတ်စက္ကူ စသည်များကို ကားကားစွင့်စွင့် ပြုလုပ်စိုက်ထူ ထားသည်ကို ကုက္ကားခေါ်၍ ဘုရားစေတီတို့တွင် ဝေဝေဆာဆာနှင့် ကြည်ညိုဖွယ်ဖြစ်အောင် လှူဒါန်းကြပါသည်။ တံခွန်တွင်ဆွဲသော အပြားတွင် အလွတ်မထားဘဲ ငြိုပ်ရုပ်များ ရေးခြယ်လှူဒါန်းခြင်း၊ ကြိုးဆွဲ၍ ကြက်လျှာအလံများ ဆွဲခြင်း၊ ထီးဖြူ၊ ရွှေထီးများ လှူဒါန်းခြင်းမှာလည်း မြန်မာတို့ ရှေးဟောင်းဓလေ့များပင် ဖြစ်ပါသည်။ ဘုရားကိုးဆူ ကပ်ရာ၌ကား တံခွန်၊ ကုက္ကားအသေးစားများကို စက္ကူဖြင့် ပြုလုပ်လေ့ ရှိကြပါသည်။ ဘုရားစေတီများ၌ ထင်ရှား ပေါ်လွင်အောင် လှလှပပ ဆွဲချိတ်လှူဒါန်း

ခြင်းကြောင့် ဂုဏ်သတင်း ထင်ပေါ် ကျော်ကြားခြင်း၊ အခြံအရံများ ခြင်း၊ အန္တရာယ်ကင်းခြင်း စသော အကျိုးများ ဖြစ်ထွန်းနိုင်ပါသည်။

✍ ✍ ✍

## ၈၃။ မြန်မာသီဟိုဠ်(သီရိလင်္ကာ)မှ သမ္ဗုဒ္ဓေနှစ်မျိုး

မေး။ ။ (၁) မြန်မာသမ္ဗုဒ္ဓေ ဂါထာတွင် နှစ်ကျိပ်ရှစ်ဆူ တစ်သောင်း နှစ်ထောင် ငါးသိန်း ဟု ဆိုပါသည်။ သီဟိုဠ်မှ ဂါထာတွင် လေးသင်္ချေအတွင်း နှစ်ကျိပ်ရှစ်ဆူ၊ ခုနစ်သင်္ချေ အတွင်း တစ်သိန်း နှစ်သောင်း ငါးထောင်၊ ကိုးသင်္ချေအတွင်း သုံးသိန်း ရှစ်သိန်း ခုနစ်ထောင် ဟု ပြရာ ကွဲလွဲလျက် ရှိနေပါသည်။ မြန်မာမှ ဂါထာ၌ လာသော သင်္ချာတို့နှင့် မည်သို့ တူညီအောင် ညှိယူရမည်ကို မိန့်ကြားရှင်းလင်း ပေးတော်မူပါ ဘုရား။

(၂) မြန်မာမှ သမ္ဗုဒ္ဓေဂါထာတွင် ဘုရားရှင်ပေါင်း ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူ ထင်မြင်အောင် ပါဠိမြန်မာ ယှဉ်တွဲ ဖော်ပြပေးပါရန် လျှောက်ထားပါသည်ဘုရား။

(၁)။ ဦးထွန်းလင်း
အမှတ်၊ ၁၁၊ ၆–ရက်ကွက်၊ ကလောမြို့။
(၂)။ ဦးခင်မောင်မြင့်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြင်းခြံမြို့။

ဖြေ။ ။'သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ' စသော မြန်မာ သမ္ဗုဒ္ဓေ ဂါထာတွင် သင်္ချေနှစ်ဆယ် အတွင်း၌ ပွင့်သည့် ဘုရားပေါင်း ငါးသိန်း တစ်သောင်း နှစ်ထောင်နှင့် နှစ်ကျိပ် ရှစ်ဆူကို ကိုးသင်္ချေ၊ ခုနစ်သင်္ချေ၊ လေးသင်္ချေ (ကမ္ဘာတစ်သိန်း) မခွဲဘဲ ပေါင်း၍ ဖော်ပြပါသည်။ ဤသို့ ဖော်ပြရာ၌ ပါဠိမိဿက သင်္ချာ (ပေါင်း၍ယူရသော သင်္ချာ) အနေဖြင့် အနည်းဆုံးမှစ၍ စီကုံးထားပါသည်။ အားလုံးပေါင်းလျှင် လိုအပ်သော ဘုရားပေါင်း ပြည့်ပါသည်။ သီဟိုဠ် သမ္ဗုဒ္ဓေ ဂါထာမှာ 'စိန္တိတံ သတ္တ သင်္ချေယျံ'မှုအတိုင်း ခုနစ်အသင်္ချေ အတွင်း ပွင့်

 သော ဘုရားများ၊ ကိုးအသင်္ချေအတွင်း ပွင့်သော ဘုရားများနှင့် လေး

အသချေ် (ကမ္ဘာတစ်သိန်း) အတွင်း ပွင့်သော ဘုရားများကို တစ်သန့်စီ စီကုံးပြထားခြင်း ဖြစ်ပါသည်။ နောက်ဆုံး သရုပ်ပေါင်းလျှင်ကား အတူတူပင် ဖြစ်ပါသည်။

၂။ မြန်မာ သမ္ဗုဒ္ဓေဂါထာ (ပထမပိုဒ်)၏ လိုရင်းအနက် အဓိပ္ပာယ်မှာ "အဋ္ဌဝီသံ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ စ၊ မြတ်စွာဘုရားတို့ကို လည်းကောင်း။ ဒွါဒသဉ္စ သဟဿကေ၊ တစ်သောင်းနှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေစ၊ မြတ်စွာဘုရားတို့ကို လည်းကောင်း။ ပဉ္စသတသဟဿာနိ၊ ငါးသိန်း ကုန်သော။ သမ္ဗုဒ္ဓေစ၊ မြတ်စွာဘုရားတို့ကို လည်းကောင်း။ (ဤသို့ သုံးစု မှပေါင်း 'ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ'သော မြတ်စွာဘုရားတို့ကို)။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာဖြင့်။ နမာမိ၊ ရှိခိုးပါ၏ "ဟု ဆိုလိုပါသည်။

မေးသူနှစ်ဦးမှာ သဘောချင်း တူ၍ မေးခွန်းပါ စကားများကို ချုံး၍ ပူးတွဲ ဖြေဆိုလိုက်ပါသည်။

✍ ✍ ✍

## ၈၄။ သူရဿတီ တကယ်ရှိ မရှိ

**မေး။ ။ ပိဋကတ် သုံးပုံကို စောင့်ကြပ်သော သူရဿတီမယ်တော် အမှန်တကယ် ရှိမရှိနှင့် အကယ်၍ အမှန်တကယ် ရှိပါက သူရဿတီ ဂါထာ အစစ်ကို ကျမ်းကိုး အထောက်အထားနှင့် သိလိုပါသည် ဘုရား။**

**မောင်ရဲဝင်း**

**မ/ဉက္ကလာပမြို့နယ်**

ဖြေ။ ။ သူရဿတီ ဟူသည်မှာ အိန္ဒိယမြောက်ပိုင်း ပန်ဂျပ်ပြည်နယ် အတွင်းရှိ မြစ်တစ်ခု၏ နာမည်ဖြစ်သည်။ ထိုမြစ်ကို ရှေးဟိန္ဒူအာရိယန်များ အထွတ်အမြတ်ထားရာမှ မြစ်ကို နတ်တစ်ပါး အနေဖြင့် ကိုးကွယ်လာကြကြောင်း၊ (ဣတ္ထိလိင်သဒ္ဒါ) မြစ်နဒီမှ

နတ်သမီးဖြစ်လာကာ သူရဿတီမြစ်သည် သူရဿတီ နတ်သမီး ဖြစ်၍ လာကြောင်း၊ ကြာသော် ရိုးရိုးနတ်သမီး မဟုတ်တော့ဘဲ ဗြဟ္မာကြီး၏ ဇနီး၊ နတ်ဘုရားမတစ်ပါး ဖြစ်လာပြီး ဝါစာ– စကားကို အစိုးရသည်။ ကဗျာ လင်္ကာ စာပေ ပညာတို့ကို ပေးစွမ်းနိုင်သည်။ ဗေဒင်ကျမ်းတို့ကို စောင့်ရှောက်သည်။ အတတ်ပညာကို ပေးနိုင်သည်ဟု ယူဆလာကြလျက် ယင်းတို့အတွက်ဗြာဟ္မဏဝါဒီတို့က ပိုမို ကိုးကွယ်လာခဲ့ကြောင်းဖြင့် မှတ်သားရပါသည်။

ထို့ကြောင့် သူရဿတီမှာ ဗုဒ္ဓဘာသာနှင့် လုံးဝမသက်ဆိုင်၊ ဗြာဟ္မဏဝါဒီတို့ ဆိုင်ရာ နတ်သား ဖြစ်သည်။ ဗြာဟ္မဏတို့၏ တန္တရ–မန္တရတို့ကို လက်ခံသော မဟာယာန ဗုဒ္ဓဘာသာတို့ကလည်း သူရဿတီကို လက်ခံခဲ့သဖြင့် မြောက်ပိုင်း ဗုဒ္ဓဘာသာတွင် အတန်ကြာကပင် သူရဿတီ ကိုးကွယ်မှု ရှိလာခဲ့သည်။ နီပေါပြည်တွင် ယခုအထိ ဟိန္ဒူဘာသာဝင်များနှင့် အတူ မဟာယာန ဗုဒ္ဓဘာသာဝင်များလည်း သူရဿတီကိုးကွယ်မှု ပြုခဲ့ကြောင်း သိရသည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် ပိဋကတ် သုံးပုံစောင့် မယ်တော်ကြီးဟု ဖြစ်လာရသည်မှာ ဤသို့ ဖြစ်ပါသည်။ သက္ကတ အလင်္ကာကျမ်းကို အမှီပြု၍ သီဟိုဠ်ကျွန်း၊ အရှင်မဟာ သံဃရက္ခိတ မထေရ်သည် သုဗောဓာလင်္ကာရ (ပါဠိအလင်္ကာ) ကျမ်းကို စီရင်ရာတွင် သက္ကတအလင်္ကာကျမ်းက ဝါဏီ–ဗေဒင်သုံးပုံစောင့် သူရဿတီ နတ်သမီးကို ရှိခိုးပဏာမ ပြုသကဲ့သို့ “သရဏံပါဏိနံ ဝါဏီ မယှံ ပိဏာယတံ မနံ”ဟု ဘုရားစကားတော် ပိဋကတ်တော် တည်းဟူသော သူရဿတီနတ်သမီးသည် အကျွန်ုပ်၏ စိတ်နှလုံးကို နှစ်သိမ့်ပါစေ ဟု တင်စား သုံးလိုက်လေသည်။

ထိုစကားအမြွက်ဖြင့်ပင် သူရသတီသည် ထေရဝါဒ ဗုဒ္ဓဘာသာနယ်ပယ်သို့ ရောက်လာပြီးလျှင် ပိဋကတ်သုံးပုံကို စောင့်ကြပ်သော သူရသတီမယ်တော် ဟူ၍ ဖြစ်လာ ရတော့သည်။ အမှန်အားဖြင့် ပိဋကတ်သုံးပုံကို မည်သည့် နတ်သား၊ နတ်သမီး၊ နတ်ပြဟ္မာများမှ မစောင့်။ ပိဋကတ် အာဇာနည် ဗုဒ္ဓသားကျော် ရဟန်းတော် သံဃာတော်များသာ စောင့်ကြပ်နေပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် သူရသတီဂါထာတို့ကိုလည်း ရွတ်ဆိုနေရန် မလို။ သူရသတီဂါထာအစစ် ဟူ၍လည်း ဗုဒ္ဓစာပေ၌ မရှိ။ ဘုရား တရား သံဃာ ရတနာသုံးပါးမှ တစ်ပါး အခြား ကိုးကွယ်ရာ မရှိပါ။

✍ ✍ ✍

## ၈၅။ အဓမ္မရာဂ စသည်

**မေး။ ။ စာထဲ၌ ပါသော အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မတို့ကို အကျိုးအပြစ်နှင့် တကွ သိလိုပါသည်ဘုရား။ (မေးခွန်းမှာ ကျယ်ဝန်း၍ သိသာရုံမျှ ထည့်သွင်းထားပါသည်)။**

**မောင်သစ်ထွဏ်း**

**ကြည့်မြင်တိုင်မြို့နယ်။**

ဖြေ။ ။ ဒီဃနိကာယ် ပါထိကဝဂ္ဂပါဠိ၊ စက္ကဝတ္တိသုတ်တွင် အဓမ္မရာဂ–အမိ၊ အဒေါ်၊ အစ်မ၊ ဆရာ့ဇနီး စသည် မပြစ်မှားအပ်သူတို့၌ တပ်မက်ပြစ်မှားမှု။ ဝိသမလောဘ–လောက ထုံးတမ်းအားဖြင့် မှီဝဲသင့်သူတို့၌ အလွန်အကြူး တရားမဲ့ လိုက်စားမှီဝဲမှု။ မိစ္ဆာဓမ္မ–ယောကျ်ားချင်း မိန်းမချင်း တပ်မက် ဆက်ဆံမှုတို့ကို ဖော်ပြထားပါသည်။ ယင်းတို့မှာ ကာမေသု မိစ္ဆာစာရ ဖြစ်ရုံမက "အာယုနာပိ ပရိဟာယမာနံ ဝဏ္ဏေနပိ ပရိဟာယ မာနံ" စသည်ဖြင့် အသက်၊ အဆင်း စသည် ဆုတ်ယုတ်ခြင်း စသည့် ပစ္စုပ္ပန် အပြစ်များပါ ဖြစ်ကြောင်း ဟောကြားထားပါသည်။ ထို့ကြောင့် ထိုတရားသုံးမျိုး

မဖြစ်ပွားမိအောင် အတ္တသမ္မာပဏိဓိ မင်္ဂလာဖြင့် မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက် ထိန်းသိမ်းရန် အထူးလိုအပ်လှပေသည်။

✍ ✍ ✍

## ၈၆။ သိမ်မြေတွင်း၌ တန်ဆောင်း ဆောက်သင့် မဆောက်သင့်

**မေး။ ။ တပည့်တော်တို့ အရပ်၊ ရွှေမုဋ္ဌော မြတ်စွာဘုရား ပရိဝုဏ် အတွင်း၌ အတန်ကျယ်ဝန်းသော သိမ်နယ်မြေ ရှိပါသည်။ ယင်းသိမ်နယ်မြေ အတွင်းမှာလည်း စေတီနှစ်ဆူရှိကာ တစ်ဆူ၏ရှေ့တွင် သိမ်အဆောက်အအုံ ရှိ၍ တစ်ဆူ၏ ရှေ့တွင် ကျယ်ပန်းသော မြေကွက်လပ် ရှိပါသည်။ စေတနာရှင်တစ်ဦးက ယင်းမြေကွက်လပ်၌ ကဆွန်(တန်ဆောင်း) ဆောက်လိုနေပါသည်။ သိမ်နယ်နိမိတ် အတွင်း၌ ဆောက်သင့်၊ မသင့် ဖြေကြားပေးတော်မူပါဘုရား။**

**အရှင်သီလာစာရ (ရွှေဘို)**

ဖြေ။ ။ ဗဒ္ဓ (ကမ္မဝါစာဖြင့် ဖွဲ့အပ်သော) သိမ်သည် အငယ်ဆုံး သံဃာနှစ်ကျိပ် တစ်ပါး ဆံ့လောက်သည့် အရွယ်မှ အကြီးဆုံး သုံးယူဇနာအထိ ရှိနိုင်ပါသည်။ တစ်မြို့လုံးကိုပင် သိမ်အတွင်း၌ သွင်း၍ သမုတ်ထားကြကြောင်း သာသနာဝင်တွင် တွေ့ရှိနိုင်ပါသည်။ ထိုကဲ့သို့ ကြီးမားသော ဗဒ္ဓသိမ် နယ်မြေအတွင်း၌ ဘုရား၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်များသာမက လူနေအိမ်များပင် ရှိနေမည် ဖြစ်ပါသည်။ အရေးကြီးသည်မှာ သိမ်နယ်မြေ မည်မျှကျယ်ဝန်းသည် ဖြစ်စေ၊ သံဃာတော်များ ကံဆောင်ရာ၌ တစ်နေရာတည်း၌ ဟတ္ထပါသ် (နှစ်တောင့်ထွာ)အတွင်း ဝင်ရောက် စည်းဝေးရန်ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ရွှေမုဋ္ဌော ဘုရားမြေအတွင်းရှိ သိမ်နယ်မြေ၌ ကဆွန် (တန်ဆောင်း) ဆောက်လုပ်လိုပါက ဆောက်လုပ် နိုင်ပါသည်။ ကံဆောင်ရာ၌သာ ယင်းကဆွန်ဘက်မှာ သံဃာတော်များ ရှိမနေဘဲ

သိမ်အဆောက်အအုံဘက်သို့ အရောက်သိမ်းနိုင်ရန် လိုပါသည်။ သို့မဟုတ် ဆောက်လုပ်မည့် ကဆွန်သည်လည်း သိမ်မြေ အတွင်း၌ဖြစ်၍ ယင်း၌လည်း သံဃာ့ကံများ ဆောင်နိုင်ပါသည်။ ထိုအခါတွင် သိမ်အဆောက်အအုံဟောင်း၌ သံဃာများ ရှိမနေမူ၍ ကဆွန်ပေါ်၌ စုဝေးမိအောင် သတိပြုရမည် ဖြစ်ပါသည်။

✍ ✍ ✍

## ၈၇။ သရဏဂုံ ကန်တော့ပွဲနှင့် ဆံပင်ဖြန့်ခင်း ပူဇော်ခြင်း

**မေး။** ။ (၁) သရဏဂုံဟူသည် စိတ်နှင့် သက်ဆိုင်သည်ဟု ကြားဖူးပါသည်။ နှုတ်ဖြင့် ရွတ်ဆိုခံယူမှ ရပါသလား။ မရွတ်ဆိုဘဲ သရဏဂုံ ခံယူနိုင်ပါသလားဘုရား။ (၂) ဘာသာရေး အခမ်းအနားများ၌ ကန်တော့ပွဲများကို အဘယ့်ကြောင့် အုန်းငှက်ပျောတို့ဖြင့် ပြင်ရပါသနည်း။ အခြားအသီးအနှံကို အဘယ့်ကြောင့် မသုံးပါသနည်း။ အုန်းသီးတွင် ကြွက်မြီး မပါမနေရ၊ ငှက်ပျော သုံးဖီးနှင့် အမျိုးအစား စသည်များကို သိလိုပါသည်ဘုရား။ (၃) ရဟန်းတော်များ ကြွလာမည့်လမ်း၌ အမျိုးသမီးများ ဆံပင်ဖြန့်ခင်း၍ မကြိုဆိုအပ်ဟု ဆိုခြင်းမှာ အဘယ်ကြောင့်ပါနည်း။ ဖြေဆိုတော်မူ ပါဘုရား။

မောင်ထွေးလင်းထွန်း
အင်းစိန်မြို့။

**ဖြေ။** ။ (၁) မြတ်စွာဘုရားနှင့် တရားသံဃာတို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်မှုမှာ စိတ်နှင့် သက်ဆိုင်ပါသည်။ သို့သော် သရဏဂုံကို ခံယူဆောက်တည်ရာ၌မူ နှုတ်ဖြင့် ဆောက်တည်ရပါသည်။ 'သရဏဂုံအစ ဒွေဝါစိက' ဟု ဆိုသော တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့မှစ၍ မြတ်စွာဘုရား အထံ၌ နှုတ်မြွက် ဆောက်တည်ရပါသည်။ အင်္ဂုလိမာလ စသော လူကြမ်းကြီးတို့သည်'မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဘုရား'စသည်ဖြင့် နှုတ်မြွက်

ဝန်ခံခြင်းဖြင့် ဘုရားတပည့်သားအဖြစ် ဝင်ရောက်ခဲ့ပါသည်။ ဤသို့ နှုတ်မြွက်ဝန်ခံခြင်း မရှိခဲ့လျှင် စိတ်ထဲက ကြည်ညိုသော်လည်း ဘုရားတပည့်သားအဖြစ် အသိအမှတ်ပြုခြင်း ခံရမည် မဟုတ်ပါ။ ထို့ကြောင့် နှုတ်ဖြင့် ခံယူ၍ စိတ်ဖြင့် သက်ဝင်ယုံကြည်ရ ပါမည်။

(၂) ကန်တော့ပွဲများ၌ အုန်း၊ ငှက်ပျောများဖြင့် ပြင်ရသည်မှာ ၎င်းတို့မှာ ဌာနမရွေး၊ နေရာမရွေး၊ ရာသီမရွေး အလွယ်တကူ ရနိုင်၍ ဖြစ်ပါသည်။ အခြား အသီးအနှံတို့မှာ ဌာန၊ နေရာ၊ ရာသီ အလိုက်သာ ရနိုင်ပါသည်။ ၎င်းအသီးအနှံတို့ဖြင့်လည်း ကန်တော့ပွဲ ပြင်နိုင်ပါသည်။ သို့သော် ကန်တော့ပွဲ ဟူ၍ တစ်ညီတည်းဖြစ်ရန် အုန်း၊ ငှက်ပျောကိုသာ သုံးကြဟန် တူပါသည်။ ကွက်မြီး ပါရမည် ဆိုသည်မှာ နတ်ပွဲများတွင်သာ ချွတ်ယွင်းချက် မရှိအောင် ပြုကြပါသည်။ ယင်းနတ်ပွဲများ၌ ငှက်ပျောဖီးဆိုင် ထည့်ရပြီး ရတနာသုံးပါးဆိုင်ရာ၌ သုံးဖီးထည့်လေ့ ပြုပါသည်။ ရခိုင် ငှက်ပျောသီးကို အထည့်များခြင်းမှာ ၎င်းက ပို၍ ရလွယ်သဖြင့် ဖြစ်ဟန်တူပါသည်။

(၃) ရဟန်းတော်များမှာ အမျိုးသမီးတို့၏ ဆံပင်ကို ထိမိ၍ သာယာမိလျှင် ပါရာဇိကအောက် ဒုတိယ အကြီးဆုံးဖြစ်သော သံဃာဒိသိသ် အာပတ်သင့်ပါသည်။ ရဟန်းတော်များ ကြွလာရာ လမ်း၌ အမျိုးသမီးများ ဆံပင်ကို ဖြန့်ခင်းထားလျှင် ရဟန်းတော်များက မိမိခြေဖြင့် မထိမိအောင်၊ မနင်းမိအောင် ရှောင်ကွင်း၍ သွားကြ ပါသည်။ အထွတ်အမြတ် ထားသော ဆံပင်ကို ဖြန့်ခင်း လှူဒါန်းကြဲဆို သူအဖို့ ကုသိုလ်ဖြစ်သော်လည်း ရဟန်းတော်များ အာပတ်သင့်စရာ ဖြစ်၍ ဤသို့ မကြိုဆိုသင့်ဟု ဆိုခြင်း ဖြစ်ပါသည်။

✍ ✍ ✍

## ၈၈။ မန်ကျည်းစေ့ ကမ္မဝါစာ

**မေး။ ။ 'မန်ကျည်းစေ့ ကမ္မဝါအစ ဂငယ် သုံးခုက' ဟု ဆိုကြပါသည်။ ယင်း၏ အဓိပ္ပာယ်ကို ရှင်းပြ၍ မန်ကျည်းစေ့ ကမ္မဝါအစအကြောင်း ဖြေကြားပေးတော်မူပါ ဘုရား။**

**အရှင်ဇောတိက(ပဲနွယ်ကုန်း)**
**အောင်မင်္ဂလာတိုက်သစ်**
**အလုံ**

ဖြေ။ ။ ဂငယ်သုံးခုဟူသည် သက္ကရာဇ် ၈၈၈–ခုကို ဆိုလိုပါသည်။

ထိုအချိန်က မြန်မာနိုင်ငံ(အင်းဝ)တွင် သိုဟန်ဘွားမင်းလုပ်၍ ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးခဲ့ပါသည်။ စေတီပုထိုးများကို တူးဖြို ဖျက်ဆီး၍ ဌာပနာများကို ယူခြင်း၊ စစ်ကိုင်း၊ အင်းဝ ပတ်ဝန်းကျင်မှ သံဃာတော် ၃၆၀–ကျော်တို့အား ဆွမ်းစားပင့်ဆောင်၍ လိမ်လည်ကာ သတ်ဖြတ်ခြင်း၊ ဗုဒ္ဓပိဋကတ်တော်များကို မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်ခဲ့ဖူးပါသည်။ ထိုအခါ သံဃာတော်တို့က ကမ္မဝါစာ ပျောက်လျှင် သာသနာပျက်လိမ့်မည် ဆို၍ ကမ္မဝါစာများကို ဗုဒ္ဓပိဋကတ်စာပေအနေဖြင့် မဖျက်ဆီးနိုင်ရန် (၎င်းသိုဟန်ဘွားတို့ သုံးသောစာနှင့် တူယောင်ယောင်) မန်ကျည်းစေ့ ပုံသဏ္ဌာန်မျိုးဖြင့် ရေးသားထားကြောင်း ပြောဆိုကြပါသည်။ ထိုစကားအရပင် "မန်ကျည်းစေ့ ကမ္မဝါအစ ဂငယ်သုံးခုက" ဟု စကားဖြစ်လာဟန် တူပါသည်။ သို့သော် မမှန်ပါ။ ကမ္မဝါစာသည် သာသနာတော်သုံးစာဖြစ်၍ မြန်မာနိုင်ငံတော်ကို ဗုဒ္ဓသာသနာ စတင်ထွန်းလင်းစေသော ပုဂံခေတ်၊ အနော်ရထာ မင်းတရားလက်ထက် ရှင်အရဟံ ပုဂံပြည်သို့ သာသနာတော်ကို စတင်ပြုစုစဉ်ကပင် ရှိခဲ့ပါသည်။ ထိုစဉ်က မြန်မာအက္ခရာတို့မှာ အများအားဖြင့် လေးထောင့် ပုံသဏ္ဌာန်များ ဖြစ်ခဲ့ပါသည်။ ထိုခေတ်က ကျောက်စာ၊ မင်စာ၊ နံရံစာများကို လေးထောင့် ပုံသဏ္ဌာန်များဖြင့်

တွေ့နိုင်ပါသည်။ ကျောက်တွင် ထွင်းထားသော စာ၊ ဘုရားနံရံများ တွင် စုတ်တံဖြင့် ရေးသားထားသော စာများမှာ လေးထောင့်ပုံများ ဖြစ်၍ မန်ကျည်းစေ့နှင့် တူသဖြင့် မန်ကျည်းစေ့ အက္ခရာဟု ခေါ်ပါ သည်။ ဝတ်လဲသားရိုးပြားတွင် ဖြစ်စေ၊ ကြေးပြား၊ ဆင်စွယ်ပြားနှင့် ပေတို့တွင် ဖြစ်စေ စုတ်တံဖြင့် ရေးသော ကမ္မဝါစာ အက္ခရာမှာသစ် စေးစာလုံး ထူသဖြင့် ပိုမို၍ပင် မန်ကျည်းစေ့ပုံနှင့် တူပါသည်။ ရေး ပုဂံ ကျောက်စာ၊ မင်စာ၊ နံရံစာများနှင့် ယခုရှိနေသော မန်ကျည်းစေ့ ကမ္မဝါစာတို့ကို ယှဉ်ကြည့်က အခြေခံ တူညီလျက်နေကြောင်း တွေ့ ရပါလိမ့်မည်။ မြန်မာ အက္ခရာများမှာ အင်းဝခေတ် နှောက်ပိုင်းနှင့် ကုန်းဘောင်ခေတ်တို့တွင် စာလုံးဝိုင်းများ ခေတ်စားလာသော်လည်း ရေးဟောင်းကို မြတ်နိုးတော်မူကြသော ဆရာတော် သံဃာတော်များက ကျောက်စာ၊ မင်စာ၊ နံရံစာခေတ်က စာလုံးပုံအတိုင်း ဝတ်လဲကမ္မဝါ စာ၊ ကြေး၊ ဆင်စွယ်ကမ္မဝါစာတို့ကို စွဲမြဲစွာ အသုံးပြုတော် မူခဲ့ခြင်း ဖြင့် ဤခေတ်တွင် မန်ကျည်းစေ့ ကမ္မဝါစာများ ထင်ရှား၍ နေခြင်း ဖြစ်ကြောင်း မှတ်သားကော် မူစေချင်ပါသည်။

✍ ✍ ✍

## ၈၉။ သရဏဂုံ ကိစ္စ

**မေး။ ။ သရဏဂုံ ဆောက်တည်ရာ၌ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ တစ်ကြိမ်တည်းသာ ရွတ်ဆို၍ ရသည်ဟု ယုံကြည်ပါသည်။ ဤအမြင် မှန်ပါသလား ဘုရား။**

**ဦးသက်ဝေ (ပေါက်ခေါင်း)**

ဖြေ။ ။ ပဌမဆုံး သရဏဂုံ ပေါ်စဖြစ်သော တပုဿ၊ ဘလ္လိကတို့ ဆောက်တည်သည့် ဒွေဝါစိက သရဏဂုံတွင် " ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ"ဟု လာရှိသည်။ ထိုအတူ ရှင်ယသ မယ်တော် စသည်တို့ သရဏဂုံသုံးပါး ခံယူဆောက်တည်

ရာ၌လည်း "သောဟံ ဘဂ္ဂဝန္တံ သရဏံ ဂစ္ဆာမိ မမ္မဥ္စ သံဃဥ္စ' ဟူ၍ တစ်ကြိမ်စီသာ ဆိုကြပါသည်။ သို့သော် သာသနာတော် အခြေကျ၍ သရဏဂုံဖြင့် ရဟန်းခံခြင်း၊ ရှင်ပြုခြင်း၊ လူပုဂ္ဂိုလ်တို့ ဆောက်တည်ခြင်းတို့၌ 'ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' ဟူ၍ ပါဠိအနေအထားကို ပြောင်းလဲ ပေးထားပြီး ပိုမိုလေးစား၍ အားထား ရိုကျိုးမှု ဖြစ်စေရန် ဒုတိယမ္ပိ၊ တတိယမ္ပိ ထည့်၍ ၃-ကြိမ် ဆိုစေတော်မူပါသည်။ ယင်းအစဉ်အလာ အတိုင်း ပင် ဗုဒ္ဓဘာသာ ထုံးစံတစ်ခုဖြစ်လာကာ သုံးကြိမ် သီလတောင်းခြင်း၊ နမောတဿ သုံးကြိမ်ဆို၍ ဘုရားရှိခိုးခြင်း စသည်တို့ ဖြစ်လာရပါသည်။ ထို့ကြောင့် သရဏဂုံကို သုံးကြိမ်ဆို၍ ဆောက်တည်ခြင်းသာ မှန်ကန်သော အစဉ်အလာ ဖြစ်ပါသည်။

✍ ✍ ✍

## ၉၀။ ပရိမိတ္တဇာလသုတ်

**မေး။ ။ ပရိမိတ္တဇာလသုတ်၏ ဆိုလိုရင်းကို သိလိုပါသည်။ ဥပမာ- မင်္ဂလသုတ်တွင် မင်္ဂလာတရား ၃၈-ပါးသည် လည်းကောင်း၊ မေတ္တသုတ်တွင် သစ္စာလေးပါး တရားသည် လည်းကောင်း ဆိုလိုရင်း ဖြစ်ပါသည်။ ပရိမိတ္တဇာလသုတ်၏ ဆိုလိုရင်းကို ရှင်းရှင်းလင်းလင်း မသိရပါ၍ ရှင်းလင်း ပေးတော်မူပါဘုရား။**

**မြင့်ဆွေ၊ ကမာဝက်၊ မွန်ပြည်နယ်။**

ဖြေ။ ။ ပရိမိတ္တဇာလသုတ်တွင် နတ်ဘီလူး ၁၈-ဦး၏ အမည်တို့ကို ဖော်ပြ၍ ယင်းတို့က သတ္တဝါတို့အား နှိပ်စက်ညှဉ်းဆဲပုံ၊ မြတ်စွာဘုရားနှင့် အရှင်မဟာမောဂ္ဂလာန် တို့ကိုသာ ကြောက်လန့်ပုံ၊ ရတနာသုံးပါးအား ရှိခိုး၍ စောင့်ရှောက်ပါရန် တောင်းပန်ပုံနှင့် ရတနာသုံးပါး၏ တန်ခိုးကြောင့် ဘေးရန်များ ကင်းပျောက်ပါစေဟု ဆိုထားပုံကို ဆိုလိုရင်း အနေဖြင့် တွေ့ရပါသည်။

ဤသုတ်မှာ မည်သည့် ပါဠိတော်တွင်မျှ မပါရှိပါ။ သံဂါယနာ အဆင့်ဆင့်တွင်လည်း မပါဝင်ပါ။ ဘုရားဟော မဟုတ်သည့်ပြင် ပါဠိ အနေအထား အသွားအလာလည်း မကောင်း။ အနက်ပေးရာတွင်လည်း ပါဠိသေသ (ပါဠိပို) များထည့်၍ ကြဲကြဲဖန်ဖန် အနက်ပေး အဓိပ္ပါယ် ဖော်ထားရပါသည်။ နောက်ဆရာတို့ စီစဉ်ခဲ့ပုံရပါသည်။ သို့သော် ဘုရားဟော မဟုတ်သော်လည်း သမ္ဗုဒ္ဓေရွတ်၍ အန္တရာယ်ကင်းခြင်း၊ ရှင်သီဝလိ ဆယ်ဂါထာ ရွတ်၍ လာဘ်ပေါများခြင်း စသည်တို့ကဲ့သို့ ပရိမိတ္တဇာလသုတ် ရွတ်ဆို၍ ဘေးဥပဒ်များ ပျောက်ငြိမ်းခြင်းတို့လည်း ရှိပါသည်။ ဘုရားဟော မဟုတ်သည့်တိုင်အောင် ရတနာသုံးပါးဂုဏ်ကို ယုံကြည်မှု ရှေ့ထား၍ ရွတ်ပွား သရဇ္ဈာယ်ခြင်းဖြင့် အကျိုးမယုတ်နိုင်ပါ။

## ၉၁။ အသက်၊ သိက္ခာ၊ ဝါကြီး သူတို့အား ရှိခိုးခြင်း

**မေး။ ။ မိမိထက် အသက်၊ သိက္ခာ၊ ဂုဏ်ဝါကြီးသူတို့အား ရှိခိုးခြင်းကြောင့် ရအပ်သည့် အကျိုးတရားများကို သိလိုပါသည်ဘုရား။**

**မောင်ဉာဏ်လင်း (သုံးဆယ်)**

ဖြေ။ ။ 'အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာ ပစာယိနော။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ'ဟု ဓမ္မပဒတွင် ဘုရားဟောတော် မူသည့်အတိုင်း မိမိထက် အသက်၊ သိက္ခာ၊ ဂုဏ်၊ ဝါကြီးသူတို့အား ရှိခိုးခြင်းကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိခြင်း၊ ကိုယ်အားဉာဏ်အား ကြီးမားခြင်း၊ အကျိုးတရား လေးမျိုးကို မျက်မှောက်ဘဝတွင်ပင် ရရှိနိုင်ပါသည်။

# ၉၂။ တစ္ဆေခြောက်ခြင်း

မေး။ ။ (၁) စာရေးတံ ယူသော အရာ၌ တေဒဂ်ရ ရဟန္တာ၏ ဘွဲ့မည်တော် အမှန်ကို သိလိုပါသည်။ ကုဏ္ဍာဓာန ဟူ၍ လည်းကောင်း၊ ကောဋ္ဌဓာနဟူ၍ လည်းကောင်း နှစ်မျိုး တွေ့နေရပါသည် ဘုရား။

(၂) တစ္ဆေခြောက်သည်၊ တစ္ဆေခြောက်ခံရသည် ဆိုသော အကြောင်းခြင်းရာကို ရှင်းပြတော်မူပါဘုရား။

မျိုးမမ၊ ရန်ကုန်။

ဖြေ။ ။ (၁) စာရေးတံ ယူသောအရာ၌ တေဒဂ်ရ (ပထမ သလာကဂါဟက ဘွဲ့ထူးရ) ရဟန္တာ၏ ဘွဲ့အမည်မှာ အရှင်ကုဏ္ဍာဓာန ဖြစ်ပါသည်။ ကောဋ္ဌဓာန ဟူသည်မှာ ပုံနှိပ်မှု၏ အမှား ဖြစ်စရာ ရှိပါ၏။

(၂)ဝိနိပါတပေတ (ပြိတ္တာ)များမှာ အလွန် ဆိုးဝါးသော အဆင်း ရှိသည်။ ယင်းတို့၏ အတ္တဘောကို တန်ခိုးဖြင့် လည်းကောင်း၊ ဆေးမြစ် စသည်တို့ဖြင့် လည်းကောင်း ကွယ်၍ ထားကြရသည်။ တစ်ခါတစ်ရံ မိမိ၏ ဘဝဟောင်းက ဆွေမျိုး မိတ်ဆွေများကို တွေ့လျှင် ဝတ်မွတ်လှသဖြင့် အစားအစာတောင်းလို၍ (သို့မဟုတ်) ကုသိုလ်ပြုလုပ်ပြီး အမျှဝေစေလို၍ ကိုယ်ကိုဖော်ပြ မိတတ်ကြသည်။ ထိုအခါ ဆိုးဝါးသော အတ္တဘောကို တွေ့ရ၍ ခြောက်လှန့်သည်ဟု ထင်ရသည်။ (ပါဠိလိုတဇ္ဇေ-ခြောက်လှန့် ဖြစ်၍ တဇ္ဇေ-တစ္ဆေဟု ခေါ်ဝေါ်ကြရာမှ တစ္ဆေဟူသော ဝေါဟာရ ဖြစ်လာရသည်ဟု ဆိုသည်။) သူတို့ကိုယ်တိုင်က ခြောက်ခြင်း၊ လှန့်ခြင်းလည်း အနည်းအပါး ရှိကောင်းရှိမည်။ သို့သော် အများအားဖြင့် ဤသို့ အကူအညီ တောင်းခြင်းမျိုးသာ ဖြစ်ရာ ခြောက်လှန့်သည်ဟု ဆိုကြသည်မှာ အလွန်သနားစရာပင် ကောင်းပေသည်။ ထိုအခါမျိုးတွင် အခြောက်ခံရသူများက ကြောက်လန့် ထွက်ပြေးခြင်းမျိုး မလုပ်ဘဲ ကုသိုလ်

ကောင်းမှုကို အမျှဝေကြရန်၊ သို့မဟုတ် ကုသိုလ်တစ်ခုခု ပြုပေးကြရန်သာ သင့်ပေသည်။

✍ ✍ ✍

## ၉၃။ ငါးပါးသီလနှင့် နေ့လွဲညစာ စသည်

**မေး။ ။ (၁) ငါးပါးသီလ အကျိုးအပြစ်ကို သိလိုပါသည်ဘုရား။**

**(၂) ဝိကာလ ဘောဇနာ စသော သိက္ခာပုဒ် ၃-ခု ကျိုးပျက်သော ဥပုသ်သည်၏ အပြစ်တို့ကိုလည်း သိလိုပါသည်ဘုရား။**

**ဦးချစ်မောင်၊ ယင်းမာပင်**

**သာစည်မြို့နယ်။**

ဖြေ။ ။ (၁)ငါးပါးသီလကို စောင့်ထိန်းခြင်းကြောင့် အပါယ်ဘေးကင်း၍ သုဂတိလမ်းကြောင်းပွင့်ကာ နိဗ္ဗာန်အထိ အကျိုးရပါသည်။ ငါးပါးသီလ ပျက်စီးက ငါးပါးသီလ စောင့်ထိန်းသူ၏ အကျိုးရရှိမှုနှင့် ဆန့်ကျင်ဘက် အပြစ် ရှိပါသည်ဟု အကျဉ်းချုံး ဖြေကြားအပ်ပါသည်။

(၂) သီလသည် ဝါရိတ္တသီလ၊ စာရိတ္တသီလဟု နှစ်မျိုး ရှိသည်။ ငါးပါးသီလသည် ဝါရိတ္တသီလ၊ မစောင့်မနေရ အမြဲနိစ္စ စောင့်ရှောက်ရသော သီလမျိုးဖြစ်သည်။ ပျက်လျှင် အပါယ်ငရဲ ကျရောက်နိုင်သည်။ အဗြဟ္မစရိယ၊ ဝိကာလဘောဇနေ၊ နစ္စဂီတနှင့် ဥစ္စာသယနသိက္ခာပုဒ်တို့သည် စာရိတ္တသီလ၊စောင့်နိုင်လျှင် ကုသိုလ်အထူးရရှိသည်။ ပျက်လျှင် အပါယ်ကျခြင်း စသော အပြစ်ကား မရှိပေ။ သို့သော် အပါယ်ငရဲ၌ ကျရောက်ခြင်း ဖြစ်ပွားရခြင်း ဟူသော ပဋိသန္ဓေကျိုး မရှိဟု ဆိုသော်လည်း ဥပေါသထ သီလအဖြစ်ဖြင့် ခံယူဆောက်တည်ထားသဖြင့် ပဝတ္တိကျိုး အနေဖြင့်ကား မကောင်းကျိုး များ ဖြစ်နိုင်သေးသည်ဟု ဆိုပါသည်။ ထို့ကြောင့် ဥပုသ်သည် ညစာ စားခြင်းကြောင့် အပြစ်မရှိဟု မှတ်ယူကာ သိက္ခာပုဒ်များကို ပျက်စီး

စေရန် မသင့်။ "ဥပေါသထ၊ မြတ်သီလကို၊ တစ်ရက်တစ်နေ့၊ ကျင့်သုံးလေ့က၊ မရွေ့အာသဝေါ၊ ကြွေကျလျော့သည်၊ သမ္မောဓိဉာဉ်၊ ရောက်အောင်ယှဉ်"ကြောင်း ဘုရားဟော ရှိပါသည်။ ဥပုသ်သီလမှသည် နိဗ္ဗာန်သို့ အမြန်ကူးရောက်နိုင်ကြောင်း သတိရိုကာ ကောင်းစွာဆောက်တည် စောင့်ရှောက်ကြပါရန် ဖြေကြားလိုက်ပါသည်။

✍ ✍ ✍

## ၉၄။ ရှင်ရာဟုလာ

**မေး။ ။ မြတ်စွာဘုရား၏ သားတော် ရှင်ရာဟုလာသည် မယ်တော်က ဘုရားထံ အမွေတောင်းခိုင်း၍ အမွေတောင်းရာ သာသနာ့အမွေကို ပေးလိုက်သည်ဟု သိရပါသည်။ နောက် ရဟန်းဖြစ်ပါသလား ဘုရား။**

**ဦးကေသရ၊ တောရကျောင်း**

**ထုံးအိုင်။**

ဖြေ။ ။ ရှင်ရာဟုလာသည် ရဟန်းဖြစ်ရုံမျှမက ရဟန္တာ အဖြစ်သို့ ရောက်ခဲ့ပါသည်။ သက်တော်လေးဆယ် မပြည့်မီ အရွယ်တော် ငယ်ငယ်ဖြင့်ပင် တာဝတိံသာနတ်ပြည်၌ပရိနိဗ္ဗာန် ပြုတော်မူသွားကြောင်း သိရပါသည်။

✍ ✍ ✍

## ၉၅။ ဓိနံ့ဝန္ဒထ ဂါထာတော်

**မေး။ ။ ဓိနံ့ ဝန္ဒထ ဂေါတမံ၊ ဓိနံ့ ဝန္ဒာမ ဂေါတမံ။**

**ဝိစ္စာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။**

**၎င်းဂါထာကို အနက်ပြန်ပေးတော်မူ၍ အဘယ်မှလာသော ဂါထာဖြစ်ပြီး ရွတ်ဆိုပါက အဘယ်အကျိုးကို ခံစားရကြောင်း ညွှန်ကြားတော်မူပါဘုရား။**

**မောင်ချစ်ဝေ(ကောလင်း)**

ဖြေ။ ။ 'ဓိနံ့၊ မာရ်ငါးပါးကို အောင်မြင်တော်မူသော။ ဂေါတမံ၊ ဂေါတမ မည်ကြသော မြတ်စွာဘုရားကို။ (တုမှေ၊ သင်တို့သည်။)

ဝန္ဒထ၊ ရှိခိုးကြပါကုန်လော့။ ဓိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူသော။ ဂေါတမံ၊ ဂေါတမ မည်ကြား မြတ်စွာဘုရားကို။ (မယံ–ငါတို့သည်။) ဝန္ဒာမ၊ ရှိခိုးကြပါကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး စရဏတရား တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော။ ဂေါတမံ၊ ဂေါတမ ဟူသော အမည်တော် ရှိတော်မူသည့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ (မယံ၊ ငါတို့သည်။) ဝန္ဒာမ၊ ရှိခိုးပါကုန်၏။'

ဤင်္ဂါထာမှာ ဝေဿဝဏ် နတ်မင်းကြီးက မြတ်စွာဘုရားအား တောနေတပည့်များ ရွတ်ဆိုကြရန် လျှောက်ထားပေးအပ်ခဲ့သည့် မဟာအာဋာနာဋိယသုတ်လာ ဂါထာတော် ဖြစ်သည်။ ရွတ်ဆိုလျှင် နတ်ဆိုး နတ်ဝါးများ မနှိပ်စက်နိုင်ဘဲ နတ်ကောင်း နတ်မြတ်များ၏ မ စ စောင့်ရှောက်မှု အကျိုးကို ခံစားရပါသည်။

✍ ✍ ✍

## ၉၆။ မိကျောင်း လျှာမရှိ

**မေး။ ။ ကာမဘုံသားမှန်လျှင် ဝတ္ထုရုပ် ခြောက်ပါးလုံး ရကောင်းပါလျက် ကာမဘုံသား ဖြစ်သော မိကျောင်း၌ လျှာမရှိ ဟူသော စကားကို ရှင်းလင်းစွာ သိလိုပါသည်ဘုရား။**

**ရှင်ဣန္ဒာသဘ္ဘ၊ မဟာဂန္ဓာရုံတိုက်၊ ပလိပ်မြို့။**

ဖြေ။ ။ ယင်းပြဿနာကို ဖြေရာ၌ ထင်ရှားလှသော 'ကျမ်းထွက်လျှာစုံ၊ ကာမဘုံ၊ ငါးတုံဘယ့်ကြောင့် ချို့သနည်း'ဟူသော စွယ်စုံကျော်ထင် ပုစ္ဆာအဖြေကို အောက်တွင် ဖော်ပြလိုက်ပါသည်။ 'အရသာကို ခံစားတတ်သော ဇိဝှာဝိညာဉ် ရှိသော ကာမဘုံသား သတ္တဝါမျိုးဖြစ်လျှင် ဇိဝှာပသာဒ ဇိဝှာရုပ် အစုံတို့သည် ငါး(မိကျောင်း)တို့၌ အဘယ်ကြောင့် ချို့လေသနည်း (ဟူမူ) စက္ခု၏ ချို့ခြင်း၊ သောတ၏ချို့ခြင်း၊ ဃာန၏ချို့ခြင်း၊ ဇိဝှာ၏ချို့ခြင်းတို့သည် ရှေးမိမိပြုသော မကောင်းမှုကံကြောင့် ဖြစ်သည်ဟု သုတ် အဘိဓမ္မာ

အဋ္ဌကထာတို့၌ လာသောကြောင့် ငါး၊ မိကျောင်း သတ္တဝါတို့၌ ဇိဝှာ၏ ချို့ခြင်းသည်လည်း ရှေးက ဇိဝှာမရထိုက်အောင် ပြုခဲ့ဖူးသော မကောင်းမှုကံကြောင့် ဖြစ်သည်ဟု မှတ်အပ်၏။ မကောင်းမှုကံကြောင့် ချို့လျှင် တစ်ဦးနှစ်ဦးသော သတ္တဝါ၌ သော်လည်းကောင်း၊ အချို့ အချို့သော သတ္တဝါတို့၌ သော်လည်းကောင်း ချို့ရာ၏။ အလုံးစုံသော ငါး၊ မိကျောင်းတို့ မချို့သင့်တကား ဟူငြားအံ့။ အကြောင်း ဖြစ်သော ဒုစရိုက်ပင် မတူ ငြားသော်လည်း အကျိုးခံတူ ထိုက်သော ဂတိဖြစ်၍ အလုံးစုံ ချို့သင့်၏ဟူပေ။

မကောင်းမှု အကုသိုလ်ကံကို ပြုမှု ဒုစရိုက်ချင်း မတူငြား သော်လည်း ပြိတ္တာဘုံ (ပေတဂတိ)သို့ ရောက်ကြရလျှင် အမြဲနိစ္စ ဆာလောင် ငတ်မွတ်ရမှုချင်း တူရသကဲ့သို့ မှတ်သားသင့်ပါသည်။

✍ ✍ ✍

## ၉၇။ မနုဿသီဟရုပ်တု

**မေး။ ။ စေတီပုထိုးများရှေ့တွင် ခြင်္သေ့ရုပ် တွေ့ရသကဲ့သို့ အချို့နေရာ များတွင် မနုဿသီဟ ရုပ်တုကြီးများ တွေ့ရပါသည်။ ဘာကို ရည် ရွယ်ပါသလဲ။ ဤကဲ့သို့ သတ္တဝါများ မည်သည့် ရာစုနှစ်က ပေါ်ပေါက်ခဲ့ဖူး ပါသလဲ။ သိလိုပါသည်ဘုရား။**

မတင်ရီ (ချောင်းဦးမြို့)

ဖြေ။ ။ သာသနာနှစ် ၂၃၅–ခုနှစ် (ဘီစီ–၃ရာစုအတွင်း) သုဝဏ္ဏ ဘူမိ (မြန်မာနိုင်ငံအောက်ပိုင်း၊သထုံပြည်)သို့ ရှင်သောဏ၊ ရှင်ဥတ္တရတို့ သာသနာပြုရောက်စဉ် သုဝဏ္ဏဘူမိ ဘုရင့်နန်းတော်၌ သားတော်တစ်ပါး ဖွားမြင်ရာ ရက္ခိုသ်(ရေဘီလူး)များ လာရောက် အန္တရာယ်ပြုသဖြင့် ရှင်သောဏ၊ ရှင်ဥတ္တရ ရဟန္တာအရှင်မြတ်တို့က ထိုရက္ခိုသ်တို့ထက် နှစ်ဆကြီး၍ ခေါင်းတစ်လုံး ကိုယ်နှစ်ခု (ဘီလူး ခေါင်းနှင့် ခြင်္သေ့ကိုယ်)ရှိသောသတ္တဝါပုံသဏ္ဌာန်ဖန်ဆင်း၍ပြကြောင်း၊

ထိုအခါ ရက္ခိုသ်များ ပင်လယ်တွင်းသို့ ဆင်း၍ ထွက်ပြေးသွားကြကြောင်း၊ ထိုမှ နောက်၌ ယင်းရက္ခိုသ်များ ဘေးမှ ကင်းဝေးရန် သုဝဏ္ဏဘူမိ တောင်ထိပ်တွင် မနုဿီဟရုပ် ပြုလုပ်ထားကြောင်း သာသနာ လင်္ကာရ စာတမ်းကျမ်းတွင် ပါရှိသည်။ ထိုအချိန်မှ စ၍ အန္တရာယ်ကင်းရန် ဤမနုဿီဟ ရုပ်တုများကို ခြင်္သေ့ရုပ်တုများ ပမာ အချို့သော ဘုရားစေတီများ၌ ထုလုပ်ထား ရှိခဲ့ပါသည်။ ဤပုံမျိုး သတ္တဝါမရှိ။ ရဟန္တာများ ဖန်ဆင်းပြသသော ပုံများသာ ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။ (စာတွင် ဘီလူးခေါင်းဟု ဆိုသော်လည်း ဤခေတ်တွင် နတ်ခေါင်းပုံလုပ်၍ ရှေ့ပိုင်းလူ၊ နောက်ပိုင်း ခြင်္သေ့ဟု သမုတ်ကာ မနုဿီဟ–မနုဿီဟဟု ခေါ်ကြလေသည်။)

✍ ✍ ✍

## ၉၈။ ငရဲနှင့်ဝဋ်

**မေး။ ။ "ငရဲမှာအပ ဝဋ်မှာအမြဲ"ဟူသော ဆိုရိုးစကား ရှိပါသည်။ မည်သည့် အတွက်ကြောင့် ငရဲမှာ ကုသိုလ်ဖြင့် ဆေးကြောလို့ရပြီး ဝဋ်ကျတော့ မရပါသလဲ။ ရှင်းလင်း မိန့်ကြားပေးပါဘုရား။**

**မနိုင်နိုင်မော်–ပုလောမြို့။**

ဖြေ။ ။ ငရဲဟူသည်မှာ အကုသိုလ်၏ ပဋိသန္ဓေအကျိုး ဖြစ်၍ ဝဋ်ဟူသည်မှာ အကုသိုလ်၏ ပဝတ္တိအကျိုး ဖြစ်ပါသည်။ ကုသိုလ် ကောင်းမှုများကို စဉ်ဆက်မပြတ် ပြုလုပ်ခြင်းဖြင့် ကုသိုလ် ကောင်းမှုများက သုဂတိဘဝများ၌ ပဋိသန္ဓေ အကျိုးများ ဆက်ကာ ဆက်ကာ ပေးသွားလျှင် ငရဲပဋိသန္ဓေများ ကြားမဝင်နိုင်ပါ။ ဘဝ တစ်ခုခု၌ မဂ်တရား ဖိုလ်တရားများကို ရရှိသွားလျှင် ငရဲဟူသော ပဋိသန္ဓေကျိုးမှာ အဟောသိကံ ဖြစ်သွားရသည်။ ဝဋ်ဟူသည်မှာ ပဋိသန္ဓေကျိုး မဟုတ်ပါ။ သုဂတိဘဝ၌ပင် ကုသိုလ်ကျိုးများ အကြား၌ အခြားအကုသိုလ်ကံ တစ်ခုခု၏ ဥပတ္ထမ္ဘက ထောက်ပံ့မှုကို

ရလျှင် ကုသိုလ် အကျိုးပေးတို့ကွာဟ လစ်ဟင်းနေရာ၌ အန္တရာယ် အနေဖြင့် ဝင်ရောက်၍ အကျိုးပေးနိုင်ပါသည်။

✍ ✍ ✍

## ၉၉။ ဈာန် အဘိညာဉ်

**မေး။ ။ ဈာန်နှင့် အဘိညာဉ်တို့၏ အဓိပ္ပာယ်ကို ခွဲခြား သိလိုပါသည်။ ဘုရားလောင်း သိဒ္ဓတ္ထ တောထွက်ပြီး ပဌမဈာန်မှ အဋ္ဌမဈာန် အထိ ဈာန်ရှစ်ဆင့် ရရှိအောင် အဆင့်ဆင့် ကျင့်ကြံအားထုတ်ပုံကို အကျဉ်း ချုံး၍ ရှင်းပြပေးတော်မူပါဘုရား။**

**မောင်သန်းနိုင် (မြန်မာစာအဓိက)**

**မေတ္တာဝီလမ်း၊ မြောက်ဥက္ကလာပ။**

ဖြေ။ ။ ကာမစ္ဆန္ဒ စသော နီဝရဏတရားတို့ကို လောင်မြိုက်တတ်သော တရားကို ဈာန်ဟု ခေါ်သည်။ စတုက္ကနည်းအားဖြင့် ရူပဈာန်လေးပါး၊ အရူပဈာန်လေးပါး၊ ယင်း၈-ပါးကို သမာပတ် ၈-ပါးဟု ခေါ်သည်။ အဋ္ဌမဈာန်ဟု အသုံးမရှိပါ။ ရူပါဝစရ ကုသိုလ်ကြီးယာ ပဉ္စမဈာန်ကို အထူးသိတတ်သော သဘောတရားများ ဖြစ်၍ အဘိညာဉ်ဟုခေါ်သည်။ အဘိညာဉ်မှာဣဒ္ဓိဝိဓ စသည်ဖြင့် ငါးပါးရှိပါသည်။ ဈာန်၈-ဆင့် ရရှိရန် အဆင့်ဆင့်အားထုတ်ပုံမှာ- ပထဝီစသော ကသိုဏ်းဝန်းကို ရှု၍ ရူပ ပထမဈာန် စသည်ဖြင့် ရူပ ဈာန်၅-ဆင့်၊ထို့နောက် ကောင်းကင်ပညတ် စသည် အာရုံဖြင့် အရူပဈာန်၄-ဆင့်ကို ဆက်လက် အားထုတ်ရပါသည်။ အားထုတ် ရပုံကို ဖော်ပြရလျှင် အလွန်ကျယ်ဝန်း လှပါသည်။ အဘိဓမ္မတ္ထသင်္ဂဟ၊ စိတ်ပိုင်းလာ ရူပ-အရူပ အပိုင်းအခန်းကို လေ့လာဖို့ လိုအပ်ပါသည်။

✍ ✍ ✍

## ၁၀၀။ အရှင်မောဂ္ဂလိပုတ္တနှင့် အရှင်နာဂသိန်

မေး။ ။ တတိယ သံဂါယနာ ဦးဆောင် အရှင်မောဂ္ဂလိ ပုတ္တတိဿနှင့် မိလိန္ဒ မင်းကြီးအမေးကို ဖြေတော်မူသည့် အရှင်နာဂသိန်တို့၏ အကြောင်းအရာမှာ ဆင်တူယိုးမှား ဖြစ်နေပါ၍ ရှင်းလင်းဖြေကြား ပေးတော်မူပါဘုရား။

မောင်ခင်ဦး

ကြို့ချောင်းရွာ၊ ဥက္ကံနယ်။

ဖြေ။ ။ အရှင်မောဂ္ဂလိပုတ္တတိဿ၊ အရှင်နာဂသေနတို့သာ မက အဋ္ဌ ကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသတို့ပါ လူ့ဘဝသို့ရောက်လာရသော အတ္ထုပ္ပတ္တိ အကြောင်းမှာ တူညီသလို ဖြစ်နေကြပါသည်။ ဤသည်မှာလည်း သဘာဝမလွန်ပါ။ ရဟန္တာ အရှင်မြတ်ကြီးများသည် အနာဂတ် သာသနာတော်ကြီး မည်သည့် ဘေးရန်များ ထိပါးမည်နည်း။ မည်သို့သော အခက်အခဲများ ပေါ်ပေါက်မည်နည်း စသည်ဖြင့် အနာဂတံသ ဉာဏ်ဖြင့် ကြည့်ရှုတော်မူကြသည်။ ယင်းသို့ ရှုတော်မူရာမှ ဤမည်သော အချိန်အခါ၌ ဤမည်သော အန္တရာယ်များ၊ အခက်အခဲများ တွေ့ကြုံရလိမ့်ဟု မြင်တော်မူလျှင် ဤအန္တရာယ် အခက်အခဲတို့ကို မည်သူဖယ်ရှား သုတ်သင်နိုင်မည်နည်းဟု ကြည့်တော်မူသည်။ ထိုအချိန်၌ ပညာရှိ ရဟန္တာ အလောင်းများမှာ နတ်ပြည်၌သာ ရှိနေကြကြောင်း မြင်တော်မူသည်နှင့် ထိုအချိန်အခါ၌ လူ့ပြည်၌ ဖြစ်ရန်၊ ဖြစ်လျှင် စောင့်ရှောက်၍ ပညာသင်ရန် တာဝန်အသီးသီး ယူစေပြီးမှ စိတ်ချလက်ချ ပရိနိဗ္ဗာန်ပြုတော်မူကြသည်။ ဆိုင်ရာဆိုင်ရာ အချိန်အခါတို့၌ ပညာရှင် နတ်သားတို့က နတ်ပြည်မှ စုတေ၍ လူ့ပြည်၌ ဖြစ်ခြင်း၊ စောင့်ရှောက်ပညာသင်ပေးရမည့် ရဟန်းသံဃာတော်တို့က သာသနာတွင်း ရောက်အောင် ဆွဲဆောင်၍ ပညာသင်ပေးရခြင်း စသည်တို့မှာ ပြုမူပြောဆို

ပုံမှ စ၍ တူညီနေကြပါသည်။ တူညီနေ၍ မဟုတ်နိုင်ပါဘူးဟု ပြောဆိုရန် မသင့်။ 'ဤသို့ဖြစ်လျှင် ဤနည်းဖြင့် သာသနာတော်ကို သုတ်သင်ကြရပါကလား'ဟု ရှေးရှေးသာသနာတော်စောင့် ရဟန္တာ အရှင်မြတ်ကြီးများအား အကြည်ညိုပွားကြရန်ပင် ဖြစ်ပါသည်။

✍ ✍ ✍

## ၁၀၁။ သီလအကြောင်း

**မေး။ ။ ဥပုသ်စောင့်လိုသူများသည် ရဟန်းတစ်ပါးပါးထံမှဖြစ်စေ၊ ရုပ်ပွားတော် စေတီတော်များရှေ့၌ ဖြစ်စေ ခံယူဆောက်တည်နိုင်ကြောင်း သိရပါသည်။ သို့တည်းမဟုတ် မည်သူထံမှ မဆောက်တည်ဘဲ ငါးပါးသီလ ရှစ်ပါးသီလတို့ကို စိတ်ဖြင့် စောင့်စည်းနေထိုင် ကျင့်ကြံလျှင် ဖြစ်နိုင် မဖြစ်နိုင် ဖြေကြားတော်မူပါဘုရား။**

**မင်းနွယ်သစ်**

**ကွမ်ရိုက်ရွာ၊ ချောင်းဆုံမြို့နယ်။**

ဖြေ။ ။ ငါးပါး၊ ရှစ်ပါး သီလတို့ကို မိမိဘာသာ စောင့်ရှောက်ဆောက်တည် နိုင်သော်လည်း နှုတ်မြွက် ရွတ်ဆို၍သာ ဆောက်တည်ရပါမည်။ နှုတ်မမြွက်ဘဲ စိတ်ထဲက ဆောက်တည် စောင့်စည်း နေထိုင်ရုံဖြင့် မရပါ။ အနည်းဆုံး 'တပည့်တော်သည် ငါးပါးသီလကို ဆောက်တည်ပါ၏ဘုရား။ ရှစ်ပါးသီလကို ဆောက်တည်ပါ၏ဘုရား' စသည်ဖြင့် မြန်မာဘာသာဖြင့် နှုတ်မြွက်ပြောဆို၍ ဆောက်တည်ရပါမည်။

✍ ✍ ✍

## ၁၀၂။ ကိုယ်စောင့်နတ်နှင့် သာဝကဆုရှင်များ

**မေး။ ။ (၁) ကုသိုလ်အဖို့ ဘာဂကို အမျှပေးဝေရာတွင် "ကိုယ်မှာ စောင့်ကြပ် ကိုယ်စောင့်နတ်မှ အရင်းစ၍" စသည်ဖြင့် ပေးပို့လေ့ရှိကြရာ ခန္ဓာကိုယ်ကို စောင့်ကြပ်သော ကိုယ်စောင့်နတ်တကယ်ရှိ မရှိ သိလိုပါသည် ဘုရား။**

**(၂) အဂ္ဂသာဝက၊ မဟာသာဝက၊ တေဒင်္ဂရ ရဟန္တာအရှင်၊ အရှင်မ အလောင်းများသည် မိမိတို့ တောင့်တသောဆုကို ဘဝတိုင်း သတိရနိုင်ကြပါသလား ဘုရား။ ဖြေကြားတော်မူပါ ဘုရား။**

**မမီးမီး၊ ဗိုလ်တထောင်မြို့နယ်။**

ဖြေ။ ။(၁) အာရက္ခဒေဝတာ ဟူသော ကိုယ်စောင့်နတ်ရှိကြောင်း ဗုဒ္ဓစာပေတွင် အထင်အရှား ရှိသည်။ သို့သော် ကိုယ်စောင့်နတ် ဆို၍ စောင့်ရှောက်အပ်သောသူ၏ ကိုယ်တွင် အမြဲကပ်မှီ၍ နေသည်ဟု မမှတ်ရာ။ အခြေအနေအရ ကြည့်ရှုစောင့်ရှောက်ခြင်း မျိုးသာ ဖြစ်၍ ယင်းတို့ ကုသိုလ်အားလျော်စွာ ဘုမ္မဋ္ဌ၊ ရက္ခဋ္ဌ စသည်ဖြင့် ဘုံဗိမာန်များ၌ နေကြသော နတ်များသာ ဖြစ်သည်။ ဥပမာ–ရက္ခစိုး ဆိုပါစို့။ ၎င်းတို့မှာ သစ်ပင်ပေါ်၊ သစ်ကိုင်းပေါ်၊ ခွဆုံစသည်၌ နေသည်မဟုတ်။ သစ်ပင်၏ ထိပ်ဖျား၌ ဖြစ်စေ၊ အနီးအပါး၌ ဖြစ်စေ ကုသိုလ်အားလျော်စွာ ဖြစ်လာသော ဘုံဗိမာန် ရှိလေသည်။ ယင်းဘုံဗိမာန်၌ နေကြ၏။ သစ်ပင်ပျက်စီးလျှင် ဘုံဗိမာန်လည်း ပျက်စီးတော့သည်။ ကိုယ်စောင့်နတ်မှာ မိမိဆိုင်ရာ ကျွယ်လွန်လျှင် အခြားတစ်ဦးသို့ ပြောင်းရွှေ့ သွားရတတ်လေသည်။ သို့သော် လူတိုင်းတွင် ကိုယ်စောင့်နတ်ရှိသည် မဟုတ်။ ကုသိုလ်ရှိသူ ကောင်းမှုရှင်၊ ဘုန်းကံရှင်များ၌သာ ရှိနိုင်ကြောင်း သတိပြုပါလေ။

(၂) အလွန်လေးနက်သော တေဒင်္ဂဆုကဲ့သို့ အဓိကရ ကိစ္စကြီးကို မဆိုထားဘိ။ မိမိ၏ စွဲလမ်းမှု ဝါသနာသည်ပင် တစ် ဘဝနှင့် တစ်ဘဝ လိုက်ပါစွဲထင်လေ့ ရှိသည်။ အရှင်ပိလိန္ဒဝစ္ဆသည် ဘဝများစွာ ဇာတ်မြင့် ပုဏ္ဏားမျိုး ဖြစ်ပြီး မိမိအောက် လူများကို သူယုတ်ဟု ခေါ်လေ့ရှိကြောင်း၊ နောက်ဆုံးဘဝ ရဟန္တာ ဖြစ်သည့် တိုင်အောင် လူများအား သူယုတ်ဟု ခေါ်လေ့ရှိကြောင်း၊ မျောက်ဘဝ နှင့် နီးစပ်သော ရဟန္တာ တစ်ပါးမှာ မြောင်း စသည်ကို ခုန်၍ သွား

တတ်ကြောင်း၊ ဗြဟ္မာ့ပြည်မှ လာသူများမှာ ကာမကို ရွံရှာစက်ဆုပ်၍ ဝိသဘာဂ အာရုံများကို ရှောင်ရှားတတ်ကြကြောင်း ဆိုပါသည်။ ဧတဒဂ်ဆုရှင်များကား ယင်းဆုကို အလွန့်အလွန် မြတ်နိုးလှသည်။ သမုဒ္ဒရာ တစ် ဖက်ကမ်းသို့ အရောက်ကူး၍ သွားနိုင်ပါက ယင်းဆုကို ရမည်ဆိုလျှင်ပင် သမုဒ္ဒရာကို လက်ပစ်ကူး၍ သွားနိုင်သော ဆန္ဒရှိသည်။ ဤမြေအောက် ရောက်အောင်သွားနိုင်ပါက ဤဆုကို ရမည်ဆိုပါလျှင် မြေကြီးကို ယက်၍ အရောက်သွားနိုင်သည့် ဆန္ဒရှိသည်။ ဤမျှ လိုအင်ဆန္ဒကို လွန်လွန်မင်းမင်း စွဲပိုက်ထားသူများ ဖြစ်၍ ဘဝပေါင်း မည်မျှကွာခြားလင့်ကစား၊ မိမိတောင်းထားသော ဆုကို သတိရနိုင်ပေသည်။ ရှင်သီဝလိအလောင်း သတို့သားသည် ကမ္ဘာတစ်သိန်းထက်က လာဘ်လာဘပေါများရာတွင် အမြတ်ဆုံး ဧတဒဂ်ဆုကို တောင်းထားကြောင်း၊ ၉၁–ကမ္ဘာထက် ဝိပဿီ မြတ်စွာဘုရားလက်ထက် လှူဒါန်းရာတွင်လည်း ထိုဆုကိုပင် ထပ်၍ တောင်းကြောင်း၊ တို့အတူ ဘဝတိုင်းပင် ဤဆုကိုသာ တောင်းဆို ခဲ့ကြောင်း အပဒါန်တွင် ပါရှိပေသည်။

✍ ✍ ✍

## ၁၀၃။ ဘုရားခန်းနှင့် အောက်ထပ်

**မေး။ ။ အောက်ထပ် အိမ်တောင်စုများ၌ ဘုရားခန်းထား၍ ကိုးကွယ်ရာ အပေါ်ထပ် အိမ်ထောင်စုတို့၏ အောက်မှာဖြစ်နေတတ်၍ ဘုရားခန်း၏ အပေါ်၌ သွားလာနေထိုင်သူများမှာ အပြစ်ရှိပါသလား။ သို့ မဟုတ် အောက်ထပ်၌ ဘုရားခန်း ထားသူများမှာ အပြစ်ရှိပါသလား။ ဖြေ ကြားပေးပါရန် လျှောက်ထားပါသည်ဘုရား။**

**ဒေါ်တင်တင်၊ ရန်ကင်း။**

ဖြေ။ ။အထက်ထပ်၌ နေသည် ဖြစ်စေ၊ အောက်ထပ်၌ နေသည် ဖြစ်စေ ဗုဒ္ဓရှင်တော်မြတ်ဘုရား၌ ကြည်ညိုကိုးကွယ်ကြသော ဗုဒ္ဓ

ဘာသာဝင်များပီပီ ဘုရားခန်းကို တခမ်းတနားထား၍ ကိုးကွယ်ကြသော ဓမ္မတာ ဖြစ်ရသည်။ အောက်ထပ်ဖြစ်၍ ဘုရားခန်း မထားသင့်၊ မကိုးကွယ်သင့် ဟူ၍ မဖြစ်သင့်ပါချေ။ မိမိတို့ နေထိုင်ရာ နေရာ၌ အတွက်မြတ်ဆုံးထား၍ ကိုးကွယ်ကြရန်သာ ဖြစ်သည်။ ဤသို့ အောက်ထပ်၌ ဘုရားထား၍ ကိုးကွယ်ခြင်းကြောင့်အထက် ထပ်၌ နေသူတို့အတွက်လည်း မရှိမသေပြုမှုသည်မမည်။ ပကတိ နေမြဲအတိုင်း နေပါ။ အပြစ်ဖြစ်စရာ အကြောင်းမရှိပေ။

သာဓက အနေဖြင့် ဆိုရသော် ဥတ္တရာသတို့သမီးသည် မိမိခင်ပွန်းဖြစ်သူက ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ကိုးကွယ်သူ မဟုတ်၍ ခင်ပွန်းဖြစ်သူအား မိမိကိုယ်စား သီရိမာကို အထက်ထပ်၌ ပြုစုလုပ်ကျွေး စေခဲ့သည်။ မိမိက အောက်ထပ်သို့ ဆင်းလာပြီး ဘုရားအမှူး ရှိသော သံဃာတော်တို့အား ခနစ်ရက်ပတ်လုံး ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးခဲ့လေသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း ဥတ္တရာရှိရာ ပြာသာဒ် အောက်ထပ်၌ ကြွရောက် ချီးမြှောက်ခဲ့ပါသည်။

ထို့ကြောင့် အိမ်အောက်ထပ်၌ နေထိုင်သော်လည်း ဘုရားခန်း ထား၍ ကိုးကွယ်သင့်သည်သာ ဖြစ်ပါ၏။ ဘုရားခန်းသို့ အမှုန် အမှိုက်များ မကျရောက်နိုင်ရန် အဝတ်မျက်နှာကြက် စသည် လုလု ပပ ပြုလုပ်ပူဇော်ထားကြရန်ကား လိုပေလိမ့်မည်။

✍ ✍ ✍

## ၁၀၄။ အဇာတသတ်နှင့် ပဋ္ဌေက ဗုဒ္ဓါဆု

**မေး။ ။ ဓိနတ္တပကာသနီကျမ်းတွင် အဇာတသတ်မင်းသည် လွန်မင်းသော ပိတုဃာတကကံကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ မရောက်၊ လောဟ ကုမ္ဘိငရဲ၌ အနှစ်ခြောက်သောင်းခံ၍ လွတ်ပြီးလျှင် မေတ္တေယျဘုရားရှင် အကြား၌ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့သတည်းဟု တွေ့ရပါ သည်။ တပည့်တော် ဖတ်ဖူးသည်မှာ ပစ္စေကဗုဒ္ဓါတို့သည် နှစ်သင်္ချေနှင့်**

**ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်ဟု တွေ့ရပါသည်။ ယင်းအဇာတသတ်သည် ပါရမီဖြည့်ပြီးပါပြီလား။ ဖြည့်ပြီးသော် ပါရမီရှိ နိယတ ဗျာဒိတ်ရသူသည် ပစ္စေကဗုဒ္ဓါ မဖြစ်ဘဲ ပကတိသာဝကဖြင့် နိဗ္ဗာန်သွားနိုင်ပါသလား၊ ထိုပြဿနာကို ရှင်းပေးတော်မူပါဘုရား။**

**အောင်ထိုက်**

**၆၁–သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်း။**

ဖြေ။ ။အဇာတသတ်သည် မေတ္တေယျဘုရား မပွင့်မီ ဤကမ္ဘာ၌ပင် ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓါ ဖြစ်ရမည့်သူ တစ်ဦးလည်း ဖြစ်သည်ဟု ဆိုရပါမည်။

ပစ္စေကဗုဒ္ဓါဖြစ်ရန် ဗျာဒိတ်ရထားသူအဖို့ ပစ္စေကဗုဒ္ဓါ မဖြစ်ဘဲ ပကတိသာဝက အဖြစ်ဖြင့် နိဗ္ဗာန်ဝင်မည် မဟုတ်ပါ။ လွန်မင်းသော ပိတုဃာတက ကံကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ မရောက်ဟူသော စကားမှာ ပိတုဃာတကကံက မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို တားမြစ်ကြောင်း ထင်ရှားစေလို၍လည်း ဖြစ်သည်။ အဇာတသတ်သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရနိုင်လောက်သော ပညာဉာဏ်ရှိခြင်းတို့ကို ပေါ်လွင်စေလိုခြင်းတို့ကြောင့်လည်း ဖြစ်သည်ဟု ယူနိုင်ပါသည်။ ဂေါတမဗုဒ္ဓ ဘုရားအလောင်းတော်သည် သုမေဓာဘဝတွင် မဂ်ဖိုလ်ကိုလိုလျှင် ရနိုင်သောဉာဏ်ရှိသည့် ဥဃ္ဃါဋိတညူပုဂ္ဂိုလ် ဖြစ်ကြောင်း စကား၊ ဘုရားအလောင်းဘဝ ကိုးဘဝတွင် ဘုရားရှင်များနှင့်တွေ့၍ ရဟန်းပြုကာ တရားအားထုတ်ခဲ့ရာ၌ မဂ်အနီးရောက် အနုလောမဉာဏ် အထိ အားထုတ်၍ ရှေ့သို့မတက်ရောက်ခဲ့ဟူသော စကားများကို ထောက်ထားနိုင်ပါသည်။ အဇာတသတ်သည် အကယ်၍ ပိတုဃာတကကံ မထိုက်လျှင်လည်း ပစ္စေကဗုဒ္ဓါအလောင်းဖြစ်၍ မဂ်ဖိုလ်ကို ရယူရန် အားထုတ်မည် မဟုတ်ကြောင်း မှတ်သားသင့်ပါသည်။

✍ ✍ ✍

## ၁၀၅။ အိပ်စက်ခြင်း

**မေး။ ။ (၁) လူသားတို့သည် ပင်ပန်းနွမ်းနယ်မှုကြောင့် အိပ်စက်ခြင်းကို ပြုကြသည်။ ထိုသို့ အိပ်စက်ကြရာတွင် နစ်မြိုက်စွာ အိပ်ပျော် သွားသောအခါ အသိစိတ်ကလေး မရှိတော့ပါ။ ထိုအသိစိတ်ကလေးသည် အဘယ်သို့ ရောက်သွားပါသလဲဘုရား။**

**(၂) လူများကဲ့သို့ နတ်များမှာလည်း ပင်ပန်းနွမ်းနယ်မှု၊ အိပ်စက်မှု ရှိပါသလား။ နတ်တို့အိပ်စက်မှု မရှိဆိုသော် ညအခါ အဘယ်သို့ အချိန် ကုန်လွန်စေပါသလဲ ဘုရား။**

**ကေသီ**

**တောင်ဥက္ကလာပမြို့။**

ဖြေ။ ။ လူတို့တွင် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ် ဟူ၍ စိတ်သုံးမျိုး ရှိသည်။ ပဋိသန္ဓေအခါမှ စုတိ(သေဆုံးကွယ်လွန်)သည် အထိ ဘဝင်စိတ်ဟူသော ဘဝ၏ အစိတ်အပိုင်း စိတ် အမျိုးအမည် တစ်မျိုးမှာ စိတ်သာ ဖြစ်သည်။ မည်သည့် အာရုံကိုမျှ မယူမသိသော စိတ်မျိုး ဖြစ်သည်။ အကြောင်းအားလျော်စွာ မြင်စိတ်၊ ကြားစိတ် စသည့် အာရုံငါးပါးဆိုင်ရာ ဝိညာဉ်(အသိစိတ်)များ ပေါ် ပေါက်လာမှသာ ဘဝင်စိတ်များ ပြတ်၍ ၎င်းအသိစိတ်များ ဖြစ်ပေါ် ရပါသည်။ အသိစိတ်တစ်ခုနှင့် တစ်ခု အကြားမှာပင် ဘဝင်စိတ် များက ဝင်၍ ဖြစ်ပါသေးသည်။ တစ်နေ့တာလုံး မြင်၊ ကြား၊ နံ၊ လျက်၊ ထိသိစိတ်များ တစ်မျိုးပြီး တစ်မျိုး ဖြစ်သည်။ လုပ်ငန်းကိစ္စ တို့ကြောင့် ပင်ပန်းနွမ်းနယ် သွားသောအခါ ထိနမိဒ္ဓခေါ် စိတ်စေ တသိက်တို့ ထိုင်းမှိုင်းနွမ်းနယ်ခြင်း ဖြစ်ပြီး မြင် ကြား စသော အသိ စိတ်များ ပြတ်သွားသည်။ ထိုအခါ ဘဝင်စိတ်ခေါ် မသိစိတ်များသို့ သက်ရောက်၍ ဖြစ်ပေါ်သွားပါသည်။ ယင်းသည်ပင် အိပ်စက်ခြင်း

 သဘောဖြစ်ပါသည်။ အပန်းပြေ၍ ထိနမိဒ္ဓတို့ ပျောက်ကွယ်ပြီး မြင်

ကြားအသိစိတ်များ ပေါ်လာပြန်သော် ဘဝင်ခေါ် မသိစိတ်များ ပြတ်၍ အိပ်ရာမှ နိုးလာရပါသည်။ (ဤသည်တို့ကို ယောက်၍ နားမလည်နိုင်သည်ကို 'ဘဝင်မကျပါဘူး' ဟု ဆိုသော ဤခေတ်စကားလုံး မှန်မမှန် စဉ်းစား စေလိုပါသည်။)

နတ်တို့သည် လူတို့ကဲ့သို့ပင် ဘဝင်စိတ် ရှိသော်လည်း လုံ့လဝီရိယ ထုတ်၍ စားသောက် နေထိုင်ရသော ဘဝမျိုး မဟုတ်ပါ။ ပင်ပန်းနွမ်းနယ်ခြင်း၊ ထိနမိဒ္ဓ များပြားခြင်း မရှိနိုင်ပါ။ လူတို့ကဲ့သို့ အိပ်စက်ရမှု၊ ဘဝင်သို့ သက်ရောက်ရမှု မရှိနိုင်ပါ။ ခေတ္တခဏ အနားယူရုံမျှဖြင့် ကိစ္စ ပြီးနိုင်ပါသည်။ နေလတို့မှာလည်း ၎င်းတို့အောက်၌သာရှိ၍ နေ့ညဟူ၍လည်း နတ်ပြည်တွင် မရှိပါ။ ၎င်းတို့၏ သက်တမ်း သတ်မှတ်မှုမှာလည်း လူတို့ကဲ့သို့ နေ့၊ ညဉ့်၊ လ၊ နှစ် မျိုးဖြင့် သတ်မှတ်ဖွယ်ရာမရှိ။ သက်တမ်း အရှည်အတိုမှာ ကုသိုလ်ကံအားလျော်စွာ သတ်မှတ်စရာရှိသည်ဟု ယူဆနိုင်ပါသည်။

✍ ✍ ✍

## ၁၀၆။ စံပယ်လေးရုံ ကဗျာနှင့် သက်န်းပုံစံ

**မေး။ ။ (၁) 'စံပယ်တဲ့လေးရုံ၊ အပွင့်ငယ်စုံ၊ တစ်ငုံကျန်ပါသေးတယ်၊ ပန်ချင်သူ ပျို့မောင်ထွေးရယ်၊ ခေါင်းဖြီးခဲ့လေး' ကဗျာကို ဆွေးနွေးကြရာ ဘုရားငါးဆူပွင့်မှာ တစ်ဆူကျန်သေးကြောင်း ဆိုသည့် အဓိပ္ပာယ်ဖြစ်ပါသည်။ အဘယ်ကြောင့် စံပယ်ငါးရုံဟု မဆိုဘဲ လေးရုံဆိုရကြောင်း ဆွေးနွေးကြပါသည်။ ထိုအချက်ကို ရှင်းလင်းပေးစေလိုပါသည် ဘုရား။**

**(၂) သံဃာတော်များ ဝတ်ရုံသည့် သင်္ကန်းမှာ (၁) အနားလေးဘက်၊ (၂) မျဉ်းနှစ်ပါးသွား လေးချောင်း၊ (၃) အခန်း၅–ခန်းတွင် အကြီးတစ်ကန့်၊ အသေးတစ်ကန့် ပါရှိပါသည်။ ၎င်း–၃ချက်၏ ရည်ညွှန်းချက်ကို ရှင်းလင်းဖြေကြားတော်မူပါဘုရား။**

**ဦးဘညွန့်**

**အမှတ်–၉၈၊ မြင်းကကုန်း၊ ဘိုကလေးမြို့နယ်။**

ဖြေ။ ။ (၁) စံပယ်လေးရုံ ကဗျာ အပြည့်အစုံမှာ–

'စံပယ်တဲ့ လေးရုံ၊ မလေးခင် မပန်ထိုက်၊ ပန်းပြွတ်ခိုက်ကြုံ။ အပွင့်ငယ်စုံ၊ တစ်ရုံ ကျန်ပါသေး(ငဲ့)။ ပန်ချင်သူ ခင်ခင်လေးရယ်၊ ခေါင်းဖြီးခဲ့လေး'ဟူ၍ ဖြစ်သည်။

ဤကဗျာသည် ဒုတိယ အပိုဒ်ကို လည်းကောင်း၊ 'အပွင့်ငယ်စုံ၊ တစ်ရုံကျန်ပါသေး'ဟူသည်ကို လည်းကောင်း စဉ်းစားလျှင် လိုရင်းအဓိပ္ပာယ် ပြည့်စုံပါသည်။

(၂) ရဟန်းတော်တို့၏ သင်္ကန်းမှာ မဂဓပုဏ္ဏားတို့၏ လယ်ကွင်းကို ပြ၍ မြတ်စွာဘုရားက အရှင်အာနန္ဒာအား ချုပ်ခိုင်းကြောင်း၊ မဂဓလယ်ကွင်း၏ ရေသွင်းမြောင်းတလုပ်(တာလုပ်) မြောင်းများ အတိုင်း ပုံစံယူ၍ ချုပ်လုပ်ကြောင်း ဝိနည်းပါဠိတော်တို့တွင် ပါရှိသည်။ အနားလေးဘက် ပိတ်စသီးခြားဖြင့် ထပ်၍ ချုပ်ရသော ထပ်နားပတ် ပါရသည်။ အတွင်း၌ ငါးစဖြတ်၍ ချုပ်ရာတွင် တစ်စပ်နှင့်တစ်စပ် ချုပ်ရာ၌ မျဉ်းနှစ်ကြောင်း ပါရသည်။ မဂဓလယ်ကွင်း၌ ရေသွင်း တလုပ်မြောင်းခံ၍ အတွင်းအခန်းတို့တွင် မြောင်းတို ကန့်လန့် အတိုမြောင်းထားသကဲ့သို့ အခန်းကြီးတစ်ခန်း၊ အခန်းငယ်တစ်ခန်း စီထား၍ ချုပ်ရပါသည်။ တလုပ်မြောင်းကို ကုသိ၊ အခန်းကြီးကို မဟာမဏ္ဍလ၊ အခန်းငယ်ကို အဍ္ဍမဏ္ဍလ စသည် အမည်မှည့်ခေါ် ပါသည်။ ဤကဲ့သို့ ငါးစပ်၊ ငါးဖြတ်၊ ခါးလှီး ခါးဖြတ်နှင့် ထပ်နားပတ်စုံမှ သင်္ကန်းဖြစ်ပါသည်။ သင်္ကန်းဖြစ်မှသာ အဓိဋ္ဌာန်တင်ခြင်း၊ ကပ္ပဗိန္ဒုထိုးခြင်း၊ ကထိန်သင်္ကန်း ပြုလုပ်ခြင်း၊ ဝိနည်း တိစီဝရိတ်၊ ဓုတင် တိစီဝရိတ် ဆောင်၍ ဝတ်ရုံခြင်း စသည်တို့ ပြုနိုင်သည်။

လှူဒါန်းသော ဒါယကာများကလည်း သင်္ကန်း အကြောင်းနားလည်ထားရန် လိုအပ်ပါသည်။ ဤခေတ်တွင် အစိုးရ အထည်ချုပ်

စက်ရုံထုတ် ယပ်တံဆိပ် သင်္ကန်း ဒွိစုံများမှာ ထိုအတိုင်းချုပ်ရန် ညွှန်ကြားထား၍ ဝိနည်းတော်နှင့်ညီသော သင်္ကန်းများ ဖြစ်သည်။ သို့သော် အချို့သော ဆိုင်ချုပ် သင်္ကန်းများ၊ တက်ထရွန်၊ စီဝိုင်စီ စသော သင်္ကန်းဒွိစုံများမှာ မူလအထည်အနံကြီးများကို မဖြတ်လို၍ ၃-စပ်မျှသာ စပ်ခြင်း၊ ခေါက်နားပတ် ပြုခြင်းတို့ကြောင့် ဝိနည်းတော်နှင့် မညီသည်တို့ကို တွေ့နေရပါသည်။ ထိုသင်္ကန်းများမှာ သင်္ကန်း မပီသဖြင့် ကထိန်သင်္ကန်း စသည် မဖြစ်နိုင်ကြောင်း သတိပြုရမည် ဖြစ်ပါသည်။

✍ ✍ ✍

## ၁၀၇။ အိပ်မက်

**မေး။ ။ သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ်အရိယာများ အိပ်မက်ခြင်း ရှိနိုင်ပါသလား။ ရဟန္တာများမှာ အိပ်မက်ခြင်း ရှိမရှိ၊ မရှိလျှင် အဘယ့်ကြောင့် ဆိုသည်ကို သိလိုပါသည်ဘုရား။**

**အရှင်ပညာဒီပ**

**မင်္ဂလာတောရကျောင်း၊ ကြာအင်းဆိပ်ကြီးမြို့။**

ဖြေ။ ။ ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်နှင့် သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ် ဤပုဂ္ဂိုလ် ၇-ဦးတို့သာ ဝိပလ္လာသတရားကို မပယ်ရသေး၍ အိပ်မက်မြင်နိုင်၏။ ရဟန္တာပုဂ္ဂိုလ်တို့ကား သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသတို့ကို အကြွင်းမဲ့ ပယ်ရှားပြီးဖြစ်၍ အိပ်မက်မြင်ခြင်း မရှိတော့ပါ။

✍ ✍ ✍

## ၁၀၈။ ဥဏှလုံ မွေးရှင်တော်ဂါထာ

**မေး။ ။ (စာ ၁ မျက်နှာရှိသော ပါဠိများကို ဖော်ပြ၍) အထက်ပါဂါထာတော်သည် ဥဏှလုံ မွေးရှင်တော်ဂါထာ ဟုတ်မဟုတ်၊ ရွတ်ဆိုသင့် မသင့် သိလိုပါသည်ဘုရား။**

**ဦးဥက္ကံသ**
**ငါးထပ်ကြီးကျောင်းတိုက်။**

ဖြေ။ ။ စွယ်စုံကျော်ထင်ကျမ်း "ငွေယားလဲသတ်၊ ဘူမိရတ်၊ အတတ်ဘယ်ဗေဒင်ထွက်နည်း" ဟူသော အမေးကို ဖြေဆိုရာ၌ ဘူမိရတ် အတတ်ဆိုင်ရာကျမ်းတို့၌ ငွေယားတို့ကို စောင့်သည့် နတ်တို့အား နိုင်ရန် ဂါထာများကို ဥဏှလုံ ဂါထာဟု ခေါင်းတပ်၍ ဖော်ပြထားပါသည်။ ၎င်းတို့မှာ ဘူမိရတ်ကျမ်းထွက် အာထဗ္ဗဏဗေဒင်ဆိုင်ရာ ဂါထာများ ဖြစ်ကြောင်း ဆိုပါသည်။ ယင်းစွယ်စုံကျော်ထင်ကျမ်း၌ ဥဏှလုံ မွေးရှင်တော်ဂါထာဟု ဖော်ပြထားသည်မှာ ဦးဥက္ကံသ ဖော်ပြထားသော ပါဠိများမှ ပထမပုဒ်သာ အနည်းငယ်ဆင်တူပါသည်။ နောက်ပုဒ်များ မတူပါ။ ဤ၌ မူရင်းဂါထာများကို ဖော်ပြရန် နေရာမရပါ၍ စွယ်စုံကျော်ထင်ကျမ်း (ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်ရိုက်) အတ်ကာရန် စာပိုဒ် ၄၂၈-အဖြေ၊ စာမျက်နှာ ၂၅၇-တွင် ကြည့်ရှုပါ။ ဘူမိရတ်ဆိုင်ရာ ဖြစ်၍ ရွတ်လျှင်လည်း အထူး အကျိုးရှိမည် မထင်ပါ။

✍ ✍ ✍

## ၁၀၉။ ရှေးဘုရားတို့၏ ဓာတ်တော်များ

**မေး။ ။ ရွှေတိဂုံသမိုင်းတွင် ကကုသန် စသော ရှေးဘုရားတို့၏ ဓာတ်တော်များကို ဌာပနာထားကြောင်း သိရပါသည်။ ဘုရား ဓာတ်တော်များသည် ဘုရားသာသနာကုန်လျှင် ဓာတုပရိနိဗ္ဗာန်စံ၍ မကျန်နိုင်ကြောင်း**

ကြားသိဖူးပါ၍ ကကုသန် စသော ဓာတ်တော်များ ရှိနိုင်၊ မရှိနိုင် ရှင်းလင်းဖြေဆိုပေးပါဘုရား။

မွန်အရှင်သန္တာစာရ
တနသ်ာရီ။

ဖြေ။ ။ ဓာတ်တော်များ ဓာတုပရိနိဗ္ဗာန်စံ၍ အနည်းငယ်မျှ မကျန်ရတော့ကြောင်း ဆိုသည်မှာ သက်တမ်းတော် တိုသော ဂေါတမမြတ်စွာဘုရား သာသနာတော်အတွက်သာ ဆိုခြင်းဖြစ်ကြောင်း မှတ်သားသင့်ပါသည်။ ကကုသန် စသော မြတ်စွာဘုရားတို့မှာ သက်တမ်းတော်ရှည်၍ ပရိနိဗ္ဗာန် စံဝင်တော်မူသောအခါ ဓာတ်တော်များ မကျန်ရစ်ပါ။ တစ်လုံးတခဲတည်းသော ရုပ်ကြွင်းဓာတ်တော်ကို စေတီတည်ရကြောင်း ဆိုပါသည်။ ရွှေတိဂုံသမိုင်းလာ ရှေးဘုရားတို့၏ ပူဇော်စရာမှာ ဓာတ်တော်များ မဟုတ်။ တောင်ဝှေးတော်၊ ရေစစ်တော်၊ ရေသနုပ်တော် ဟူသော အသုံးအဆောင်များ ဖြစ်၍ ဘုရားရှင်တို့၏ တန်ခိုးတော်၊ တစ်ကမ္ဘာတိုင် အသက်ရှည်မည့် ဘုမ္မစိုးနတ်မင်းကြီးများ၏ ထိန်းသိမ်းစောင့်ရှောက်မှု၊ ကိုးကွယ်ထိုက်သူ ဗုဒ္ဓဘာသာ ရဟန်း၊ ရှင်လူတို့၏ ကုသိုလ်ကံတို့ကြောင့် မရှိနိုင်စရာအကြောင်း မရှိပါဟု ဖြေဆိုအပ်ပါသည်။

## ၁၁၀။ နေလွဲညစာ စားမှုကိစ္စ

**မေး။ ။ ဗုဒ္ဓဘာသာဝင်များ ဥပုသ်သီလ စောင့်ထိန်းရာတွင် နေလွဲညစာ စားမှုမှ ရှောင်ကြဉ်ရခြင်း၏ ရည်ရွယ်ချက် အနှစ်သာရ သဘောထားကို ရှင်းလင်းပေးတော်မူပါ ဘုရား။**

**မောင်ဘအေး၊**
**ရွာထောင်ရွာ၊ မုံရွာမြို့။**

ဖြေ။ ။ လူပုဂ္ဂိုလ်တို့သည် နိစ္စ သီလဖြစ်သော ငါးပါးသီလကိုသာ စောင့်ထိန်းရာမှ အရိယာ သူတော်ကောင်းများကဲ့သို့ သီလများစွာကို စောင့်ထိန်းလိုသောအခါ အနာဂါမ်အရိယာများ၊ ရဟန်းပုဂ္ဂိုလ်နှင့် ဘုရားရဟန္တာများအား အတုယူ၍ ဗြဟ္မစရိယ သီလတော်မြတ်ကို ခံယူဆောက်တည်ကြရာ "ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"နေရာ၌ "အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ကို အစားထိုး ဆောက်တည်ကြရပါသည်။ ယင်းဗြဟ္မစရိယ သိက္ခာပုဒ်တော်ကြီးမှာ အလွန်သိမ်မွေ့လှပါသည်။ ဤသိက္ခာပုဒ်တော်ကြီး တည်တံ့ခိုင်မြဲရေး၏ အကြီးဆုံး အန္တရာယ်မှာ ညစာစားခြင်းပင် ဖြစ်ပါသည်။ ညစာစားမှုသည် ကာမမှုကို အားပေးသော အားဆေးကြီးပင် ဖြစ်သည်။ ထို့ကြောင့် ဗြဟ္မစရိယသိက္ခာပုဒ် ခိုင်မြဲရေးအတွက် ညစာစားမှုကို ပထမဆုံးရှောင်ကြဉ်ရပါသည်။ ထို့အတူ ဗြဟ္မစရိယသိက္ခာပုဒ်ကို ပျက်ပြားစေရေး အားပေးသော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ယင်းတို့ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ တန်ဆာဆင်ခြင်းနှင့် ညက်သော အခင်းအရုံတို့နှင့် အိပ်စက်ခြင်းတို့ကိုပါ ရှောင်ကြဉ်ရပါသည်။

✍ ✍ ✍

## ၁၁၁။ အမျှပေးဝေချိန်

**မေး။ ။ ငါးပါးသီလခံယူ၍ ပရိတ်နာယူပြီးမှ အမျှပေးဝေခြင်းထက် အမျှပေးဝေပြီးမှ ပရိတ် နာယူခြင်းတွင် မည်သည်က မှန်ပါသလဲဘုရား။**

**ဦးသာအေး**

**တောင်ဥက္ကလာပ။**

ဖြေ။ ။ အိမ်မှာ ဘုန်းတော်ကြီးများအား ဆွမ်းကပ်ပြီးနောက် ရှေးဦးစွာ ကန်တော့၍ သီလခံယူပြီး ပရိတ်တရားတော်များကို နာယူကာ ဩဝါဒ အနုမောဒနာတရားများ နာကြားပြီးသည့်နောက်

အဆုံးမှာမှ ရေစက်ချ အမျှပေးဝေမှုမှာ ဗုဒ္ဓဘာသာ လမ်းရိုးစဉ်လာပင် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အမျှပေးဝေခြင်းသည် ပတ္တိဒါန ကုသိုလ်မှုဖြစ်၍ မိမိပြုသမျှ ဒါနမှု၊ သီလမှု၊ ပရိတ်တရားနာခြင်း စသော ကုသိုလ်ကောင်းမှုများကို မိမိ ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်နှင့် တကွ ၃၁-ဘုံရှိ သတ္တဝါများ မိမိနှင့်အတူ အမျှရစေလိုသော မနော အာသီသ အမှန်အတိုင်း ဖြစ်သောကြောင့်ပင်။

✍ ✍ ✍

## ၁၁၂။ သောတာပန်နှင့် အရက်

**မေး။ ။ ဘုရားလက်ထက်က အရက်သမား သောတာပန် ဟူ၍ ရှိခဲ့သည်ဟု ကြားဖူးပါသည်။ ဟုတ်မဟုတ် ဖြေကြားတော်မူပါဘုရား။**

**မလှလှ၊**
**မန္တလေးမြို့။**

ဖြေ။ ။ အရက် အလွန်သောက်သော သရဏာနိ သာကီဝင်မင်းသား အား မြတ်စွာဘုရား တရားဟော၍ သောတာပန် ဖြစ်သွားသည်။ သောတာပန်ဖြစ်ပြီးသည့် နောက်တွင်ကား အရက် မသောက်တော့ချေ။ သောတာပန်ပုဂ္ဂိုလ်တို့ မည်သည်မှာ ငါးပါးသီလ ကို မည်သည့်အခါမျှ ဖောက်ဖျက်သည် မဟုတ်။ သောတာပတ္တိ မဂ်ဖိုလ် စသော အရိယာတရားတို့သည် လောကတွင် အယဉ်ကျေးဆုံး တရားတော်များ ဖြစ်သည်။ အရက်သည် လောကတွင် အရိုင်းစိုင်း ဆုံး၏ အကြောင်းတရားဖြစ်သည်။ လွန်စွာ ဆန့်ကျင်သည် ဖြစ်သဖြင့် အရက်နှင့်ရေ ရောနှော၍ သောတာပန် ပုဂ္ဂိုလ်၏ ပါးစပ်တွင်းသို့ ထည့်လျှင် ရေသာဝင်၍ အရက်မဝင်ကြောင်း သီလက္ခန္ဓဝဂ္ဂ အဋ္ဌ ကထာတွင် ဖွင့်ဆိုပါသည်။ ထို့ကြောင့် အရက်သမား သောတာပန် ဟူ၍ မရှိနိုင်ကြောင်း အထူးမှတ်သားသင့်ပါသည်။

✍ ✍ ✍

## ၁၁၃။ ရွှေတိဂုံနှင့် ဘုရားလေးဆူ ဓာတ်တော်

**မေး။ ။ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကိန်းအောင်းလျက်ရှိသော ဘုရားလေးဆူ၏ အသုံးအဆောင် ဓာတ်တော်မွေတော်များကို သိလိုပါသည် ဘုရား။**

**မောင်ဖော်လတ်**

**ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**

ဖြေ။ ။ ရွှေတိဂုံသမိုင်းဟောင်းများအရ ၁-ကကုသန် မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ၂-ကောဏာဂုံမြတ်စွာဘုရား၏ ရေစစ်တော်၊ ၃-ကဿပမြတ်စွာဘုရား၏ ရေသနုပ်တော်၊ ၄-ဂေါတမမြတ်စွာဘုရား၏ဆံတော်များဖြစ်ကြောင်း သိရပါသည်။

✍ ✍ ✍

## ၁၁၄။ ဗုဒ္ဓပမုခ သံဃိကဒါန

**မေး။ ။ မျက်မှောက်ခေတ် သာသနာတော်၌ ဗုဒ္ဓပမုခ သံဃိကဒါန (ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းမှု) ဖြစ်နိုင်မဖြစ်နိုင် ဖြေကြားတော်မူပါဘုရား။**

**အရှင်ဝဏ္ဏိတ**

**ပေုတော၊ သုံးခွ၊ ပရဟိတ။**

ဖြေ။ ။ ကေတော ဘိက္ခု သံဃော၊ ကေတော ဘိက္ခုနိ သံဃော၊ ဗုဒ္ဓပမုခ ဉဘတော သံဃော စသည်ဖြင့် ဒက္ခိဏာဝိဘင်္ဂ သုတ်အဖွင့် (မ၊ ဋ္ဌ၊ ၄။ ၂၂၄၊ ၂၂၅) တွင် မြတ်စွာဘုရား၏ ဓာတ်တော်ဥပနာထားသော ဗုဒ္ဓရုပ်ပွားတော်ကို ရှေ့၌ထားရှိ၍ ရဟန်းသံဃာအား ရေစက်ချလှူခြင်းမှာ ဗုဒ္ဓပမုခသံဃိကဒါန ဖြစ်နိုင်၍ ဘုရားပရိနိဗ္ဗာန် စံဝင်ပြီးနောက် ဘိက္ခုနီ ရှိသေးသော ခေတ်တွင် ဗုဒ္ဓရုပ်ပွားတော်ကို ဗဟို၌ထား၍ ဘိက္ခု၊ ဘိက္ခုနီသံဃာကို တစ်ဖက်စီထား၍ ရေစက်ချ လှူဒါန်းသောအလှူကို ဗုဒ္ဓပမုခ ဉဘတော

သံဃဒါန ဖြစ်ကြောင်း အကျယ်ဖွင့်ဆိုထားပါသည်။ ဤခေတ်အခါတွင် ဘိက္ခုနီသံဃာ မရရှိနိုင်တော့၍ ဗုဒ္ဓပမုခ ဧကတောသံဃဒါနကိုသာ ရရှိနိုင်မည်ဖြစ်ပါသည်။ အကျယ်ကို အညွှန်းပါ ဥပရိပဏ္ဏာသ အဋ္ဌကထာကို ရှုပါ။

✍ ✍ ✍

## ၁၁၅။ ငရဲခန်း စကားနှင့် အနန္တငါးပါး

**မေး။ ။ (၁) နေမိငရဲခန်းပျို့ ပိုဒ်ရေ ၁၂၅ "နမော်ကခ၊ တည်မကျမ်းရိုး၊ ကိုးခိုးကုံးခုံး၊ တလုံးတနှာ၊ သင်ဖူးပါသား၊ ဆရာသမား" ၌ ကိုးခိုးကုံးခုံး၏ အဓိပ္ပာယ်ကို နားမလည်ပါ၍ ဖြေကြားပေးတော်မူပါဘုရား။**

**(၂) အနန္တော အနန္တ ငါးပါးကို မည်သည့်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ ယှဉ်တွဲဟောကြားဖွင့်ဆိုထားချက် ရှိပါသနည်း။ ရှိပါက သာဓကများ ထုတ်ပြ၍ ဖြေကြားပေးတော်မူပါဘုရား။**

**ဦးထိန်**
**၄၂၊ သမ္မာဒိဋ္ဌိလမ်း**
**ဒွေးကြွယ်ရပ်ကွက်၊ တာမွေ။**

ဖြေ။ ။ (၁) ကိုးခိုးကုံးခုံး–ဟူသော နေမိငရဲခန်း စကားမှာ မြန်မာစကား ပရိယာယ်တွဲယှဉ်၍ စပ်ဆိုထားခြင်း ဖြစ်ပါသည်။ ဤငရဲခန်းပျို့တွင်ပင် "ညစ်ညှောင့်ညစ်ညမ်း (ပုဒ်–၂၆)၊ ယုတ်မောင့်ယုတ်မာ(ပုဒ်–၂၇) လွတ်ခေါင့်လွတ်ခဲ (ပုဒ်–၂၈)တို့၌ စပ်ဆိုထားသကဲ့သို့လည်းကောင်း၊ အခြားပျို့လင်္ကာတို့တွင် "နှမိနှမြော၊ ဖြစ်ခေါင့်ဖြစ်ခဲ၊ လိမ္မောင့်လိမ္မာ" ဟူသကဲ့သို့ လည်းကောင်း၊ မြန်မာစကားတွင် ခိုးလိုးခုလု၊ ကပြောင်းကပြန်၊ ကိုးရိုးကားယား စသည်များကဲ့သို့လည်းကောင်း၊ ကိုးခိုးကိုးခိုးဟု ဆိုလိုပါလျက် ကိုးခိုးကုံးခုံးဟု ဆိုခြင်း ဖြစ်တန်ရာပါသည်။ 'နမောသိဒ္ဓံ က–ခမှစ၍ ကိုးကွယ်မှီခို၍ တစ်လုံးတစ်ပါဒ သင်ပေးဖူးသော ဆရာသမား'ဟု အဓိပ္ပာယ် ဖော်နိုင်ပါသည်။

၂။ ရတနာသုံးပါးနှင့် မိဘဆရာသမားတို့ ကျေးဇူးကို ယှဉ်တွဲဟောကြားထားသော ပါဠိတော်နှင့် ဖွင့်ဆိုချက်များ သီးခြား မတွေ့ရပါ။ သို့သော် ပါဠိ၊ အဋ္ဌကထာနေရာများစွာ၌ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး၊ မိဘဂုဏ်ကျေးဇူး၊ ဆရာသမား ဂုဏ်ကျေးဇူးတို့ကို ဟောပြဖွင့်ဆိုချက်များ များပြားလှပါသည်။ ထိုအချက်တို့ကို ထောက်၍ ရှေးဆရာကြီးများက အနန္တငါးပါး ဂုဏ်ကျေးဇူးများကို ဖော်ကျူး စီကုံးထားခဲ့ခြင်း ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။ (ပေးပို့မေးမြန်း ထားသော ပြဿနာမှာ ၃-ချက်ဖြစ်ရာ အမှတ်-၃ ပြဿနာမှာ ဂါမ္ဘ ဒေါသ သင့်လွန်းလှသဖြင့် အမေးပြဿနာကိုပင် ထည့်၍မပြတော့ပါ)။

✍ ✍ ✍

## ၁၁၆။ မာယာသာဠေယျဝဉ္စနာ

**မေး။ ။ မာယာ, သာဠေယျ, ဝဉ္စနာ သုံးမျိုး၏ အဓိပ္ပာယ်ကို ခြားနား သိသာအောင် ဖြေကြားတော်မူပါဘုရား။**

**ဒေါ်မြင့်မြင့်**

**အုတ်ကျင်းဘုတာရုံလမ်း၊ ရန်ကုန်မြို့။**


ဖြေ။ ။ မာယာ ဟူသည်မှာ လှည့်ပတ်ခြင်း၊ အယောင်ဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ မိမိအပြစ်ကို ဖုံးလွှမ်းခြင်း၊ လှည့်ပတ်မှု အကောက်တို့ ဖြစ်သည်။ သာဠေယျဟူသည်မှာ စဉ်းလဲသည်၏ အဖြစ်၊ (မိမိ၏ ထင်ရှားမရှိသော ဂုဏ်ကို ထုတ်ဖော်လုပ်ဆောင်၍ ပြောဆိုခြင်း) လိမ်လည်ခြင်းတို့ ဖြစ်သည်။ ဝဉ္စနာမှာ လှည့်စားခြင်း၊ လှည့်ပတ်ခြင်း၊ လိမ်လည်ခြင်း၊ တစ်ပါးသော အခြင်းအရာအားဖြင့် ပြခြင်းတို့ ဖြစ်သည်။ ၎င်းသုံးမျိုးမှာ အလွန်ကြီး ထူးခြားမှု မရှိလှပါ၊ အနေ အရင့် သဘောမျှသာ ဖြစ်ပါသည်။ (အဘိ၊ ဋ္ဌ၊၃။ ၉၁)

ဘဒ္ဒန္တ တိလောကသာရ

# ခင်ရီဝင်း၏

## မင်္ဂလာမောင်မယ်

# ကမ္ဘာ့ပုံပြင်များ



- မင်္ဂလာမောင်မယ် စာစောင်တွင် ဖော်ပြခဲ့သော ပုံပြင်များကို စုစည်း ထုတ်ဝေသည်။
- မြန်မာအပါအဝင် ကမ္ဘာ့ပုံပြင်ပေါင်း ၃၀–ကျော် ပါဝင်သည်။
- မင်းယုဝေနှင့် ငွေတာရီ၏ သမီး ခင်ရီဝင်း(မဟာဝိဇ္ဇာ)က ရွေးချယ်၍ ဆီလျော်အောင် မြန်မာပြန်ဆိုသည်။
- ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီး အားလုံး နှစ်သက်စေရမည်။ အသိပညာ တိုးပွားစေရမည်။
- ပန်းချီကျော် ဦးစိန်၏ သရုပ်ဖော် ပန်းချီပုံများနှင့် ပူးတွဲ ထုတ်ဝေသည်။

## မကြာမီ ထွက်တော့မည်။

မင်္ဂလာရောင်ခြည် စာပေဖြန့်ချိရေး၊
၁၉၄၊ ၃၃–လမ်း၊ ရန်ကုန်။
ဖုန်း–၇၆၀၂၁

## မသိမေးပါ အဖြေရှာ ပညာပါရမီ

"မထင်ရာရာ ၊ ပုစ္ဆာနက်လေး ၊ ခဲခက်မေး၍ ၊ နှေးနှေး ညောင်းစောက်၊ ဆရာ့မှောက်၌၊ သောက်တုံရင်နို့၊ ခစားစို့လျက် ကိုယ်ဖို့ပညာ ၊ ပွင့်ရစာကို ၊ ရှာ၍လည်းကောင်း။"

(ပါရမီခန်း - ၉၅)

"အနက် အဓိပ္ပာယ်ကို သိသော ဆရာ၏ အထံ၌ မိမိ မသိမထင်သော အဓိပ္ပာယ်ကို သိခြင်းငှာ အဒိဋ္ဌစောဒနာ ပုစ္ဆာဖြင့် မေးမြန်း၍ ညောင်းညာခံလျက် ခစား၍ ပညာကို ယူခြင်းဟူသော ဆရာ့ရင်နို့ကို စို့သောက်လျှင် သဗ္ဗညုတဉာဏ်၏ အကြောင်း ဖြစ်သော ကိုယ်ဖို့ပညာကို ရှာ၍လည်းကောင်း။"

(ပဋ္ဌာဗျာကရဏ ပါရမီအဖြေ - ၁၉၄)

"ပညာပါရမီ ဆည်းပူးလိုသော သူသည် ရှေးဦးစွာ မိမိမှာ ပညာအခြေခံ မရှိသေးမီ ပညာရှိများထံမှ နာခံ၍သော ပညာကို ဆည်းပူးရမည်။"

(မဟာဗုဒ္ဓဝင် ၁-ဗ)

"ဖန်ဖန်မေးမူ၊ ဝတ္တုစင်စေ၊ ဣန္ဒြေညီမျှ၊ ဗာလကိုကြဉ်၊ ဉာဏ်ရှိယှဉ်မှ၊ ဆင်ခြင်နက်လှ၊ မိမုတ္တဟု၊ ဉာဏပွားကြောင်း ခုနှစ်တည်း။"

(ဆရာတော် ဦးဗုဓ်)